www.burmeseclassic.com

ချောက်ချောက်ချားချားဝတ္ထု

ကန်ဒြားရိုက

# မှားလောကကြီး


ဝိညာဉ်ဆိုး၏လိပ်ပြာခေါ်သံ



2009

www.burmeseclassic.com

www.burmeseclassic.com



ကန်လေးမိုးကျွားလောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၉၁၀၉၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၆၃၁၁၂၀၉
၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◈ ထုတ်ဝေသူ
ဦးသစ်လွင်၊ ဂန္ဓာမြိုင်စာပေ၊ (မြ-၀၉၄၈)၊ အမှတ် ၁၁၃၊ ရွှေပြည်သာလမ်း၊ ၆-ရပ်ကွက်၊ သာကေတမြို့နယ်။

◈ မျက်နှာဖုံးပုံနှိပ်
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊ အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◈ အတွင်းပုံနှိပ်
ဦးကျင်ရင် (၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်၊ အမှတ်(၁၂)၊ သရဖီလမ်း၊ စေတန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်။

◈ ဖြန့်ချိရေး
ရဲရင့်အောင်စာပေ
အမှတ်(၄၉)၊ မုန်ရဝေလမ်း၊ ဆရာစံမြောက် အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅ . ၈၃
ကန်လေးရိုးကမ္ဘာလောက်ကြီး
ဝိညာဉ်ဆို၏ လိပ်ပြာခေါ်သံ/ကန်လေးရိုးကမ္ဘာလောက်ကြီး။ ရန်ကုန်၊
ဂန္ဓာမြိုင်စာပေ၊ ၂၀၀၉ ။
၁၂၅ - စာ ၊ ၁၃၀ X ၂၀၇ စင်တီ။
(၁) ဝိညာဉ်ဆို၏ လိပ်ပြာခေါ်သံ

# ပါဝင်သော အခန်းများ

အခန်း (၁) သချိုင်းမှာ လာနေသည့်တစ္ဆေ
အခန်း (၂) လိပ်ပြာခေါ်သွားပါ
အခန်း (၃) မကျွတ်သေးတဲ့ဝိညာဉ်
အခန်း (၄) လူသားကြွေးအိုး
အခန်း (၅) မသာတင်လာသည့် ကား
အခန်း (၆) ဝိညာဉ်တို့၏ သံယောဇဉ်
အခန်း (၇) အရုပ်လုပ်ပြီး အသက်သွင်းသူ
အခန်း (၈) တစ္ဆေခေါ်သံ
အခန်း (၉) သရဲကျွေးမယ့်အစာ
အခန်း (၁၀) လိပ်ပြာကူးသည့်သူ
အခန်း (၁၁) အမျှဝေပေးပါ
အခန်း (၁၂) ပျောက်သွားတဲ့လိပ်ပြာခဲ
အခန်း (၁၃) မသေခင် လုပ်ထားသည့်အခေါင်း
အခန်း (၁၄) လာပို့ပေးတာပါ
အခန်း (၁၅) ဘဝဟောင်းက ပိုင်ရှင်
အခန်း (၁၆) လိပ်ပြာကလုံ့စား
အခန်း (၁၇) ဖိတ်လို့လာတဲ့ တစ္ဆေ
နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

### သမိုင်းမှာ လာရောက်သော တ

ညအမှောင်က ပတ်ဝန်းကျင်တစ်ခုလုံးကို မည်းမှောင်တိတ်ဆိတ်
နေသဖြင့် ချောက်ချားဖွယ်ရာ ကောင်းလွန်းသော်လည်း ကုတ်အကျႌဖားဖား
ကိုဝတ်ကာ လက်ထဲတွင် သွေးစွန်းနေသောဓားတစ်လက်ကို ကိုင်ထားသော
မည်းမည်းအရိပ်ကြီးက သချႋုင်းဘက်သို့ တရွေ့ရွေ့သွားနေသည်။

'အူး ‥ အူး ‥ အူး'

ခွေးများကလည်း သူ့ကိုကြည့်ကာ အဆက်မပြတ် အူကြသော်
လည်း … အနားသို့ မကပ်ရဲ။ လက်ထဲက ဓားမှလည်း သွေးစက်တို့က
လမ်းတစ်လျှောက် တစက်စက်ကျနေသည်။

သခ္ချိုင်းသုံးပင်သချိႋုင်းမှာ ဝါးပင်၊ နှစ်ရှည်ပင်များ အုံ့ဆိုင်းဆိုင်
ပေါက်နေပြီး သချႋုင်းအဝင်ဝတည့်တည့်တွင် သခွပ်ပင် သုံးပင် ဖိုခနောင့်ဆိုင်
ပေါက်နေသည်ကို အစွဲပြုပြီး ကျိုက်ဝန်းမြို့မှလူတွေက သခွပ်သုံးပင်သချႋုင်
ဟု ခေါ်ဝေါ်ကြခြင်းလည်း ဖြစ်သည်။

ကျိုက်ဝန်းမြို့၏ … မြို့သက်တမ်းကလည်း မနည်းတော့။ ဟံသ
ဝတီမွန်မင်းများ၏ စစ်ရေးဗျူဟာကျခဲ့သည့် မြို့ဖြစ်သည့်အလျောက် … မြ





ဘွက်တည်ပုံ၊ ဘုရားဇရပ်ကျောင်းကန်နှင့် လယ်ယာစိုက်ပျိုးရေးတို့ကို ရှေး
အစဉ်အဆက်မှပင် တည်ရှိလုပ်ကိုင်လာသဖြင့် လွန်စွာ စည်ကားလှသည်။

အရှေ့ဘက်တွင် တနင်္သာရီရိုးမတောင်တန်း၊ အနောက်ဘက်တွင်
သံလွင်မြစ်နှင့် တောင်နှင့်မြောက်သွယ်တန်းထားသော အဝေးပြေးကားလမ်း
ရှိသောကြောင့် အလွန်စည်ကားသော မြို့တစ်မြို့ဖြစ်၏။

ကျိုက်ဝန်းမြို့မှ သေသူမှန်သမျှကို သခွပ်သုံးပင်သချႋုင်းသို့သာ
သွားရောက်သင်္ဂြိုဟ်ကြသည်။

ထူးခြားသည်က … သခွပ်သုံးပင်သချႋုင်း၏ သုသာန်စောင့်မှာ
သောကျော်းမဟုတ်ဘဲ ဒေါ်ကြာဥဆိုသည့် အမျိုးသမီးကြီးဖြစ်နေသည်။

ယခင် သုသာန်စောင့်သည့် သုဘရာဇာကိုဖိုးနီမှာ သရဲ လည်ပင်း
ညှစ်သတ်၍ သေသလိုလို၊ ညဘက် မသောကျင်းတူးရာမှ သူ့ကျောကို
… လက်မည်းကြီး တစ်ချက်တည်း ရိုက်သတ်လိုက်၍ သေသလိုလိုနှင့်
ရုတ်တရက်သေဆုံးပြီးကတည်းက သခွပ်သုံးပင်သချႋုင်းတွင် ဘယ်က
ရောက်လာမှန်းမသိသည့် ဒေါ်ကြာဥဆိုသည့် အမျိုးသမီးကြီးက သုသာန်
စောင့် ဝင်လုပ်ခဲ့သည်။

သခွပ်သုံးပင်သချႋုင်းမှာ သရဲအလွန်ခြောက်သည်ဟု နာမည်ကြီးပြီး
ဝိညာဉ်တို့၏ပျော်စံရာ ဖုန်းဆိုးမြေလည်း ဖြစ်သည်။

နာရေးဖြစ်၍ မြေမြှုပ်သင်္ဂြိုဟ်ဖို့ကို သုသာန်စောင့် ဒေါ်ကြာဥထံ
သာပြောဖို့ကိုပင် ယောက်ျားသုံးလေးဦးခန့် နေ့လယ်ခင်းတွင် လာရောက်ပြော
ကြသည်။

တစ်ဦးတစ်ယောက်တည်း လာမပြောရဲကြ။

ဒေါ်ကြာဥ ရုပ်ရည်ကလည်း သခွပ်ပင်သချႋုင်းထဲမှ သရဲများလိုပင်
… ကြောက်စရာကောင်းသည်ဟု ကျိုက်ဝန်းမြို့မှလူတွေက မှတ်ချက်ပြုကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



အသားအရောကလည်း မည်းစာ့ကာ မဖြီးဘဲထားသော ဆံပင်တို့မှာ အဖြူရော အနက်ပါ ရောထွေးနေပြီး ဆိုးရွားလှသောမျက်နှာပေါက်မှာ ကျောက်ပေါက်ရာတို့က နေရာအနှံ့ပင် ရှိနေသည်။

သူနေထိုင်ရာ တဲက သချိုင်းအဝ သခွပ်သုံးပင်နှင့် မနီးမဝေးတွင် ရှိကာ သူ အဖော်ပြုနေထိုင်သော တစ်ခုတည်းသော သက်ရှိသတ္တဝါမှာ ... နက်ကျော်ဟူသော ခွေးနက်ကြီးပင်ဖြစ်၏။

ထိုခွေးနက်ကြီး၏ ထူးခြားချက်မှာ ညသန်းခေါင်အချိန် သချိုင်းသို့ ... လာရာလမ်းကို ကြည့်ကာ အူလိုက်သည်နှင့် နောက်တစ်နေ့တွင် မသာ မြေမြှုပ်ဖို့ကို မြို့ထဲကလူတွေ လာပြောကြပြီ၊ ဒေါ်ကြာဉက နက်ကျော်အူလျှင် ဘယ်တော့မှ မဟာန်။ လူတွေသေလျှင် မြေမြှုပ်သင်္ဂြိုဟ်ပေးဖို့က သူ့တာဝန် မဟုတ်လော။

အခုညတော့ ... ထူးထူးခြားခြားနက်ကျော် အူတာမဟုတ်ဘဲ ဟောင်နေသည်။

'ဝုတ် .. ဝုတ် .. ဝုတ်'

"ဟဲ့ ... နက်ကျော် ... ဘာဖြစ်နေတာလဲ"

ဒေါ်ကြာဉဟန့်လိုက်သော်လည်း နက်ကျော်က ဟောင်မြဲဟောင် နေသည်။

'ဝုတ် .. ဝုတ် .. ဝုတ်'

"ဟင် ... ဒီခွေးကတော့ ငါ့ကို အိပ်ရေးပျက်အောင် လုပ်နေပြီ"

ညည်းညည်းညူညူပြောဆိုရင်း လှဲနေရာမှထကာ မီးခြစ်ရှာပြီး ရေနံဆီမီးခွက်ကို ထွန်းလိုက်၏။

'ရှုပ် .. ရှုပ် .. ရှုပ်'

'ဝုတ် ဝုတ် .. ဂီး'

ခြေသံတစ်စုံကို ပြက်ပြက်ထင်ထင်ကြားလိုက်ရပြီး ... နက်ကျော်၏





အပြင်းအထန် ထိုးဟောင်မာန်ဖီသံကို ကြားလိုက်ရ၍ မီးခွက်ကိုကိုင်ပြီး တဲအောက်သို့ ဆင်းလာရာ ...

"ဟင်"

"နင်ဘယ်သူလဲ"

မီးရောက်အောက်မှာ မြင်ရသောမြင်ကွင်းကြောင့် သုသာန်စောင့် ဒေါ်ကြာဉပင် ကြက်သီးများထကာ မေးလိုက်သည်။

"ကျွန်မ ... ဘယ်သူလဲ မဖြေခင်၊ ကျွန်မကို နေရာပေးပါ"

"သချိုင်းပဲ ... ကြိုက်တဲ့နေရာ နေပေါ့၊ ငါက နေရာပေးပိုင်ခွင့် မရှိဘူး"

ဒေါ်ကြာဉစိတ်ထဲ ဘယ်ဂုသရဲတစ္ဆေ ဒီသချိုင်းမှာ နေရာလာ တောင်းနေတာလဲဟု ... တွေးမိပြီး ပြောလိုက်သည်။

"ကျွန်မ နေစရာရဖို့ သိပ်ခက်ခဲနေတယ်၊ မြို့ထဲက ဘယ်နေရာမှ လက်မခံဘူး ... ကျွန်မကို အဒေါ့်သချိုင်းမှာ လက်ခံပါ"

သရဲတစ္ဆေများ အရုပ်ဆိုးလှသည်ဟု ကြားဖူးသော်လည်း ... သူ ဒီသချိုင်းမှာ သုသာန်စောင့်လုပ်ခဲ့သည့် ကာလပတ်လုံး အခုလို အထင်အရှား တွေ့ကြုံဖူးခဲ့။

အခုလက်တွေ့ကြုံလာတော့ ... သူပင် ထွက်ပြေးချင်စိတ် ပေါက် လာသည်။ အခုတွေ့သည့် အရိပ်မည်းမည်းကြီး၏ မျက်နှာပေါက်မှာ လွန်စွာ ဆိုးရွားလှပြီး မျက်လုံးတစ်ဖက်က ပျက်၍ပင် နေသည်။

ထူးခြားသည်က ဆံပင်များပင်ဖြစ်၏။

နက်မှောင်ရှည်လျားလှပြီး အံ့ကောင်းကာ ကျောလယ်သို့ ... ဖားလျားချထားပြီး အင်္ကျီရှည်ဖားဖားကြီးနှင့် လုံချည်ရှည်အနက်တို့ကို ဝတ် ဆင်ထားကာ လက်တွင်ကိုင်ထားသည့် ဓားမှာလည်း သွေးများစွန်းနေကာ နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဥ ... သူ့ကို အမုန်တကယ်လိုအပ်လို့ နေရာတောင်းနေသည်ဟု တွေးထင်လိုက်ပြီး ...

"နှင်နေချင်ရင် ငါ့တဲနောက်က လက်ပံပင်မှာနေ၊ သချိုင်းလာတဲ့ လူတွေတော့ မနှောင့်ယှက်နဲ့"

"စိတ်ချပါ"

ပြောကာ ... အိမ်အနောက်ဘက် လက်ပံပင်ကြီးဆီသို့ တရွေ့ရွေ့ သွားလေတော့သည်။

❁ ❁ ❁

အခန်း (၂)

လိပ်ပြာငယ်ဒုက္ခ

ကိုကောင်းဆက် အိမ်ကိုလာသည့်ဧည့်သည်များကို ဒိုင်ခံ ဧည့်ခံစကားပြောနေရသဖြင့် အတော်ပင် မောလာသည်။ မပြောလို့ကလည်း မဖြစ်။ သူကိုယ်တိုင်က နာရေးရှင်မဟုတ်လား။

"ဘယ်လိုဖြစ်တာလဲ ကိုကောင်းဆက်ရယ် ... ခင်ဗျားဇနီး အကောင်းကြီးကနေ ရုတ်တရက် ဆုံးသွားရတယ်လို့ဗျာ၊ ကြားကြားချင်း ကိုယ့်နားတောင် ကိုယ်မယုံချင်ဘူး"

"ဒီလို ရုတ်တရက်ဆုံးသွားမယ်လို့ ကျွန်တော် ဘယ်ထင်ပါ့မလဲ၊ ကြည်မေက သိပ်မျိုသိပ်တတ်တယ် ကိုမင်းသူ၊ သူမှာ နှလုံးရောဂါရှိနေတာကို ကျွန်တော် လုံးဝမရိပ်မိခဲ့ဘူး"

ကိုကောင်းဆက်ရဲ့ ဝမ်းနည်းသည့်လေသံဖြင့် ပြောသည့်စကားကြောင့် ကိုမင်းသူက စိတ်မကောင်းစွာဖြင့် ...

"ကိုကောင်းဆက် လက်ပေါ်မှာပဲ ဆုံးတာလား"

"မဟုတ်ဘူး ကိုမင်းသူ ... ကျွန်တော် ညက အိမ်ပြန် နောက်ကျမှ တယ် အိမ်ရောက်လို့ အိပ်ခန်းထဲဝင်တော့ အိပ်ရာပေါ်မှာ ... ကြည်မေ

www.burmeseclassic.com



လဲနေတာနဲ့ အတင်းလှုပ်ပြီးခေါ်ကြည့်တော့ အသက်မရှိတော့ဘူး''

''ဖြစ်ရလေဗျာ ... နှလုံးရောဂါသမားတွေက ဒီလိုပဲ ... အ
ကောင်းနေပေမယ့် ရုတ်တရက် ရောဂါထဖောက်ရင် အသက်ပါသွားတာပဲ''

ပွဲဈေးသောကများ ထင်ဟပ်နေသော ကိုကောင်းဆက်ကို သူ့မိတ်
ဆွေများက ဝိုင်းဝန်းနှစ်သိမ့်ပေးကြ၏။

ကိုကောင်းဆက်ကတော့ ... သူ့မိန်းမ ကြည်မေဦးကို ထည့်ထား
သည့် အခေါင်းကြီးကို တွေတွေကြီး ကြည့်နေလေသည်။

''ကိုကောင်းဆက် ... အလောင်းကို ဘာလို့ ချက်ချင်းချမှာလဲ
... သူ့မိဘတွေကို မစောင့်တော့ဘူးလား''

''ကြည်မေ့မိဘတွေက မော်လမြိုင်မှာနေတာ ... အကြောင်းကြား
တာနဲ့ လာမှာနဲ့ဆို သုံးရက်ထားလည်း မီမှာမဟုတ်ဘူး၊ ကျွန်တော်လည်း
ကြည်မေ့အလောင်းကို ကြည့်ပြီး မခံစားနိုင်ဘူးဗျာ''

''ဪ''

အားလုံးက ကရုဏာသက်စွာနှင့် ကိုကောင်းဆက်ကို နားလည်ပေး
ကြသည်။ ကိုကောင်းဆက်က အထူးတလည် အကြောင်းမကြားသည့်တိုင်
ကျိုက်ဝန်းမြို့က နာမည်ကြီး စားသောက်ဆိုင်ပိုင်ရှင်၏ဇနီး ဆုံးတာ
သတင်းမေးသူများ တဖွဲဖွဲ ရောက်လာကြ၏။

နေ့လယ်ခင်းရောက်သောအခါ ...

မသာတင်သည့်ကား ရောက်လာပြီး အလောင်းကိုတင်၍ ရှေ့မှ
သွားပြီး ... မသာလိုက်ပို့သူများ စီးသည့်ကားက နောက်မှလိုက်ကာ သင်္ချိုင်း
သုံးပင်သင်္ချိုင်းသို့ ဝင်လာကြသည်။

သင်္ချိုင်းစောင့် ဒေါ်ကြာဥက မသာကိုမြှုပ်မည့် ကျင်းနှုတ်ခမ်းတွင်
ရပ်ကာ ခဲလုံးတချို့နှင့် ထမ်းလာသည့် မသာအခေါင်းကို ပေါက်လိုက်သည်။
ပါးစပ်မှလည်း ...





''နောက်လာဦးမလား''

''နောက်လာဦးမလား''

''နောက်လာဦးမလား''

''မလာတော့ဘူး''

''မလာတော့ဘူး''

''မလာတော့ဘူး''

အခေါင်းထမ်းလာသူများက သံပြိုင်အော်ရင်း မသာမြှုပ်ရန် ကျင်းဝ
နားသို့ ရောက်လာခဲ့ကြသည်။ အခေါင်းကို ကျင်းဝတွင် ချပြီးသောအခါ
ဒေါ်ကြာဥက ...

''ကဲ ... မသာရှင် ... ခေါင်းထဲကအလောင်းကို ကြည့်ဦးမလား''

''နေ ... နေပါစေတော့ ... ကျွန်တော့်ဇနီးကို မကြည့်ရက်တော့
ပါဘူး။ မြေသာ မြှုပ်လိုက်ပါ၊ ကျွန်တော် မခံစားနိုင်လွန်းလို့ ... သွားပေဦး
တော့ ကြည်မေရေ''

ကိုကောင်းဆက် ပြောလည်းပြော ... မျက်လုံးထဲက မျက်ရည်များ
စီးကျလာတာကြောင့် မသာပို့သူများပင် မျက်ရည်လည်လာတော့သည်။

ဒေါ်ကြာဥက အဲခေါင်းကို ပေါက်တူးဖင်နှင့် သုံးချက်ခေါက်ပြီး

''နင့်ယောကျ်ားကတော့ နင့်ကို မြန်မြန် မြေကြီးထဲ ရောက်ချင်နေပြီ
ဝါထင်တာ မလွဲဘူးဆိုရင် ဒီကောင့်မှာ မယားငယ်ရှိနေပြီ၊ ကဲ ကဲ ... နင်
မြေကြီးထဲမှာသာ စိတ်အေးလက်အေး အနားယူတော့''

''ဟာ ... ဒီအဘွားကြီး''

ကိုကောင်းဆက် ဒေါသထွက်ကာ ဒေါ်ကြာဥကို လက်ဖြင့် ရွယ်
လိုက်သည်ကို အနီးအနားရှိ သူ့အပေါင်းအသင်းများက ဝိုင်းဆွဲထားလိုက်
သည်။

''ဟား ဟား ဟား ... မသာတွေ ငါမြေမြှုပ်ခဲ့တာ များပြီ ဒီမသာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်လောက် အခေါင်းကို မြေမြန်မြန်ကျစေချင်တာ မရှိဘူး''

ခေါ်ကြာဉရဲ့အသံက မသာလာပို့သူအားလုံးရဲ့ အသံတချို့ကို ဖုံးသွားသည်။ ထို့နောက် ... အခေါင်းကို မသာလာပို့သူ ယောက်ျားတချို့၏ အကူအညီဖြင့် ကျင်းထဲသို့ချကာ အပေါ်မှ မြေကြီးများကိုဖုံးလိုက်ပြီး မကြာမီ သင်္ဂြိုဟ်ကိစ္စ ပြီးသွားသည်။

ခေါ်ကြာဉက မြေပုံပေါ်မှ ခဲတစ်လုံးကိုကောက်ကာ ...

''မသာရှင် ... လိပ်ပြာမခေါ်သွားဘူးလား''

''ခင်ဗျား ... ဘာတွေ လာပြောနေတာလဲ ... မခေါ်ဘူးဗျာ၊ သေတဲ့လူလည်း သေနေပြီပဲ ... သချိုင်းမှာပဲ ထားလိုက်''

''အေး ... ရတယ် ... နင်မခေါ်သွားရင် ငါကိုယ်တိုင် လာပို့မယ် ... ခုနစ်ရက်ပြည့်ရင် တရားမနာရမှာ စိုးလို့''

''ဒီအဘွားကြီးတော့ ...''

''လာပါ ကိုကောင်းဆက်ရယ် ... ဒေါ်သ သိပ်မထွက်ပါနဲ့ သွားကြမယ်''

အပေါင်းအသင်းများက အတင်းဆွဲခေါ်သွား၍ ကိုကောင်းဆက် ကန့်လန့် ကန့်လန့်နှင့် ပါသွားသော်လည်း သချိုင်းစောင့် ခေါ်ကြာဉအပေါ် မကျေမနပ်ဖြစ်ကာ တောက်တစ်ချက် ခေါက်လိုက်၏။

'တောက်'

''စိတ်ထိန်းပါ ကိုကောင်းဆက်ရယ် ... ဒီအဘွားကြီးက ဦးနှောက်မှန်တာ မဟုတ်ဘူး ... သူပြောချင်ရာ စွတ်ပြောတာ''

''ကျွန်တော် ကြည်မေ့ကို ဘယ်လောက်ချစ်လဲ ... ကိုမင်းသူတို့ သိပါတယ်၊ မယားသေလို့ ပူဆွေးနေရတဲ့သူကို ပြောတဲ့စကားက ဘယ်လောက်ခံရခက်လဲ''

''အေးဗျာ ... ကျွန်တော်တို့ နားလည်ပါတယ်''

❋ ရဲရင့် အောင် ဓ ထ ❋



''သူပြောတဲ့ ... လိပ်ပြာခေါ်သွားဆိုတာကလည်း အဓိပ္ပာယ် ထုံးဝ မရှိဘူး ကျွန်တော် ယုံလည်းမယုံဘူး ဒီခေတ်ကြီးမှာ ဒါတွေ [illegible]''

''ဟုတ်ပါတယ်''

ကိုကောင်းဆက်ရဲ့စကားကို မသာပို့ပြီး ပြန်လာသူတချို့က ထောင်ခဲ့သော်လည်း သူတို့အိမ်နားက ရှေ့မီနောက်မီ အဘိုးဘာဇံက ...

''မောင်ကောင်းဆက်တွေးတာ တချို့နေရာတွေမှာ လမ်းကြောင်းလွဲနေတယ်၊ ဘာသာရေးအရပဲ ကြည့်ကြည့်၊ လောကုတ္တရာအရပဲ ကြည့်ကြည့် အစဉ်အလာကို မဖျက်ကောင်းဘူး''

''အဘတို့ခေတ်လို မဟုတ်တော့ဘူးဗျ''

''ဘယ်ခေတ်မှာပဲဖြစ်ဖြစ် ဘုရားဟောတဲ့ သုံးဆယ့်တစ်ဘုံဟာ မှန်နေမှာပဲ၊ သူတို့ကို အမျှပေးဝေချင်ရင် ကိုယ်က ဖိတ်ရတယ်၊ ကိုယ်က ခေါ်ဖိတ်မိလို့ အမျှဝေတာကို မရရင် သက်ဆိုင်တဲ့နေရာမှာ စိတ်ရဲ့စွဲလမ်းမှုနဲ့ ခကျွတ်မလွတ်ဖြစ်နေတော့တာပဲ၊ သုဘရာဇာမကြီးပြောတာက သေသူ အမျှရစေချင်တဲ့သဘောပါ''

အဘဦးဘဇံပြောတဲ့ စကားကို မကြားဟန်ပြုပြီး ကိုကောင်းဆက် မျက်နှာကို တစ်ဖက်သို့ လွှဲကာနေလိုက်လေတော့သည်။

❋ ❋ ❋

❋ ရဲရင့် အောင် ဓ ထ ❋

www.burmeseclassic.com

## အခန်း (၃)

## ကျော်ကြားသော ဝိညာဉ်

ကြည်မေဦးနာရေး ခုနစ်ရက်ပြည့်သောအခါ ... မဟာဗောဓိကျောင်းမှ သံဃာတော်ငါးပါးကို ပင့်၍ ဆွမ်းကပ်လှူပြီး အိမ်အနီးဝန်းကျင်နှင့် ရင်းနှီးသည့်မိတ်ဆွေတချို့ကို ဖိတ်ကာ ရက်လည်ဆွမ်းသွတ်လုပ်၏။

နံနက်ဆယ်နာရီလောက်အချိန်တွင် ... ကိုကောင်းဆက်၏ခြံဝသို့ လွန်စွာစုတ်ပြတ်နေသော အဝတ်အစားများကို ဝတ်ထားသော ခေါင်းပေါင်းနှင့် အဘွားအိုတစ်ဦး ရောက်လာသည်ကို မြင်သောအခါ ...

"ဟောကောင် ဖိုးအေး ... ဟိုအဘွားကြီးက ဘာလာလုပ်တာလဲ ... မေးလိုက်၊ ခြံထဲအဝင်မခံနဲ့ ... ရုပ်ကိုက ကျက်သရေမရှိဘူး"

ကိုကောင်းဆက်က တပည့်ဖြစ်သူ ဖိုးအေးကို စုံစမ်းခိုင်းရာ ဖိုးအေးက ခြံဝသို့ အလျင်အမြန်သွား၍ အဘွားအိုကိုမေးပြီး အိမ်ထဲရှိ ကိုကောင်းဆက်ထံ ပြန်လာသည်။

"အစ်ကို ... အစ်မကြည်မေဦးရဲ့ အမျိုးတွေက လူကြုံပေးခိုင်းလိုက်တာတဲ့"

"ဟင် ... ဘာလဲ ... ဘာတွေ ပေးလိုက်တာလဲ"



www.burmeseclassic.com


"မသိဘူး အစ်ကို ... အဘွားကြီးလက်ထဲမှာ ယွန်းဘူးလေးတစ်ဘူး ကိုင်ထားတယ် ... အထဲမှာ ရွှေတွေများ ပါလားမသိဘူး၊ အစ်မရဲ့ အမျိုးတွေက သူဌေးတွေမဟုတ်လား"

"အေး ... ပေးတာ ယူလိုက်၊ အဘွားကြီးကိုတော့ ခြံထဲ အဝင်မခံနဲ့ ... မောင်းထုတ်လိုက်"

"ဟုတ်ကဲ့"

အဘွားကြီးဆီသို့ ဖိုးအေးသွားပြီး ...

"ဘာပေးလိုက်လဲ ... ပေးထားခဲ့"

"အေးပါကွယ် ... ငါကလည်း ပေးစရာရှိတာ ပေးချင်လို့ လာတာပါ ... ရော့ ရော့"

လက်ထဲက ယွန်းသေတ္တာလေးကို ဖိုးအေးကိုပေးပြီး လမ်းထိပ်ဘက်သို့ အဘွားအို ထွက်သွားလေသည်။ ဖိုးအေးက ယွန်းသေတ္တာလေးကို ယူလာပြီး ကိုကောင်းဆက်လက်ထဲသို့ ထည့်ပေးလိုက်၏။ ရက်လည်ဆွမ်းသွတ်လာသူအချို့ ရှိနေသေးသောကြောင့် ... ချက်ချင်းဖွင့်မကြည့်သေးဘဲ အိပ်ခန်းထဲသို့ ယူလာကာ ခုတင်ပေါ်တွင်တင်ထားပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

"ကိုကောင်းဆက် ... ကျွန်တော် ခရီးသွားနေတာနဲ့ နာရေးတောင် လိုက်မပို့ဖြစ်ဘူး"

"ရပါတယ် ကိုမျိုးရယ် ... အခုတစ်ခေါက် ဘယ်ကပြန်လာတာလဲ"

"မြဝတီဘက်ကာဗျ"

"အလုပ်ကိစ္စ အဆင်ပြေတယ်မဟုတ်လား"

"ပြေတာတော့ ပြေမနေနဲ့ ... ခင်ဗျားအတွက် အသုံးတည့်မယ့် အရိုင်းတုံးလေးတွေတောင် ပါလာတယ်"

www.burmeseclassic.com

"ကြည့်ရသေးတာပေါ့ဗျာ"

ကိုမျိုးဦးက သူနှင့် မိတ်ဆွေရင်းများဖြစ်သလို စီးပွားဖက်လည်းဖြစ် နေ၍ ညည်းညည်းက ဘယ်အရာမဆို အကွက်ကျကျလုပ်တတ်သဖြင့် . . . စီးပွားရေးလောကမှာ နာမည်တစ်လုံး ရနေသူလည်းဖြစ်သည်။

"ခင်ဗျား နာရေးဖြစ်နေတော့ ဆိုင်ပိတ်ထားရတာပေါ့"

"ခပိတ်ဘူး ကိုမျိုး . . . မန်နေဂျာ ခိုင်ဇော်ရှိတယ်လေ၊ သူက ချောင်းနာလှဲ့လို့ ရပါတယ်"

"ဟုတ်တယ် . . . ခိုင်ဇော်က လူကောင်းဗျ . . . ခင်ဗျား ကောင်း ကောင်းသာ မွေးထား"

"ဟုတ်တယ် ကိုမျိုး . . . ဒီကောင့်ကိုပဲ အားကိုးနေရတယ်"

"ဒါနဲ့ . . . ခင်ဗျား အယ်ဖေရှင်းခွေးကြီးနှစ်ကောင် မတွေ့ပါလား . . . လူများလို့ အခန်းထဲမှာ လှောင်ထားတာလား"

ကိုမျိုးဦးစကားကြောင့် ကိုကောင်းဆက် မျက်နှာတစ်ချက်ပျက် သွားပေမယ့် ချက်ချင်းပဲ ပြုံးကာ . . .

"မိတ်ဆွေတစ်ယောက် ရောက်လာပြီး . . . အတင်းဝယ်လို့ ရောင်း လိုက်တယ်"

"ဟာဗျာ . . . နမြောစရာ၊ ဒီကောင်ကြီးတွေက သိပ်ချစ်စရာ ကောင်းပါတယ်ဗျာ"

"ကျွန်တော်လည်း မရောင်းချင်ဘူး . . . ရန်ကုန်ကနေ တကူးတက လာဝယ်တော့ အားနာတာနဲ့ ရောင်းလိုက်တာ"

"အေးဗျာ . . . မိတ်ဆွေဆိုတော့ ဘယ်တတ်နိုင်မလဲ"

ခွေးချစ်တတ်သူပီပီ ကိုမျိုးဦးက . . . နမြောျမဆုံး၊ ထို အယ်ဖေ ရှင်းများကို သားခွဲစအရွယ်လေးမှပင် . . . သူကိုယ်တိုင် မဲဆောက်ဘက်က ဝယ်ပေးခဲ့သည်မဟုတ်လား . . .။





"စကားကောင်းနေလိုက်တာ၊ ကျွန်တော်ပြန်ဦးမယ် ကိုကောင်း ဆက် . . . ညကျမှ ဆိုင်ကိုလာခဲ့မယ်"

"အိုကေ . . . ပန်းကုံးများများ ချန်ထားမယ်"

"ချန်ထား . . . ခရီးသွားနေတဲ့ ရက်တွေအတွက် အတိုးချပြီးကို အားပေးမြှင့်မယ်"

ကိုမျိုးဦး ပြန်သွားသောအခါ ဧည့်သည်တချို့နှင့် စကားပြောနေ ဆက်ပြီး နေ့လယ်ဆယ့်နှစ်နာရီထိုးသောအခါ လူလုံးဝရှင်းသွားသဖြင့် အိမ် အခါးပိတ်ကာ ဖိုးအေးကိုခေါ်ပြီး ဆိုင်သို့ထွက်လာခဲ့တော့သည်။

ဆိုင်သို့ သူရောက်သည်နှင့် မန်နေဂျာခိုင်ဇော်မှ သူ မရောက်သည့် ရက်များက စာရင်းတို့ကိုပြသဖြင့် . . . စာရင်းများကို တစ်ခုချင်း စစ်နေလိုက် သည်။

ညနေစောင်းရောက်လာချိန်တွင် အဆိုအဖွဲ့ ကောင်မလေးများ ဆိုင်သို့ရောက်လာကြ၏။

"ဦး . . . ဒီနေ့မှ အလုပ်လာတာလား။ အိမ်က လေဒီကြီးကိစ္စတွေ ပြီးပြီလား"

"ပြီးပြီ ကေသရီ . . . ဒီရက် အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"

"ကေသရီတို့ကတော့ ပြေပြီးသားပဲ ပန်းကုံးတွေကတော့ ရသလား မမေးနဲ့"

"ကောင်းတာပေါ့"

"ကေသရီရဖို့ထက် ဦးရဖို့က ပိုအရေးကြီးပါတယ်၊ ဦး အဆင်ပြေမှ ကေသရီတို့ ရေရှည်အလုပ်လုပ်နိုင်မှာလေ"

"ဟုတ်ပါသေးယ်ဗျာ"

ကေသရီက သူ့ဆိုင်မှာ အဆိုအဖွဲ့ခေါင်းဆောင်၊ ရုပ်ရည်ကလည်း ချောမောလှပသလို အပြောအဆိုကလည်း ညက်ညောလှ၏။


www.burmeseclassic.com

www.burmeseclassic.com



''ဦးကို မေးရဦးမယ် ... လေဒီကြီးသေတာ ခြောက်လားဟင်''

''ဟင့်အင်း ... မခြောက်ပါဘူး''

''အရပ်ရက်တွေက အကြောင်းမဟုတ်ဘူး ... အရုညက နှစ်ရှည် ပြည့်တဲ့ ညလေ၊ ဦး သတိထား ... လေဒီကြီးက ဦးကို လာနှုတ်ဆက်လိမ့် မယ်''

''နှုတ်ဆက်တော့လည်း ဦးက လက်ပြလိုက်မှာပေါ့''

''မနောက်နဲ့ ဦး ... ကေသရီ တကယ်ပြောတာ။ လေဒီကြီးက ဦးကို သိပ်ချစ်တာလေ၊ လေဒီကြီးလိပ်ပြာရော သချိုင်းကို ပြန်ပို့ပြီးပြီလား''

''နဂိုတည်းက ယူကို မလာတာ''

''အဲဒီလို မလုပ်ရဘူး။ ယူလာ ... အိမ်မှာ ရက်လည်တဲ့အထိ ထား၊ ရက်လည်တဲ့နေ့ ညနေစောင်းရင် နင့်ကိုပြန်ပို့မယ်ဆိုပြီး သချိုင်းမှာ သွားထားရတယ်''

ကေသရီ ရှင်းပြတာကို ကိုကောင်းဆက် ကြည့်ပြီးရယ်သည်။ ပြီးတော့ ...

''ဦးအသက် သုံးဆယ်ကျော်, လေးဆယ်နီးပြီ၊ ဒီနေ့ထက်ထိ သရဲတစ္ဆေ မတွေ့ဖူးသေးဘူး၊ တွေ့ခဲ့ရင် အတွေ့အကြုံအသစ် ရတာပေါ့''

''ဦး တစ်ယူမသန်နဲ့ ... ဦး အမွေပေးတာ လေဒီကြီး မရှိရင် ဦးကို လာနှောင့်ယှက်လိမ့်မယ်''

''ဦးမကြောက်ပါဘူး''

''အဲဒါတော့ ဦးသဘောပဲ ... ကေသရီ အဝတ်အစား သွားလဲ လိုက်ဦးမယ်''

သူ့ရှေ့ခုံမှ ထသွားသော ကေသရီကိုကြည့်ကာ ပြုံးလိုက်၏၊ မိန်း ကလေးတွေက ဒီလိုပါပဲ ... မရှိတာကို အရှိထင်ပြီး ကြံဖန်ကြောက်နေ ကြတာပဲ တွေးလိုက်လေသည်။





စားသောက်ဆိုင်က စင်တင်တေးဂီတနှင့် ဖျော်ဖြေတာမို့ ညဉ့်နက် သည်အထိ လူက မစဲသေး၊ ညဆယ့်တစ်နာရီကျော်လာတော့ ... မန်နေဂျာ အိုင်ဇက်ကို ထားခဲ့ပြီး၊ ဖိုးအေးကိုခေါ်ကာ ကိုကောင်းဆက် အိမ်သို့ပြန်လာ ခဲ့သည်။

ဆိုင်က မြို့အထွက်မှာရှိတာမို့ ... အိမ်ကို ကား မိနစ်နှစ်ဆယ်ခန့် မောင်းရသည်။

အိမ်သို့ရောက်လာကြပြီး ကိုကောင်းဆက် ... အခန်းထဲသို့ ဝင်မည် အလုပ်တွင် ...

''ဟင် ... ခုတင်ပေါ်မှာ ဘယ်သူအိပ်နေတာလဲ''

အခန်းမီး မဖွင့်ရသေး၍ အမှောင်ထဲတွင် သူနှင့် သူ့ဖနီး ကြည့်မှေး အိပ်သည့် ခုတင်ပေါ်တွင် မည်းမည်းသဏ္ဍာန်က ဝင်ရောက်အိပ်နေသည်ကို တွေ့ရသည်။

သူ မျက်စိမှားတာလား။ မဖြစ်နိုင်။ မိန်းမတစ်ယောက်။

''ဖိုးအေးရေ ... ဖိုးအေး''

ဖိုးအေးကို အသံကုန်ဟစ်ကာ အော်ခေါ်လိုက်၏။ မီးခလုတ်ကို နှိပ်လိုက်ရာ အခန်းမီးက လုံးဝမလာ။

''မီးချောင်းကျွမ်းနေတာများလား''

အခန်းထဲသို့လည်း မဝင်ရဲ၊ အပြင်မှသာ ဖိုးအေးအလာကို စောင့် နေလိုက်သည်။

''အစ်ကို ... ဘာခိုင်းမလို့လဲ''

''ဟော့ကောင် ... ငါ့အခန်းထဲကို ကြည့်လိုက်စမ်း''

သူ ဖိုးအေးကို အခန်းထဲသို့လက်ညှိုးထိုးပြီး ခုတင်ပေါ်တွင် အိပ် နေသော မည်းမည်းသဏ္ဍာန်ကြီးကို ပြလိုက်၏။

''ဟာ ... အစ်ကို ... သရဲ သရဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်းလာမှ ပိုဆိုးနေတယ်၊ လာ ... အခန်းထဲ ဝင်ကြည့်မယ်"

"မလုပ်ပါနဲ့ ဆရာ ... ကျွန်တော် မကြည့်ရဲဘူး"

"ဒီကောင်တော့ ခက်တာပဲ"

ဖိုးအေးက အခန်းကိုကျောခိုင်းကာ အသံတုန်၊ အသားတုန် ဖြစ်နေသဖြင့် သူ့ကို ပြန်ဖျောင်းဖျနေရသည်

"ကဲ ... ဒါဆို ငါ ညှော်ခန်းကဓာတ်မီး သွားယူဦးမယ် ... မင်း ဒီမှာ ခဏနေခဲ့"

"မနေရဲဘူး ... ကျွန်တော်လည်း အိမ်ရှေ့ထွက်လိုက်ခဲ့မယ်"

ဖိုးအေးနှင့်အတူ ညှော်ခန်းက ဓာတ်မီးကိုယူလာပြီး အခန်းဝမှနေ၍ အထဲသို့ မီးထိုးကြည့်လိုက်ရာ ...

"ဟင်"

ခုတင်ပေါ်တွင် အရိပ်မည်းကြီးကို မတွေ့တော့ပေ။

"မရှိတော့ဘူး အစ်ကို ... ဟိုအဘွားကြီးပေးခဲ့တဲ့ ယွန်းဘူးလေးပဲ ရှိတယ်"

"ဟင် ... ပြတင်းပေါက်တံခါးပွင့်နေပါလား ဖိုးအေး၊ ဆိုင်သွား ခါနီး တံခါးတွေ မပိတ်ခဲ့ဘူးလား"

"ပိတ်ခဲ့တယ် အစ်ကို"

ကိုကောင်းဆက် အခန်းထဲက ဓာကြည့်မီးကိုဖွင့်လိုက်ပြီး ခုတင်ပေါ် သေချာလိုက်ကြည့်သည်။

"ဟာ ... ယွန်းဘူးက ပွင့်နေပါလား၊ ဒါ ဘာလဲ ... ရွှံ့နဲ့လုပ် ထားတဲ့ မိန်းမအရုပ်၊ ဆံပင်တွေက အစစ်ပါလား၊ ဖိုးအေး ... လာကြည့် စမ်း"

"အစ်ကို ... ဒါ ယွန်းဘူးထဲက ဟာလား"





"ဟုတ်တယ် ... ဘာသဘောနဲ့ လာပေးတာလဲ၊ နေဦး ... ယွန်း ဘူးထဲမှာ ဘာရှိသေးလဲ မသိဘူး"

ကိုကောင်းဆက် ယွန်းဘူးထဲသို့ ကြည့်လိုက်ရာ ခပ်ရွယ်ရွယ် မြေခဲ အခုကို တွေ့လိုက်ရ၍ လွန်စွာထိတ်လန့်သွား၏။

"ဒီခဲက သုဘရာဇာမကြီး ငါ့ကို ယူသွားဖို့ပြောတဲ့ ခဲပါလား"

"ဖိုးအေး ... ရော့ ... ဒီခဲကို လွှင့်ပစ်လိုက်"

ဖိုးအေး ပြတင်းပေါက်ကနေ ခြံထဲသို့ပစ်လိုက်ပြီး ရွှံ့နှင့်လုပ်ထား သော မိန်းမရုပ်ကလေးအား သေချာကိုင်ကြည့်နေသော ကိုကောင်းဆက် အား ...

"အစ်ကို ... အဲဒီအရုပ်ပါ ပစ်လိုက်ရမလား"

"မပစ်နဲ့ ... ဒီအရုပ်လက်ရာက သိပ်ကောင်းတယ်ကွ ... တကယ့် လူအစစ်အတိုင်းပဲ"

"အစ်ကို ... ကြောက်ဖို့ ကောင်းပါတယ်ဗျာ"

'ဒုန်း .. ဒုန်း .. ဒုန်း'

ထိုအချိန်တွင် အိမ်ရှေ့ညှော်ခန်းမှ ခြေနင်းသံ ရုတ်တရက် ထွက်ပေါ် လာရာ ... ကိုကောင်းဆက်နှင့် ဖိုးအေးတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်၏။

"အစ်ကို ... အိမ် .. ရှေ့ .. က .. ခြေ .. သံ .. ကြီး"

"အေး ... ဘာသံလဲ မသိဘူး"

"ကျွန်တော်ကြောက်တယ် အစ်ကို ... အစ်မ လာခြောက်နေတာ လား မသိဘူး"

"လာကွာ ... သွားကြည့်ရအောင်"

နှစ်ယောက်သား ညှော်ခန်းဆီသို့ ဖြည်းဖြည်းချင်းလျှောက်ပြီး ကြည့် သော်လည်း ဘာမှမတွေ့ရ။

www.burmeseclassic.com



"အိမ်မှာ တစ်ခုခုတော့ ထူးနေပြီ"

"အစ်ကို ... ဟိုရုပ်ကိုလည်း လွှင့်ပစ်လိုက်ပါဗျာ ... ကျွန်တော် ကြောက်သီးထလွန်းလို့ပါ"

"ကဲ ... မင်းလည်း မင်းအခန်းပြန်အိပ်၊ ဘုရားစာသာ ရွတ် ... ဘာမှ မဖြစ်ဘူး"

ဖိုးအေးကို နှစ်သိမ့်လိုက်ပြီး သူ့အခန်းသို့ပြန်လာ၍ အိပ်ရာပေါ်တွင် လှဲချလိုက်သည်။

'ဒေါင် .. ဒေါင် .. ဒေါင် ..'

အိမ်ရှေ့ဧည့်ခန်းမှ တိုင်ကပ်ချိန်သီးနာရီကြီးရဲ့ ဆယ့်နှစ်နာရီထိုးသံက အရင်ရက်တွေနှင့် မတူဘဲ ချောက်ချားစွာ ထွက်ပေါ်လာလေသည်။

"ဟေး"

ပြတင်းပေါက်ဘက်က ထွက်ပေါ်လာသောအသံကြောင့် ... ကိုကောင်းဆက် စောင်ကို ခေါင်းမြီးခြုံကာ အိပ်ပျော်ရန်ကြိုးစားလိုက်လေတော့သည်။

❁ ❁ ❁



အခန်း (၃)

ဂူသားကြေးရိုး

ကိုကောင်းဆက် ... နေ့လယ်ခင်း အိမ်မှာနေရတာကိုပင် စိတ်ထဲ သိပ်မသန့်သဖြင့် အပြင်သို့သာ အထွက်များ၏။ အိမ်ထဲတွင် ဟိုနေရာက အသံမြည်သလိုလို၊ ဒီနေရာက ပစ္စည်းများပြုတ်ကျသလိုလိုဖြစ်နေသဖြင့် အိမ်မှာမနေရဲခြင်းလည်း ဖြစ်သည်။

ညဘက်ရောက်လျှင်လည်း သူ့ဘေးတွင် တစ်စုံတစ်ယောက်က လာအိပ်သလိုလို ခံစားရသည်။ အခန်းထဲဝင်လိုက်တာနှင့်ပင် တစ်ယောက်ယောက်က ဘေးမှဖြတ်သွားသလိုလိုနှင့် အေးခနဲဖြစ်သွားလေရာ ကြက်သီးများပင် ထလာသည်။ အဆိုးဆုံးမှာ ... သူ့ခေါင်းရင်း ကက္ကိုပင်ကြီးကို ကြည့်ပြီး သန်းခေါင်အချိန်တွင် ခွေးများဝိုင်းအူခြင်းဖြစ်၏။

ခြံထဲတွင် လမ်းလျှောက်နေသော ခြေသံများကိုလည်း ညစဉ်ကြားနေရသဖြင့် ကိုယ့်စိတ်ကို ကိုယ်မယုံဘဲ ကြောက်ကြောက်လန့်လန့်နှင့် အိပ်ရေးပျက်ပေါင်း များလှပြီ။

သူဖြစ်ပျက်နေသော အဖြစ်အပျက်တို့ကို ကိုမျိုးဦးအား လူရှင်းသည့် အအေးဆိုင်တစ်ဆိုင်သို့ ခေါ်ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းဆက်ဇနီး မကျွတ်မလွတ်ဖြစ်နေတာနဲ့ တူတယ်"

"ဟုတ်တယ် ကိုမျိုးဦးရယ် ... သရဲတစ္ဆေကို ကျွန်တော် မယုံပါဘူး ဒါပေမဲ့ အခု ကျွန်တော်ကြုံတွေ့နေရတာတွေက အရမ်းကို ထိတ်လန့်စရာ ကောင်းလွန်းနေတယ်လေ"

"ကျွန်တော် ဘယ်လို အကြံဉာဏ်ပေးရမှန်းတောင် မသိတော့ဘူး။ အကောင်းဆုံးက ခင်ဗျား ခရီးတစ်ခုခုထွက်လိုက်ပါလား ... စိတ်ပြေလက်ပျောက်ဖြစ်သွားတာပေါ့"

"အေးလေ ... ပတ်ဝန်းကျင်အသစ်နဲ့ဆိုရင် ကျွန်တော် စိတ်တွေလန်းဆန်းနိုင်တယ် ... ဘယ်သွားရင် ကောင်းမလဲ ကိုမျိုးဦး"

"နီးနီးနားနား မော်လမြိုင်ပဲ သွားပေါ့ဗျာ"

"ကောင်းတယ် ... ကျွန်တော် မော်လမြိုင်မရောက်တာတောင် တော်တော်ကြာနေပြီ"

ခရီးသွားဖို့ ဆုံးဖြတ်လိုက်ပြီး အိမ်မှ အဝတ်အစားတချို့ကို ကားပေါ်တင်ကာ ဖိုးအေးနှင့်အတူ မော်လမြိုင်သို့ ထွက်လာကြသည်။ သူ့ကားလေးက ကျိုက်ဝန်းမြို့မှ စထွက်တော့ မိုးချုပ်စပြင် ရှိနေပြီ။ ဒီလမ်းကြောကို ခရီးသွားရတာ သူ့အတွက် အဆန်းတကြယ်တော့ မဟုတ်။

ဟိုစဉ်က ... ကြိမ်ဖန်များစွာ သွားလာနေသူမို့ ဒီလမ်းကို သူကျွမ်းပြီးသား။ ကားကလည်း HILUX မော်ဒယ်အမြင့် အမျိုးအစားမို့ ခရီးသွားရတာ အဆင်ပြေသည်။

ညက တဖြည်းဖြည်းမှောင်လာသည်၊ ကားမီးအလင်းရောင်ကြောင့် ရှေ့ကတ္တရာလမ်းကို ထင်းနေအောင်မြင်ရသလို ကားလမ်းဘေးက တောအုပ်များ တောင်ကုန်းများနှင့် ရာဘာခြံတို့ကို ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားသည်ကို တွေ့ရသည်။

"အခုမှပဲ ... စိတ်ထဲပေါ့သွားတော့တယ် ဖိုးအေးရာ"





"ဟုတ်တယ် အစ်ကိုရေ ... လေးတောင်[illegible] ရောက်စိုရှုပ် စိတ်ရှုပ်လည်း သက်သာတာပေါ့၊ ပြီးတော့ ..."

ဖိုးအေးစကား ရပ်သွားသည်။ ကားမောင်းနေရင်းမှ သူ့ကို စောင်းကြည့်ပြီး ပြောသင့်မပြောသင့် စဉ်းစားနေပုံရသည်၊ ဒါကို ရိပ်မိတဲ့ ကိုကောင်းဆက်က ...

"သရဲ အခြောက်မခံရတော့ဘူးလို့ မင်းပြောချင်တာလား"

"ဟုတ်တယ် အစ်ကို ... အစ်မက တကယ်ခြောက်တာပဲ၊ ရက်လည်တဲ့နေ့ကစပြီး ကျွန်တော် ကောင်းကောင်းမအိပ်ရဲဘူး"

"မပြောနဲ့ ဖိုးအေး ... စိတ်ညစ်ရမယ့်ဆီက ထွက်လာတာ စိတ်ပေါ့ချင်လို့မဟုတ်လား၊ အတတ်နိုင်ဆုံး အိမ်ကကိစ္စတွေကို မေ့ထားတာ အကောင်းဆုံးပဲ"

"ဟုတ်ကဲ့ အစ်ကို"

ဖိုးအေး ကားကို ဂရုတစိုက် ဆက်မောင်းလာပြီး ... ညဆယ့်တစ်နာရီလောက်အချိန်တွင် မြို့တစ်မြို့သို့ဖြတ်လာရာ မီးများထိန်လင်းနေသော စားသောက်ဆိုင်တစ်ဆိုင် တွေ့သဖြင့် ဆိုင်ရှေ့တွင်ကားရပ်ရန် ဖိုးအေးကို ပြောလိုက်သည်။

"ဗိုက်ဆာတယ်ကွာ ... တစ်ခုခု ဝင်စားရအောင်"

"ဟုတ်ကဲ့ အစ်ကို ... ကျွန်တော်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

စားသောက်ဆိုင်မှာ ခမ်းခမ်းနားနားကြီးမဟုတ်သော်လည်း သင့်တင့်သည့် သပ်ရပ်မှုမျိုးရှိပြီး ကုန်ကားများနှင့် ခရီးသည်တင်ကားကြီးများ ဝင်ရောက်နားပုံရသဖြင့် အစားအသောက်တို့မှာ စုံစုံလင်လင်ရှိလှသည်။

သူတို့နှစ်ယောက် ဆိုင်ထဲဝင်လာပြီး စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်စဉ် ဆိုင်အလုပ်သမား အမျိုးသမီးတစ်ဦး ရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



“ဘာစားမလဲ အစ်ကိုတို့ ... စားချင်တာ အကုန်မှာလို့ ရတယ်”

“တကယ် အကုန်ရလား”

ဖိုးအေးက ထိုမိန်းမကို နောက်လိုက်ရာ ...

“အစ်ကိုက ဘာမှာချင်လို့လဲ”

“လူသားကြေးအိုးတစ်ပွဲ”

“ရ,ရစေမယ် ... ခဏတော့ စောင့်၊ ဟိုဘက်က အစ်ကိုက ရော ဘာမှာမလဲ”

“ဝက်သားနဲ့ခေါက်ဆွဲကြော်ပေးပါ”

“ဟုတ်ကဲ့”

မပြုံးမရယ်ဖြင့် ထိုမိန်းမထွက်သွားရာသို့ ဖိုးအေးက လိုက်ကြည့်ပြီး ကိုကောင်းဆက်ကို လေသံတိုးတိုးဖြင့် မေးလိုက်သည်။

“အစ်ကို ... တကယ် လူသားကြေးအိုးလုပ်လာမလား မသိဘူး”

“မင်း ပေါက်ကရ သွားပြောတာကိုး”

“ဆိုင်ထဲမှာ လူလည်း တစ်ယောက်မှမရှိဘူး၊ တိတ်ဆိတ်နေတာပဲ ဟိုမိန်းမမျက်နှာကလည်း မျက်နှာသေကြီး ... လူမှ ဟုတ်ရဲ့လား”

“ဖိုးအေးရာ ... မင်းက နေရာတိုင်း ကြောက်နေတော့တာပဲ သရဲတွေက မီးအလင်းကြောက်တယ်ကွ၊ ဒီဆိုင်က တစ်ဆိုင်လုံး မီးတွေ လင်းနေတာပဲ”

ဖိုးအေး ဆိုင်တစ်ဆိုင်လုံးကို မျက်စိကစားကြည့်လိုက်ပြီး ...

“ဒီဆိုင်ထဲမှာ ဘုရားစင် မရှိဘူးအစ်ကို”

“ဟေ့ကောင် ... ကြံဖန် ပေါက်ပေါက်ရှာရှာ တွေးမနေနဲ့ ... ကြောက်နေရင် သွားမယ်”

“အစားအစာတွေ မှာပြီးမှ ထသွားရင် အားနာစရာ အစ်ကိုရယ်”

“ဒါဖြင့်ရင် မင်းပါးစပ်ပိတ်ထား”





ခဏကြာတော့ ... ဆိုင်နောက်ကနေ သူတို့ အစားအသောက် သည့်အမျိုးသမီး ... ဗန်းထဲတွင် ကြေးအိုးပန်းကန်နှင့် ခေါက်ဆွဲကြော် ကန်တို့ကို ထည့်ကာ သူတို့ဆီသို့ ယူလာ၏။

“ရော့ ... ရှင်စားချင်တဲ့ လူသားကြေးအိုး၊ ဒါက ဟိုအစ်ကိုမှာ ဲ့ ခေါက်ဆွဲကြော်”

“ဟုတ်ကဲ့ ... ကျေးဇူးပဲ”

ပန်းကန်များကို သူတို့ရှေ့စားပွဲတွင် ချပေးပြီး ... ဆိုင်အနောက်သို့ င်သွားသည်။ ဖိုးအေးက အငွေ့တထောင်းထောင်းနှင့် ကြေးအိုးပန်း န်ကို ဇွန်းဖြင့်မွှေလိုက်သည်။

“ဟာ ... အစ်ကိုကြည့်ပါဦး ... မျက်လုံးကြီး”

“ဟေ”

ခေါက်ဆွဲကြော်စားနေရာမှ ကိုကောင်းဆက် ဖိုးအေးပန်းကန်ထဲသို့ ကြည့်လိုက်ရာ မျက်လုံးကို တွေ့ရသဖြင့် ...

“တကယ့် လူသားကြေးအိုးလား မသိဘူး”

“အစ်ကို ... ကျွန်တော် မသတိတော့ဘူး၊ အသားတုံးတွေက ည်း အတုံးအတစ်တွေ”

“မစားချင်လည်း ထားလိုက်ကွာ ... ငါ့ခေါက်ဆွဲကြော်က တော် ော်ကောင်းတယ်ကွ”

ကိုကောင်းဆက် ခေါက်ဆွဲကြော်ကို အားရပါးရ ဆက်စားနေစဉ် င်က အမျိုးသမီး သူတို့စားပွဲနား ရောက်လာ၏။

“စားကောင်းကြလား အစ်ကိုတို့”

“ဟို ... ကျွန်တော်မှာတဲ့ကြေးအိုးက တကယ့်လူသားနဲ့ လုပ်ထား ာလား”

‘ခစ် .. ခစ် .. ခစ်’



www.burmeseclassic.com

www.burmeseclassic.com



ဖိုးအေးစကားကို ကြားပြီး . . . အမျိုးသမီးက အားရပါးရ ရယ်မော ကာ . . .

"အခုအချိန်က အသားတွေ ရှားနေပြီ၊ ပေါတဲ့အသားကိုပဲ ဝယ်သုံးရတယ်။ ဒါတောင် ရောင်းတဲ့လူက ဈေးသိပ်ကိုင်တာ၊ နေ့တိုင်းလည်း ခရောင်ဘူး"

"ဈေးဝယ်တော့ ဘယ်မှာသွားဝယ်လဲ"

"တခြားပစ္စည်းတွေကိုတော့ ဈေးမှာ ဝယ်ပါတယ်၊ အသားကိုတော့ . . ."

"မိချို . . . ဆယ့်နှစ်နာရီထိုးတော့မယ်၊ ရှင်းစရာရှိတဲ့ကိစ္စ မြန်မြန်ရှင်း"

"ဟုတ်ကဲ့ ဘညိုကြီး"

ဆိုင်နောက်က ထွက်လာတဲ့ အသံအောအောကြီးကို သူတို့နှင့် စကားပြောနေသော အမျိုးသမီးက ပြန်ဖြေလိုက်သည်။

ဖိုးအေးကလည်း သူ့ကို မျက်စပစ်ပြပြီး မြန်မြန်သွားရန် အချက်ပြလိုက်၏။

"ညီမ . . . အစ်ကိုတို့ စားထားတာ ဘယ်လောက်ကျလဲ"

"သုံးထောင်ပါ"

"ရော့ . . . သုံးထောင်"

ကိုကောင်းဆက် အိတ်ထဲက တစ်ထောင်တန်သုံးရွက်ကို ထုတ်ပေးလိုက်ပြီး ဆိုင်ထဲမှ ထွက်ဖို့ပြင်လိုက်ရာ . . .

"ဟို . . . အစ်ကို လူသားကြေးအိုးသောက်လည်း မသောက်ဘူး။ ဒီလမ်းကြောတစ်လျှောက်လုံး ဒီဆိုင်ပဲ လူသားကြေးအိုးရတာ"

"ဗိုက်ပြည့်နေလို့ပါ . . . သွားပြီနော်"

"နေဦးလေ . . . ဆယ့်နှစ်နာရီထိုးဖို့ သိပ်မလိုတော့ဘူး"





အတင်း ဆိုင်ထဲကထွက်လာခဲ့ကာ ကားပေါ်သို့ နှစ်ဦးသား တက်လိုက်ပြီး ဆိုင်ထဲသို့ကြည့်လိုက်ရာ အမျိုးသမီးနှင့်အတူ . . . ကြီးမားသော သားသတ်ဓားမကြီးကို ကိုင်ထားသော သျှောင်ထုံးကြီးထုံးကာ အပေါ် အင်္ကျီမပါ၊ ပုဆိုးအကွက်ကျဲကို တိုတိုဝတ်ထားသည့်လူကြီးက ကြည့်နေသည်။

"မောင်း . . . ဖိုးအေး၊ ဒါ . . . လူတွေ မဟုတ်ဘူး"

"ဟုတ် . . . ဟုတ်ကဲ့"

ကားကို စက်ကုန်ဖွင့်ကာ ကားမောင်းထွက်လာတော့ ကိုကောင်းဆက် ကားပြတင်းပေါက်ကနေ ဆိုင်ကြီးကို နောက်ပြန်လှည့်ကြည့်လိုက်ရာ . . . ဆိုင်ဘေးတွင် သင်္ချိုင်းရှိနေသည်ကို အံ့သြစွာ တွေ့ရလေသည်။

❁ ❁ ❁



www.burmeseclassic.com

## အခန်း (၅)

## မသာကောင်လာသည့် ကား

"အစ်ကို ... ဘာတွေလဲဗျာ၊ ကျွန်တော်တို့ သွားတဲ့နေရာ တိုင်း သရဲခြောက်နေတာလား"

ဖိုးအေးက ကားမောင်းရင်း မေးလိုက်ရာ နောက်ကူရှင်ကို မှီပြီး မှိန်းနေရာမှ ကိုကောင်းဆက် မျက်လုံးကိုဖွင့်ပြီး ...

"သရဲခြောက်တာ၊ မခြောက်တာ ခဏထား။ ငါ့တစ်သက်တာမှာ ဒီလောက်ကောင်းတဲ့ခေါက်ဆွဲကြော်ကို အခုမှ စားဖူးတယ်"

"လူသားနဲ့ ကြော်ထားတာဆိုရင် ဘယ်လိုလုပ်မလဲ"

"ဘယ်တတ်နိုင်မလဲ ... စားပြီးပြီလေ၊ ဗိုက်ကို တင်းနေတာပဲ"

ဗိုက်ကို ပွတ်ကာပြောသော ကိုကောင်းဆက်ကို ဖိုးအေးက စိတ်မသန့်စွာနှင့် လှမ်းကြည့်ရင်း ...

"သူတို့ဆိုင်က တကယ့်ဆိုင်အစစ်လား၊ သရဲတစ္ဆေတွေ ဖန်တီးထားတာလား၊ သူ့ဘေးမှာလည်း သချိုင်းနဲ့ဆိုတော့ ..."

"ငါလည်း ဘယ်သိမလဲ"

"ကျွန်တော့်ကြေးအိုးပန်းကန်ထဲက မျက်လုံးကတော့ တကယ့်





လူ့မျက်လုံးအစစ်ပဲ"

"အေးကွာ ... အခုတစ်လော တို့တွေ ထူးဆန်းတာတွေနဲ့ ကြုံနေရတယ်၊ ရှေ့ဘာဆက်ဖြစ်မလဲ ... စဉ်းတောင် မစဉ်းစားရဲဘူး"

"ဟို ... အစ်မကြည်မေနဲ့များ ပတ်သက်နေမလား"

"တော်တော့ ဖိုးအေး ... မင်းပါးစပ် ပိတ်ထား၊ နောက်ဆို ကြည်မေနဲ့ပတ်သက်တာကို မင်းပါးစပ် လုံးဝမဟနဲ့၊ သေတဲ့လူက သေသွားပြီ"

"ဟုတ် ... ဟုတ်ကဲ့ အစ်ကို"

ဖိုးအေးက သူ့စကားကို မြေဝယ်မကျ နားထောင်တတ်သလို ... ခိုင်းလျှင်လည်း ခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း လုပ်တတ်သူမို့ အစစအရာရာ စိတ်ချရ၏။

မွန်တိုင်းရင်းသားဖြစ်သလို ရိုးလည်းရိုးသားလွန်းကာ မိဘမဲ့မို့လည်း သူနှင့်အတူတူနေ၍ သူခိုင်းသမျှ ပြောသမျှကို နာခံကာ လုပ်တတ်သူမို့လည်း ဖိုးအေးအပေါ် ကိုကောင်းဆက် သံယောဇဉ်ကြီးသည်။ ကားလေးက တရိပ်ရိပ်နှင့်ပြေးနေရင်း ဖိုးအေးက ...

"မော်လမြိုင်ကို ဘယ်အချိန်လောက် ရောက်မလဲ အစ်ကို"

"မနက်သုံးနာရီလောက် ရောက်မယ်ထင်တယ်"

"ဘယ်မှာတည်းကြမလဲ"

"ခိုင်ဇော်က ... ကမ်းနားလမ်းမှာရှိတဲ့ ရေပေါ်ဟိုတယ်တစ်ခုကို လှမ်းချိတ်ပေးလိမ့်မယ်၊ စိတ်မပူနဲ့ ... တို့ ကားပေါ်မှာ မအိပ်ရလောက်ဘူး"

"ကျွန်တော့်အတွက် ကိစ္စမရှိဘူး ... အစ်ကို့အတွက် စိတ်ပူလို့ ပြောတာ"

"အေးပါ ... မင်းလည်း စိတ်လွတ်ကိုယ်လွတ်သာနေ၊ ပူလောင်စရာတွေ အကုန်ခေါင်းထဲက ထုတ်ထား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးအေး ကားကို ဂရုတစိုက်မောင်းလာရင်း လမ်းအကွေ့တစ်ခုကို ချိုးလိုက်ရာ . . . သူတို့ကား၏ မီးအလင်းရောင်ကြောင့် ရှေ့ခပ်လှမ်းလှမ်းတွင် သူတို့ကားကို တားနေသော အမျိုးသမီးကို တွေ့လိုက်သည်။

"ဘာလဲကွ . . . မင်းက အလန့်တကြား"

ကိုကောင်းဆက် မှိန်းနေရာမှ မျက်စိကိုဖွင့်ပြီး . . . ကားရှေ့သို့ ကြည့်လိုက်သည်။

"ရပ်ပေးလိုက်ရမလား"

"ရပ်ပေးလိုက်ကွာ . . . ကလေးအမေနဲ့တူတယ်၊ သူ့လက်ထဲမှာ ပွေ့ထားတာ ကလေးမဟုတ်လား"

"ဟုတ်တယ် အစ်ကို"

'ကျွီ'

မိုးအေး ကားဘရိတ်ကို ဆောင့်နင်းလိုက်ပြီး အမျိုးသမီးရှေ့တွင် ကားကိုရပ်ပေးလိုက်၏။

"ဘာကိစ္စရှိလို့လဲ အစ်မကြီး"

"မတ္တမဘက်ကို ရောက်မလား . . . လမ်းကြုံလိုက်ချင်လို့"

"အစ်ကို"

"အချိန်မတော်ကြီး . . . မိုးလင်းမှ သွားပါလား"

ကိုကောင်းဆက် ဝင်ပြောလိုက်ရာ အမျိုးသမီးက သူ့ရင်ခွင်ထဲမှ ကလေးကို ကြည့်ပြီး . . .

"ကျွန်မသားလေး အရမ်းဖျားနေလို့ပါ၊ သူ့အဖေက မတ္တမဘက်မှာ အလုပ်လုပ်နေတယ် . . . အဲဒါ လိုက်သွားပြီး ဆေးခန်းပြချင်လို့"

"ဒါဖြင့်လည်း ကားနောက်ခန်းက လိုက်ခဲ့"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ"

အမျိုးသမီးက သူ့ကားနောက်ခန်းပေါ် တက်ထိုင်ပြီးချိန်တွင် . . .





[illegible]က ကားကို ဆက်မောင်းထွက်လာ၏။ Hilux ကားမို့ နောက်ခန်း [illegible] ကျယ်သော်လည်း ခေါင်မိုးကမပါသဖြင့် လေတဟူးဟူးတိုက်တာကို [illegible]အမိနှစ်ယောက် ခံနေရရှာသည်။

"အစ်ကို နောက်ခန်းကသားအမိ သနားပါတယ်"

"မင်း ဒီခေါင်းခန်းခေါ်ထားချင်လို့လား . . . တော်ကြာ လူမဟုတ်တဲ့ [illegible]တစ္ဆေဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော် သရဲကိုတင်ပြီး ကားမမောင်းဖူးဘူး"

"ပေါက်ကရ ပြောမနေနဲ့၊ နောက်ကြည့်မှန်ကနေ တစ်ချက် တစ်[illegible] ကြည့်နေ"

"ဟုတ်ကဲ့ပါ"

ကားလေးက အရှိန်ကောင်းစွာနှင့် မောင်းနှင်လာရာ တဖြည်းဖြည်း[illegible] မတ္တမမြို့နား ရောက်လာသည်။

'ဒုံး . . ဒုံး . . ဒုံး'

နောက်ခန်းက မှန်ထုသံကြောင့် . . . ကိုကောင်းဆက် ကားရပ်ရန် [illegible]အေးကို ပြောလိုက်ရာ ကားရပ်သွားသဖြင့် တံခါးဖွင့်ကာ အောက်သို့ဆင်း[illegible]ပြီး . . .

"ဘာလုပ်မလို့လဲ"

"ဟီး . . ဟီး . . ဟီး"

ကားနောက်ခန်းရှိ အမျိုးသမီးက သူ့ကိုကြည့်ကာ ကြောက်မက်[illegible] ရယ်ပြလေသည်။

"ဘာလဲ . . . ခင်ဗျား ဘာလဲ"

"မသာ . . . ငါ မသာလေ . . . နင်တို့ ငါ့ကို ကားပေါ်တင် ခေါ်လာ[illegible]တာ"

"ဟာ . . . မဟုတ်တာ . . . ခင်ဗျားကိုယ်တိုင် ကားတားပြီး လိုက်



www.burmeseclassic.com

www.burmeseclassic.com



လာတာလေ''

''ဟီး . . ဟီး . . . ဟုတ်လား၊ ဒါဖြင့်လည်း ဆင်းမယ်၊ ဒီမြို့မှ

သချိုင်းရှိတယ်မဟုတ်လား''

''ဘယ်သိမလဲ''

ကိုကောင်းဆက်နှင့် ဖိုးအေးတို့ ကြောက်ရွံ့ပြီး ကြည့်နေရာ . .

နှီးအေးက သရဲတစ္ဆေတွေ မီးအလင်းကိုကြောက်သည်ဟု သတိရပြီး . .

ခေါင်းခန်းကဓာတ်မီးကို ပြေးယူကာ ထိုအမျိုးသမီးမျက်နှာကို ဓာတ်မီးဖြ

ထိုးကြည့်လိုက်သည်။

'ဖုတ်'

''ဟင်''

''ဟာ''

အမျိုးသမီးလက်ထဲက ကလေးမှာ လမ်းပေါ်သို့ ပြုတ်ကျသွားသဖြ

အံ့သြပြီး ကြည့်လိုက်သည်။ ထိုအမျိုးသမီးက ကလေးကို အမြန်ကော

ယူပြီး ရင်ခွင်ထဲ ပြန်ပွေ့ထားလိုက်သည်။

ထိုအမျိုးသမီးလည်း ကားအောက်ရောက်နေပြီဖြစ်သဖြင့် . .

ဖိုးအေးနှင့် ကိုကောင်းဆက်တို့ ကားပေါ်အမြန်တက်ကာ မောင်းထွ

လာကြတော့သည်။

''ဟူး . . . တော်သေးတာပေါ့ . . . အမှုပတ်တော့မလို့''

''သရဲမမလား အစ်ကို . . . ကလေးကလည်း သရဲပဲမဟုတ်လာ

လမ်းပေါ်ပြုတ်ကျတာတောင် ငိုသံမကြားရဘူး''

''သရဲမဟုတ်ဘူး . . . အခုတွေ့တာ အရုပ်ကွ . . . အရုပ်

ပွေ့ထားတာ ကလေးအစစ်မဟုတ်ဘူး . . . အရုပ်၊ ဒါကြောင့် မငိုတာ''

''တော်သေးတာပေါ့ အစ်ကို . . . ကျွန်တော်လန့်သွားတာ ဖြေ

မနေနဲ့''





''သရဲကြောက်လို့ ထွက်လာတာ . . . သရဲတွေ့လိုက်၊ အရုပ် တွေ့

လိုက်နဲ့''

''ဟုတ်ပါရဲ့ အစ်ကိုရယ်''

သူတို့ကားလေး မှတ္တမရောက်လာတော့ . . . သံလွင်တံတားကနေ

ဆက်ချင်း ကူးလို့မရသဖြင့် ကမ်းနားအနားက ညလုံးပေါက်ဖွင့်သည့် စား

သောက်ဆိုင်သို့ လာကာ ထိုင်နေလိုက်သည်။

သူတို့ထိုင်နေသည့် ခုံဘေးတွင် ကုန်ကားမောင်းသူတချို့ ထိုင်၍

စားသောက်နေကြ၏။ ဖိုးအေးက သူ့ လူသားကြေးအိုးအကြောင်းကို

ကြောက်လန့်ပြီး ကိုကောင်းဆက်ကိုပြောနေရာ ကုန်ကားမောင်းသူတစ်

ယောက်က သူတို့ဝိုင်း လာထိုင်ပြီး . . .

''ခင်ဗျားတို့ ဝင်ခဲ့တဲ့ဆိုင်က ဘယ်နားမှာလဲ''

''သစ်ကုန်းရွာနားမှာလေ . . . မိတ်ဆွေ သိလား''

''သိတာပေါ့ဗျာ . . . သချိုင်းဘေးက ဆိုင်ကို ပြောတာမဟုတ်လား။

ဆိုင်အကြီးကြီးလေ''

''ဟုတ်တယ်''

''အဲဒီဆိုင်က . . . အစားအသောက်တွေ စားခဲ့သေးလား''

''စားတာပေါ့ . . . စားလို့ တအား ကောင်းတယ်''

''သွားပြီ . . . ခင်ဗျားတို့တော့ ဒုက္ခရောက်တော့မယ်၊ ကျုပ်တို့

ကားသမားတွေတောင် ဝင်မစားဘူး''

''ဘာကြောင့်လဲ''

''နောက်မှ . . . စုံစမ်းကြည့်ဗျာ''

ပြောကာ . . . ပြုံးစိစိလုပ်ပြီး ဝိုင်းထဲမှ ထသွားသည်။ ကိုကောင်း

ဆက်တို့လည်း ဆက်မထိုင်လိုတော့၍ ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ ထွက်လာကြ

ရာ . . .



www.burmeseclassic.com

www.burmeseclassic.com



''ဟား . . ဟား . . ဟား''

ကားသမားပိုင်းက သူတို့ကိုကြည့်ပြီး လှောင်ရယ်သည့်အသံကို ကြားလိုက်ရလေတော့သည်။

❁ ❁ ❁



## အခန်း (၆)

### ဝိညာဉ်ရှိ၏ သံယောဇဉ်

တံတားဖွင့်တော့ . . . မုတ္တမဘက်ကမ်းကနေ မော်လမြိုင်သို့ ကူးသာပြီး ကမ်းနားလမ်းဈေးအနီးမှ ဟိုတယ်တစ်ခုတွင် ဝင်ရောက်တည်းခိုလိုက်သည်။

ကိုကောင်းဆက်က တစ်ခန်း၊ ဖိုးအေးက တစ်ခန်း ယူကာထားသည်။ ကိုကောင်းဆက်အခန်းက ထောင့်ခန်းမို့ . . . သူ့ဘေးတွင် သံလွင်မြစ်ရှိသဖြင့် ရေထဲမှ လှေ၊ သမ္ဗန်၊ သင်္ဘောတို့၏အသံကို အတိုင်းသားကြားရသလို မြင်လည်းမြင်ရ၏။

တစ်ညလုံးလည်း မအိပ်ခဲ့ရသည့်အပြင် ကားစီးရတာလည်း ပင်ပန်းလွန်းတာကြောင့် အခန်းထဲရောက်ရောက်ချင်း ခုတင်ပေါ်၌ လှဲရာ . . . ချက်ချင်း အိပ်ပျော်သွားတော့သည်။

အိပ်ရာကနိုးတော့ နံနက်ဆယ်နာရီပင် ထိုးလုပြီ၊ ရေချိုး၊ အဝတ်အစားလဲပြီးနောက် ဖိုးအေးအခန်းဘက် လျှောက်လာရာ ဖိုးအေးက . . . အခန်းဝမှပင် သူ့ကိုစောင့်နေသည်။

''အစ်ကို . . . နိုးပြီလား''



www.burmeseclassic.com

www.burmeseclassic.com



"အေး ... လာကွာ ဈေးဘက်သွားရအောင်"

"ဟုတ်ကဲ့"

ဈေးဘက်သို့ ကားဖြင့်ထွက်လာပြီး လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

"တို့ ... ကြည်မေဦးမိဘတွေဆီသွားမှ ကောင်းမယ်ထင်တယ်"

"အစ်မ,သေတာ သူတို့မသိဘူးလား"

"ငါလည်း အကြောင်းကြားတာပဲ ... ဒါပေမဲ့ ထူးဆန်းတာက နာရေးကို မလာကြဘူး"

"အစ်မကြည်မေဦးမှာ ညီမရှိတယ်လို့ ... ပြောဖူးတယ်နော်"

"ပြောတာပဲ ... ငါလည်း တစ်ခါမှ မမြင်ဖူးဘူး"

"ဘာလို့လဲ"

"ငါနဲ့မယူခင်တည်းက နိုင်ငံခြားမှာ ကျောင်းသွားတက်နေတာ"

"သြော်"

ထို့နောက် ... လက်ဖက်ရည်ဆိုင်က မုန့်တို့ကိုစားပြီး ကြည်မေဦး မိဘများနေထိုင်ရာ စစ်ကဲကုန်းအရပ်သို့ ထွက်လာခဲ့ကြသည်။ ကြည်မေဦး တို့အိမ်ကြီးမှာ လမ်းမပေါ်မှ အိမ်ကြီးဖြစ်ပြီး ခြံဝန်းမှာ ကျယ်ဝန်းလှ၏။

ခြံစည်းရိုးမှာ အုတ်တံတိုင်းများဖြင့် ကာရံထားပြီး ဝန်းသံတံခါး အနက်ကြီးကို အစဉ်သဖြင့် ပိတ်ကာထားသည်။

ကိုကောင်းဆက်တို့ ခြံဝတွင် ကားကိုရပ်လိုက်ပြီး ... ခြံတံခါးဝမှ ပင် လူခေါ်ခေါင်းလောင်းလေး အဆက်မပြတ်တီးကာ ခေါ်လိုက်၏။

"ဘာကိစ္စရှိလို့လဲ လူလေး"

ခြံတံခါးဖွင့်လာပြီး အသက်အရွယ်အိုမင်းလှပြီဖြစ်သော အဘိုးအိုက ကိုကောင်းဆက်ကို မေးလိုက်သည်။

"ဟို ... ဦးကြည်ဝင်းနဲ့ ဒေါ်နန်းသူဇာတို့ ရှိလား"





"မရှိဘူးကွယ့် ... ရန်ကုန်သွားကြတယ်၊ ဒေါ်နန်းသူဇာအစ်မ ...မာရေးမကောင်းလို့ဆိုလားပဲ"

"ကြာပြီလား"

"လွန်ခဲ့တဲ့ တစ်လလောက်ကတည်းကပါ၊ အဘက ဘိလူးကျွန်း ...ဘက်ကနေ ဒီအိမ်ကြီးကို လာစောင့်ပေးနေတာ"

"ဟုတ်ကဲ့ ... ဒါဆိုလည်း ကျွန်တော် ပြန်လိုက်ဦးမယ်"

"ဦးကြည်ဝင်းတို့ ပြန်လာရင် ဘယ်လိုပြောလိုက်ရမလဲ"

"ကြည်မေဦးယောက်ျား ကောင်းဆက် လာသွားတယ်လို့ ပြောပေး

"ကြည်မေဦးယောက်ျားက မင်းကိုး"

"ဗျာ ... အဘ ကျွန်တော့်ကို သိလို့လား"

"မ ... မသိပါဘူးကွယ် ... ကဲ ကဲ ... သွားတော့"

အဘိုးအိုက ခြံတံခါးကိုပိတ်ပြီး အထဲပြန်ဝင်သွားသဖြင့် ကိုကောင်း ...က်တို့လည်း ကားပေါ်တက်ကာ ပြန်ထွက်လာကြတော့သည်။ ကားမောင်း ...ရင်း ဖိုးအေးက ...

"အစ်ကို ... အဘိုးကြီးစကားပြောတာ တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ"

"ကြည်မေဦးယောက်ျားလည်းဆိုရော မျက်နှာပျက်သွားတယ်၊ ...တော့ ... ခြံထဲဝင် ဘာညာနဲ့ မပြောဘူး"

"ခေါင်းထဲ ထည့်မနေပါနဲ့ကွာ"

"အစ်မကြည်မေသေတော့ သူတို့ဆီ လာခြောက်မှာပဲနော်"

"တော်ကွာ ... အဲဒီအကြောင်းတွေ ပြောမနေနဲ့"

ကိုကောင်းဆက်စကားကြောင့် ... ဖိုးအေး လေသံတိတ်သွားပြီး ...ားကို ဟိုတယ်သို့ ပြန်မောင်းလာပြီးနောက် ဟိုတယ် စားသောက်ခန်းမ၌



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာကို စားလိုက်သည်။

''အစ်ကို . . . ဘယ်သွားစရာ ရှိသေးလဲ''

''မရှိပါဘူး . . . မင်းဘာလုပ်မလို့လဲ''

''ကျွန်တော့်အမျိုးတွေ ခမာရွာဘက်မှာရှိတယ် . . . သွားလည်ချင်လို့''

''သွားချင်လည်း သွားလေ . . . မိုးမချုပ်စေနဲ့''

''ဟုတ်ကဲ့''

နံနက်စာစားပြီးသောအခါ . . . ဖိုးအေး ဟိုတယ်မှထွက်သွားသဖြင့် ကိုကောင်းဆက် အခန်းထဲဝင်ကာ တစ်ရေးတစ်မော အိပ်လိုက်လေသည်။

အိပ်ရာကနိုးတော့ ညနေသို့ပင် ရောက်နေသည်။

ဟိုတယ်ရှေ့ သံလွင်မြစ်ကမ်းနဖူးတွင် သေသပ်လှပစွာ ဆောက်ထားသည့် စားသောက်ဆိုင်လေးတွင် မြစ်ရေပြင်၏အလှကို ကြည့်ရင်း . . . ကော်ဖီတစ်ခွက်ကို မှာသောက်လိုက်၏။

မြစ်ရေပြင်ကျယ်ထဲတွင် အစုန်အဆန် ကူးချည်သန်းချည် လုပ်နေသော လှေသမ္ဗန်များ၊ ခုံညားထည်ဝါလှသည့် သင်္ဘောကြီးများ၏ အလှကို တဝကြီး ထိုင်ကြည့်နေလိုက်သည်။

ဒီသံလွင်မြစ်နှင့် ဒီမြို့လေးက သူ့အတွက် သူစိမ်းတော့ မဟုတ်။ သူ မော်လမြိုင်တက္ကသိုလ်ကိုတက်တော့ . . . ဒီမှာ အဆောင်နေပြီး တက်ခဲ့သည်။

ကြည်မေဦးနှင့်လည်း . . . တက္ကသိုလ်မှာပင် ဆုံတွေ့ ချစ်ကြိုက်ကြပြီး ကျောင်းပြီးသောအခါ မိဘများကိုဖွင့်ပြောပြီး လက်ထပ်ခဲ့လေသည်။

သူတို့အိမ်ထောင်သက်တမ်း သိပ်မကြာခင်မှာပဲ သူ့မိဘများ ဆုံးပါးသွားကြသည်။

မိဘလက်ကျန်အမွေပစ္စည်းတို့ကို ထုခွဲရောင်းချပြီး . . . ကျိုက်ဝန်း





မြို့မှာပင် စားသောက်ဆိုင်ဖွင့်ကာ စီးပွားရေးလုပ်ခဲ့၏။

စီးပွားရေးအောင်မြင်သော်လည်း အိမ်ထောင်ရေးမှာတော့ . . . ကြည်မေဦးနှင့် သူ သိပ်အဆင်မပြေ။ ကြည်မေဦးက သူ့ကို သိပ်ချစ်သလို . . . သဝန်လည်း တိုသည်။

စင်တင်တေးဂီတနှင့် တွဲဖက်ဖွင့်ထားသော စားသောက်ဆိုင်မို့ . . . အဆိုတော် ကောင်မလေးများနှင့် ထိတွေ့ဆက်ဆံမှုကို ကြည်မေဦးက အမြဲသဝန်တိုတတ်၏။

အိမ်ထောင်သက်တမ်း ကြာလာသော်လည်း ဖနီးဖြစ်သူ ကြည်မေဦး၏ ချို့ယွင်းချက်ကြောင့် သားသမီးရတနာ မရခဲ့။

မရိုးပြည်သည့် အိမ်ထောင်ရေးက ခြောက်ကပ်ကပ်ဖြစ်လာကာ . . . တစ်ဦးနှင့်တစ်ဦး သူစိမ်းဆန်သလို ဖြစ်လာသည်။

''အစ်ကို ဒီမှောက်နေတာလား''

''ဟေ''

ဖိုးအေးရဲ့စကားကြောင့် သူ အတွေးနယ်လွန်နေရာမှ လန့်သွားသည်။

''ကျွန်တော် အပြန် နည်းနည်းနောက်ကျသွားတယ်''

''ရပါတယ်''

''အစ်ကို . . . ဘာခိုင်းစရာရှိသေးလဲ''

''မရှိပါဘူးကွာ . . . ငါ ဒီမှာ အေးအေးဆေးဆေး ထိုင်နေရတာ စိတ် တအားပေါ့သလိုပဲ''

''ဟိုမှာက အလုပ်ကိစ္စ၊ လူမှုရေးကိစ္စတွေနဲ့ဆိုတော့ စိတ်ရှုပ်တာပေါ့ . . . ပြီးတော့''

''ဆက်မပြောနဲ့တော့ ဖိုးအေး . . . မင်းပြောမှာ ငါသိတယ်''

ကြည်မေဦး လာရောက်ခြောက်လှန့်နေသည့်အကြောင်းကို ပြော



www.burmeseclassic.com

www.burmeseclassic.com



မည့် ဖိုးအေးစကားကို သူနှုတ်ပိတ်လိုက်သည်။

ညက . . . တဖြည်းဖြည်းမှောင်လာသောကြောင့် . . . မြစ်ထဲက သဘော်တချို့၏ မီးအလင်းရောင်ကို တွေ့ရသည်။

လေပြည်ကလည်း တညိမ့်ညိမ့်လေးတိုက်နေတာမို့ . . . သူ့စိတ်ထဲ လွန်စွာ အေးချမ်းနေ၏။

ညဉ့်နက်လာတော့ အိပ်ချင်လာသဖြင့် အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

အိပ်ရာပေါ် လှဲအိပ်လိုက်တော့ တော်တော်နှင့် အိပ်မပျော်ပြန်။ မြစ်ရေစီးသံကို သူ့နားထဲ ကြားနေသည်။ ထိုအချိန်တွင် . . .

အသံတစ်သံက သူ့နားထဲသို့ တိုးဝင်လာသဖြင့် . . . ကြက်သီးများ ပင် ထလာသည်။

"မောင်ရေ . . . ကြည်မေ မောင့်ဆီလာခဲ့မယ်"

"ဟင်"

သူ ရုတ်တရက် ထထိုင်လိုက်သည်။

အခန်းထဲသို့လည်း ဟိုကြည့်ဒီကြည့် လိုက်ကြည့်လိုက်သော်လည်း ဘာမှမတွေ့ရ။

သူ့စိတ်က ထင်တာလား။ လုံးဝမဖြစ်နိုင်ဘူး။ သေသေချာချာ ကြားလိုက်တာဖြစ်သည်။

"မောင်ရေ . . . ကြည်မေ မောင့်ဆီလာခဲ့မယ်"

"ဟာ"

ထပ်ကြားရပြန်ပြီ၊ မြစ်ရေစီးသံနှင့်အတူ . . . ကြည်မေဦးရဲ့အသံက ပီသစွာ ကြားရသည်။ သူ့နဖူးမှ ချွေးများပင် စို့တက်လာသဖြင့် လက်နဲ့ သုတ်ရင်း ခုတင်ပေါ်က အမြန်ဆင်းကာ မြစ်ဘက်သို့ မှန်ပြတင်းပေါက် လိုက်ကာကို ဖွင့်ကြည့်လိုက်သည်။

✻ ရဲရှင် အောင် ဗ လ ✻



"ဟင်"

လှေလေးတစ်စင်း မီးအုပ်ဆောင်းလေးနှင့် သူ့အခန်းနှင့် သိပ်မဝေးသည့် မြစ်ထဲမှာ လှေပဲ့ပိုင်းကို အဘိုးအိုတစ်ဦးကိုင်ကာ ခမောက်ကြီးတစ်လုံးကို ဆောင်းထားသည်။

လှေဦးပိုင်းတွင် မိန်းမပျိုတစ်ဦး ခေါင်းစွပ်မိုးကာကို ဆောင်းကာ လှေကို လှော်ခတ်နေသည်။

"ကြည်မေဦးလား . . . မဖြစ်နိုင်ပါဘူး သူသေပြီပဲ"

လိုက်ကာကို ပြန်ပိတ်ပြီး စဉ်းစားလိုက်၏။ သူ့မျက်လုံးထဲမှာ လှေဦးတွင်ထိုင်နေသော မိန်းမပျိုမှာ ကြည်မေဦးနှင့် လွန်စွာဆင်သလို ဖြစ်လာသဖြင့် တဖြည်းဖြည်း သွေးပျက်လာသည်။

"မောင်ရေ . . . ကြည်မေ သွားပြီ"

"ဟာ"

အသံက ထပ်ကြားရပြန်၏။ ဒီတစ်ခါတော့ . . . သူ မကြည့်ရဲ။ ခုတင်ပေါ်သို့ အပြေးတက်ကာ နားနှစ်ဖက်ကို လက်နှင့်ပိတ်ထားရင်း မျက်လုံးကို စုံပိတ်ကာ အိပ်ချလိုက်လေတော့သည်။

❋ ❋ ❋

✻ ရဲရှင် အောင် ဗ လ ✻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## အလျင်လုပ်ပြီး အသက်ရှင်သူ

"ဟင်"

သူ့ခန္ဓာကိုယ်ကို ရုတ်တရက်လှုပ်နှိုးလိုက်တာကြောင့် . . . မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ ကြည်မေဦးကိုတွေ့လိုက်ရသဖြင့် . . . လွန်စွာ အံ့သြသွားလေသည်။

"မင်း . . . မင်း . . . ဘာလာလုပ်တာလဲ"

"မောင့်ကို သတိရလို့"

"မလာနဲ့ . . . မင်းက သေပြီးပြီ၊ ငါနဲ့ ဘဝမတူတော့ဘူး မလာနဲ့ . . . သွား"

သူကြောက်လန့်တကြား အော်သော်လည်း ကြည်မေဦးက အပြုံးမပျက်။ သူ့ကို ပြုံးပြုံးလေးကြည့်ကာ . . .

"မောင့်ကို မခွဲနိုင်လို့ပါ . . . မောင်ရဲ့"

"သွား . . . မလာနဲ့ မလာနဲ့"

သူ အတင်းကြုံးအော်ရာ ကြည်မေဦးက အံ့ားရပါးရ မှုယ်မောပြီး . . .





"ဟား . . ဟား . . ဟား"

"ဘာ အခုမှ ကြောက်နေတာလဲ၊ နင် ငါမျက်နှာကို သေချာ ကြည့်စမ်း"

ကြည်မေဦးမျက်နှာမှာ ရုတ်တရက် ကြောက်မက်ဖွယ်ရာအသွင် ပြောင်းသွားတော့သည်။ မျက်လုံးတစ်ဖက်က ပြူးထွက်လာပြီး မျက်နှာတွင် သွေးတို့ဖြင့် ရဲရဲနီနေသည်။

"သွား . . . ငါ့နားမကပ်နဲ့"

"ကပ် . . မှာ . . မ . . ဟုတ် . . ဘူး . . နင့် . . ကို . . သတ် မှာ"

အသံကြီးကလည်း ကြောက်မက်ဖွယ်ရာအသံကြီးဖြင့် သူ့နားသို့ ည်ပြည်းတိုးကပ်လာပြီးနောက် သူ့ကို ခုန်အုပ်လိုက်လေတော့သည်။

"အား"

သူ အသံကုန်ဟစ်အော်လိုက်ရင်း လုံးဝ မှောင်ကျသွားသည်။ ကိုယ်တစ်ခုလုံးကလည်း လှုပ်လို့ကိုမရတော့သလို အာခေါင်များကလည်း ခြောက်ကပ်လို့ပင် နေလေသည်။

'ဒုန်း . . ဒုန်း . . ဒုန်း'

"အစ်ကို ဘာဖြစ်တာလဲ"

'ဒုန်း . . ဒုန်း . . ဒုန်း'

အခန်းတံခါးကို အတင်းထုသံကြောင့် ကိုကောင်းဆက် သတိပြန် ရသည်။

"ဟင်"

သူ့မျက်လုံးကို ဖွင့်ကြည့်လိုက်တော့ သူ့အခန်းထဲတွင် ဘာမှမရှိ။

"ငါ အိပ်မက် မက်နေတာလား"

'ဒုန်း . . . ဒုန်း . . ဒုန်း'



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါးတုသံကြောင့် ထကာ . . . တံခါးကို သွားဖွင့်လိုက်ရာ အခန်းဝတွင် ဖိုးအေးနှင့် ဟိုတယ်ဝန်ထမ်းကောင်လေးကို တွေ့ရသည်။

"အစ်ကို့အော်သံကြားလို့ စိတ်ပူပြီး လာနိုးတာ"

"ဩော် . . . အင်း . . . ဘာမှ မဖြစ်ပါဘူးကွာ"

"အစ်ကို တစ်ယောက်ယောက်နဲ့ သတ်နေတာလား"

ဖိုးအေးက သူ့အခန်းထဲသို့ မျက်စိကစားကြည့်ရင်း သူ့ကိုမေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"လုံးထွေးသတ်ပုတ်နေတဲ့အသံ ကျွန်တော်ကြားလို့ လန့်နိုးသွားတာ"

"ငါ အိပ်မက်မက်နေတာပါ"

"ဘယ်လိုအိပ်မက်လဲ အစ်ကို"

"နောက်မှပြောမယ်ကွာ၊ သွား . . . မင်းလည်း သွားအိပ်တော့ အခုမှ တစ်နာရီကျော်ပဲရှိသေးတယ်"

"အကြောင်းရှိရင် ကျွန်တော့်ကို ချက်ချင်းသာ နှိုး"

"အေးပါ"

ဖိုးအေး ပြန်ထွက်သွားတော့ သူ . . . အိပ်ရာပေါ် လှဲရင်း စဉ်းစားနေမိသည်။ ကြည်မေဦး သူ့ကို တကယ်ခြောက်လှန့်နေတာလား . . .၊ သူ့စိတ်ကပဲ ဖြစ်နေတာလား။

ရေရေရာရာကို စဉ်းစားလို့မရအောင် ဖြစ်လာ၏။ စိတ်ပေါ့ချင်၍ ကျိုက်ဝန်ဆီးပြို့မှ ထွက်လာသည်။ ဒီရောက်တော့လည်း သူ့ရဲ့ခြောက်လှန့်မှုတွေက ရှိနေဆဲပင်၊ အတွေးများ လွန်ကဲစွာ တွေးရင်းနှင့်ပင် အိပ်ပျော်သွားလေတော့သည်။

❁

✻ ရဲ ရင့် အောင် ဗ ထ ✻



နောက်တစ်ရက် . . . နေအတော်မြင့်မှပင် အိပ်ရာက နိုးလာသည်၊ မျက်နှာသစ်၊ ရေချိုး၊ အဝတ်အစားလဲကာ အခန်းထဲက ထွက်လာတော့ . . . ဖိုးအေး ဟိုတယ်ဧည့်ခန်းတွင် သူ့ကိုထိုင်စောင့်နေတာကို တွေ့ရသည်။

"ဖိုးအေး . . . မင်း ဘာစားပြီးပြီလဲ"

"ကော်ဖီသောက်ပြီးပြီ အစ်ကို"

"အေး . . . ဒါဆိုလည်း ငါ့သူငယ်ချင်း မင်းဇော်ဆီ သွားမယ်"

"အစ်ကိုရော ဘာမှ မစားတော့ဘူးလား"

"မင်းဇော်ဆီရောက်မှ စားမယ်ကွာ"

ဖိုးအေးနှင့်သူ ကားဖြင့် သူ့သူငယ်ချင်းဖြစ်သူ မင်းဇော်ဆီသို့ ထွက်လာကြသည်။

မင်းဇော်က ဆရာဝန်တစ်ယောက်ဖြစ်ပြီး မော်လမြိုင်ဆေးရုံတွင် တာဝန်ကျသဖြင့် သူတို့ မင်းဇော်ကိုတွေ့ဆုံရန် ဆေးရုံသို့ ကားကိုမောင်းလာခဲ့သည်။

အဆင်သင့်ပင် . . . မင်းဇော် ဂျူတီအထွက်နှင့် ဆုံသဖြင့် အေးအေးဆေးဆေးစကားပြောရန် ဆေးရုံကန်တင်းသို့ သွားထိုင်ကာ စကားပြောကြ၏။

"ကြည်မေဦးဆုံးတာ ငါတို့ကို ဘာလို့အကြောင်းမကြားတာလဲ ကောင်းဆက်ရာ"

"ငါလည်း ထူပူပြီး အကြောင်းမကြားတာပါ၊ သူ့မိဘတွေကိုတော့ သံကြိုးရိုက်လိုက်တယ် . . . မလာဘူးကွ"

"သူတို့ မော်လမြိုင်မှာ မရှိကြဘူး၊ ရန်ကုန်သွားတယ်လို့ ကြားတယ်"

✻ ရဲ ရင့် အောင် ဗ ထ ✻

www.burmeseclassic.com

www.burmeseclassic.com

''ဟုတ်မယ် . . . မနေ့က ငါသွားတော့ မတွေ့ခဲ့ဘူး၊ ခြံစောင့်အဘိုးကြီးတစ်ယောက်ပဲ တွေ့တယ်''

မင်းဇော်က တစ်ချက်စဉ်းစားလိုက်ပြီး . . .

''အသားမည်းမည်း ခါးကုန်းကုန်းနဲ့ အဘိုးကြီးလား''

''ဟုတ်တယ်''

''အဲဒီအဘိုးကြီးက ပယောဂဆရာကြီးလို့ သူတို့အိမ်နားက လူတွေပြောကြတယ်''

''ဟင်''

မင်းဇော်ပြောမှ သူစဉ်းစားမိသည် . . .။ အဘိုးကြီး သူ့ကိုကြည့်တဲ့ မျက်လုံးတွေက ထူးခြားနေပုံရသည်။ စကားပြောတာလည်း တစ်စုံတစ်ခုကို မလိုလားသည့်ဟန် ပေါက်နေပုံမြင်ယောင်လာသည်။

''ငါက ဆရာဝန်ဆိုပေမယ့် ခက်ခဲနက်နဲတဲ့ လောကီပညာရပ်တွေကိုလည်း စိတ်ဝင်စားတော့ အဲဒီအဘိုးကြီး ပညာသည်မဟုတ်ဘူးလို့ မငြင်းနိုင်ဘူး''

''မင်း အဲဒီအဘိုးကြီးနဲ့ပတ်သက်လို့ ဘာကြားလို့လဲ''

''သူတို့အိမ်ခြေရင်းက ဒေါ်သိန်းဆိုတဲ့ အမျိုးသမီးကြီးက ငါ့ဆေးခန်းကို လာရင်းပြောပြတာ''

''ဘာတွေပြောလဲ''

''ညဘက်ဆို အဲဒီအဘိုးကြီးက မအိပ်ဘူးတဲ့၊ ရွှံ့နဲ့ အရုပ်တွေလုပ်တယ်၊ ပြီးရင် ရွှံ့ရုပ်ကို လက်ဝါးနဲ့အုပ်ပြီး ဂါထာမန်းတော့တာပဲ၊ အရုပ်နဲ့လည်း စကားပြောတယ်ဆိုပဲ''

''ဟင်''

''အဘိုးကြီးမှာ သေတ္တာအစုတ်လေးတစ်လုံးလည်း ရှိတယ်၊ အဲဒီသေတ္တာထဲမှာ လူရဲ့ဆံပင်တို့၊ လက်သည်းတို့၊ သွားတို့ အစုံရှိတယ်တဲ့





သူလုပ်ထားတဲ့ရွှံ့ရုပ်ကို ဆံပင်တို့ ခြေသည်းလက်သည်းတို့ တပ်ပေးတယ်လို့ ပြောတယ်''

''ဟာ . . . ဒါဆို''

''ဘာလဲကွ''

ကိုကောင်းဆက် သူ့ဆီသို့ ကြည့်မေဦး ရက်လည်ဆွမ်းသွတ်သည့်နေ့က အဘွားအိုတစ်ဦးလာပေးခဲ့သော ရွှံ့ရုပ်အကြောင်းနဲ့ လိပ်ပြာရွှံ့ခဲအကြောင်းကို မင်းဇော်ကို ပြောပြလိုက်၏။

''အဲဒီရွှံ့ရုပ် မင်းဆီရောက်လာပြီး ဘာထူးခြားတာတွေ ဖြစ်သေးလဲ''

''ခြောက်လိုက်တဲ့ သရဲ . . . ငါ အမြဲလန့်နေရတယ်''

''အဲဒီအဘိုးကြီး မင်းဆီပို့လိုက်တာလား မသိဘူး''

''ဟုတ်မှာပေါ့ကွာ . . . ကြည့်မေဦးအမျိုးတွေက ပေးခိုင်းလိုက်တာလို့ ပြောတာပဲ''

''မင်းမှာ အဲဒီရွှံ့ရုပ်ရှိသေးလား''

''ငါ့အိမ်မှာတော့ ရှိတယ် . . . မင်း ဘာလုပ်မလို့လဲ''

''ဘာမှ မလုပ်ပါဘူး . . . မြင်ဖူးတယ်ရှိအောင် ကြည့်ချင်လို့''

ကိုကောင်းဆက် . . . မင်းဇော်ကို အကဲခတ်သလို ကြည့်လိုက်သည်၊ မင်းဇော်က သဘောရိုးအတိုင်း ပြောသည်ဟု သူ ယူဆပြီးမှ . . .

''သေတဲ့လူတွေရဲ့ ဝိညာဉ်တွေက တကယ်ခြောက်တာလား မင်းရဲ့ ဒါမှမဟုတ် အစီအရင်တစ်ခုခုကြောင့် ခြောက်တာလား''

''ငါတော့ သေချာမသိဘူး . . . လူသေတစ်ယောက်ရဲ့ ခန္ဓာကို ဝိညာဉ်ဝင်ပူးပြီး ထလမ်းလျှောက်တာတို့ စကားပြောတာတို့ မတွေ့ဖူးပါဘူး''

''အေးလေ . . . မင်းက ဆရာဝန်ပဲ၊ လူနာတွေ၊ လူသေတွေနဲ့ နေ့စဉ်တွေ့နေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com

''ကြည်မေဦး မင်းကိုခြောက်တာ ... ရုပ်လုံးပြတာ ရှိလား''

''ရုပ်လုံးတော့ မပြဘူးကွ ... အရိပ်လိုလို၊ အသံပေးတာလိုလိုနဲ့''

''မင်းစိတ်ကလည်း ဖြစ်တာနေမှာပါ။ သရဲတစ္ဆေက လူကို တိုက်ရိုက် ဒုက္ခမပေးနိုင်ပါဘူး။ ကောင်းကောင်းအနားယူ၊ ကိုယ့်စိတ်ကို ကိုယ်ကျန်းမာလာအောင် ဂရုစိုက်''

မင်းဇော်က ဆရာဝန်ပီပီ သူ့ကို ... စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုတို့ကို ရှင်းပြသည်။ ဘေးမှာထိုင်ပြီး သူနှင့်မင်းဇော် စကားပြောနေတာကို နားထောင်နေသည့် ဖိုးအေးက ... မင်းဇော် စကားဆုံးသွားသောအခါ ...

''အစ်မကြည်မေခြောက်တာတော့ တကယ်ပါ ဆရာ၊ အစ်ကို့စိတ်ကြောင့် မဟုတ်ဘူး ... ကျွန်တော်လည်း အခြောက်ခံရ တယ်''

''ဟို ... ရွှံ့ရုပ်ကြောင့်များလား မင်းဇော်''

''မင်းတို့ အဲဒီလိုထင်ရင် အရုပ်ကို တစ်နေရာရာမှာ မြေမြှုပ်လိုက်ပေါ့''

''မဟုတ်ဘူး မင်းဇော် ... ငါကိုယ်တိုင်က အဲဒီအရုပ်ကို မြင်မြင်ချင်း လိုချင်တဲ့စိတ်တွေ ဖြစ်လာတယ်၊ ပြီးတော့ ... အဲဒီအရုပ်က ကြည်မေဦး ရုပ်နဲ့ပုံစံတူပဲ''

''ဟင်''

''ခုဆို ငါ့မှာ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရနဲ့ အချိန်တိုင်း လန့်နေတော့တာပဲ''

သူပြောတာကို မင်းဇော်က သေသေချာချာ လေးလေးနက်နက် စဉ်းစားပြီး ...

''ငါ အကြံတစ်ခုပေးချင်တယ်''

''ပြောလေ''





''အဲဒီကြည်မေဦးနဲ့တူတဲ့ ရွှံ့ရုပ်ကို ကြည်မေဦးသေတုန်းက မြှုပ်ခဲ့တဲ့ သင်္ချိုင်းမှာ သွားမြှုပ်လိုက်ပါလား''

''ဘာဖြစ်လို့လဲ''

''သူများအစီအရင်နဲ့ လုပ်ထားတယ်ဆိုရင် သူသေတဲ့နေရာ သူ့ကို ပြန်ထားတယ်ပေါ့ကွာ၊ ဒါဆို ... မင်းဆီ သူလာခြောက်စရာ မလိုတော့ဘူးပေါ့ ...၊

မင်းစိတ်လည်း ပေါ့သွားမယ်လေ၊ စိတ်အစွဲအလမ်းတစ်ခုကြောင့် ကိုယ့်စိတ်ကို ဒုက္ခမရောက်စေနဲ့ ... ကောင်းဆက်''

''အေးပါကွာ ... ငါပြန်ရင် မင်းပြောတဲ့အတိုင်း လုပ်ပါ့မယ်''

ထို့နောက် ...

မင်းဇော်နှင့် ရောက်တတ်ရာရာစကားများ ပြောဆိုပြီးနောက် ဟိုတယ်သို့ ပြန်လာခဲ့တော့သည်။

❋ ❋ ❋


www.burmeseclassic.com

www.burmeseclassic.com

အခန်း (၈)

ဟာရှင်းပါး

မော်လမြိုင်မြို့၏ ညနေပိုင်း ကမ်းနားလမ်းကတော့ လွန်စွာသာယာလှသည်။ လမ်းဘေးတွင် ဈေးရောင်းသူတချို့မှလွဲ၍ လူရှင်းကာ ... လမ်းလျှောက်လို့ကောင်းသဖြင့် ကိုကောင်းဆက်တစ်ယောက်တည်း လမ်းလျှောက်လာ၏။

ညနေ မှောင်ရီပျိုးစအချိန်လေးမို့ ပတ်ဝန်းကျင်ရှုခင်းများက သာယာလှသလို သံလွင်မြစ်တစ်ဖက်ကမ်းက ဘီလူးကျွန်းအလှကလည်း သဘာဝပန်းချီကားတစ်ချပ်လို ဖြစ်နေသည်။

ထိုအချိန်တွင် သူ့ရှေ့မလှမ်းမကမ်းမှ အဘိုးအိုတစ်ဦး လမ်းလျှောက်လာပြီး သူနှင့် မျက်နှာချင်းဆိုင်မိသောအခါ ...

"ဟင်"

"ကြည်မေ့ ယောက်ျား"

"ဟုတ်ကဲ့ အဘ"

အဘိုးအိုက သူ့ကို မှတ်မိသည်။ သူလည်း အဆင်အပြေဆုံးဖြစ်အောင် ဆက်ဆံလိုက်၏။





"ကျွန်တော့် ယောက္ခမတွေ ပြန်ရောက်ပြီလား အဘ"

"မရောက်သေးဘူး ... မင်းရော မပြန်သေးဘူးလား"

"အင်း ... ပြန်မှာပါ"

"သခင်ကြီးတို့ကို မှာစရာရှိရင် ငါနဲ့မှာခဲ့ သူတို့ကိုတော့ စောင့်မနေနဲ့တော့ ... ရန်ကုန်မှာ ကြာဦးမယ်ထင်တယ်"

သူ ကြည်မေဦးဆုံးသွားသည့်ကိစ္စ အဘိုးအိုကို ပြောသင့်မပြောသင့် စဉ်းစားလိုက်သည်။ သူ သံကြိုးရိုက်လိုက်သည့်စာ ရလျှင် အဘိုးအိုလည်း သိပြီးလောက်ပြီဟု ယူဆသဖြင့် ...

"မှာစရာတော့ မရှိပါဘူး"

"အေးလေ ... မင်းမပြန်ခင် အိမ်ကို လာချင်လာခဲ့ဦးပေါ့"

"မပြန်ဖြစ်သေးရင် လာခဲ့ပါ့မယ်"

"အေး ... ငါသွားပြီ"

အဘိုးအိုက သူ့ကိုနှုတ်ဆက်ကာ ထွက်သွားသဖြင့် ကမ်းနားလမ်းအတိုင်း ဆက်လျှောက်လာသည်။

ဒီနေရာ ဒီဝန်းကျင်မှာ တစ်ချိန်တုန်းက ကြည်မေဦးနှင့်သူ အတူတကွ လျှောက်ခဲ့ဖူးကြသည်ကို သတိရကာ ... စိတ်ထဲ၌ လွမ်းသလိုလိုဖြစ်လာသည်။

"မောင်"

"ဟင်"

ကြည်မေဦး၏အသံ သူ့နောက်ကျောမှ ထွက်လာသည်။ နောက်လှည့်ကြည့်လိုက်တော့ ဘယ်သူ့ကိုမှ မတွေ့။ လမ်းမီးတိုင် အလင်းရောင်အောက်မှာ လမ်းမတစ်လျှောက် လူက ရှင်းနေသည်။

သူ့စိတ်ကထင်တာပါဟု တွေးပြီး ... ရှေ့သို့ ဆက်မလျှောက်တော့ဘဲ နောက်ပြန်လှည့်ကာ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

သူ့နောက်ဘက်က အသံ ...။ အခု ထွက်လာသည့်အသံက အဝေးမှခေါ်သည့်အသံ ဖြစ်သည်။

ကိုယ်ကို တစ်ပတ်လှည့်ပြီး ကြည့်သော်လည်း ... ဘယ်သူ့ကိုမှ မတွေ့ရ။ သူ့နားထဲတွင် ကြည်မေဦး ... သူ့ကိုခေါ်သည့်အသံက ပီပီပြင်ပြင်ကို ကြားနေသည်။

စိတ်ကို အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ်ထားကာ ဟိုတယ်သို့ ခပ်မြန်မြန်လျှောက်ပြန်လာခဲ့သည်။

"အစ်ကို ... လမ်းလျှောက်ပြန်လာတာလား"

"အေး"

"ထမင်းစားတော့မလား"

"မစားသေးဘူးကွာ၊ လာ ... တို့တွေ ကော်ဖီသွားသောက်ရအောင်"

သူ ... ဖိုးအေးကိုခေါ်ပြီး ဟိုတယ်မှ ကော်ဖီဆိုင်လေးသို့ ထွက်လာကာ အစွန်ဆုံးစားပွဲဝိုင်းတွင်ပင် ထိုင်လိုက်သည်။ သူ လမ်းမှာ ကြည်မေဦး ခေါ်သံ ကြားခဲ့သည်ကို ဖိုးအေးကိုပြောပြရာ ...

"အစ်ကို ... နားကြားမှားတာလား"

"မမှားဘူးကွ ... သူ့အသံမှ သူ့အသံအစစ်၊ ကြားလို့ လှည့်ကြည့်တာနဲ့ လူကို မတွေ့ရဘူး"

"သရဲတစ္ဆေတွေကို လူတွေ မမြင်ရဖူးမဟုတ်လား။ အစ်ကို့နောက်ကနေ ကိုယ်ယောင်ဖျောက်ပြီး ခေါ်တာနေမှာပေါ့"

"ငါလည်း ဘယ်လိုမှ စဉ်းစားလို့မရတော့ဘူး"

"ဟို ... ဆရာပြောသလို အစ်မကြည်မေပုံ ရွှံ့ရုပ်ကို အိမ်ရောက်ရင်ယူပြီး သချိုင်းမှာ သွားမြှုပ်လိုက်မယ်လေ"

✻ ရဲ ရင့် အောင် ဇာ ထ ✻



"အေးလေ ... အဲဒီလိုပဲ လုပ်ရမှာပေါ့၊ တော်တော်ဒုက္ခပေးတယ်ကွာ ... သေတာတောင် ငါ့ကို လိုက်ခြောက်နေတယ်"

"အစ်မက အစ်ကို့ကို တော်တော်ချစ်တယ်လေ"

"တော်ပါကွာ"

သူ စိတ်ပျက်စွာဖြင့် ဖိုးအေးကိုပြောလိုက်ရာ ... ဖိုးအေးကတော့ ဘာမှဆက်မပြောဘဲ ငြိမ်လို့သာနေသည်။

သံလွင်မြစ်ရေပြင်ကျယ်ကြီးတွင် ညအမှောင်ကြောင့် မည်းမှောင်နေပေမယ့်လည်း လှေ၊ ငါးဖမ်းသင်္ဘောတို့ ဖင်လယ်ထွက်သွားလာနေသည်ကို တွေ့ရသည်။

သူတို့နှင့်မလှမ်းမကမ်းတွင် ငါးဖမ်းလှေငယ်တချို့ကိုလည်း တွေ့ရသဖြင့် ...

"ဖိုးအေး ... ဒီလှေတွေက တစ်ညလုံး ငါးဖမ်းကြတာလား"

"ဟုတ်တယ် အစ်ကို ... ပိုက်ချပြီး ဖမ်းရတာနဲ့တူတယ်၊ ဒီမြစ်က ရေစီးကြမ်းတယ်မလား"

"အေးကွာ ... သူတို့ အလုပ်လုပ်ရတာလည်း လှိုင်းမကြောက်၊ လေမကြောက် ... အသက်နဲ့ရင်းပြီး လုပ်ကိုင်နေရတယ်"

"သူတို့အတွက်တော့ ရိုးနေပြီ အစ်ကို ... ဝမ်းစာအတွက်ပေါ့"

ဖိုးအေးနှင့်သူ စကားတပြောပြောနှင့် ထိုင်နေရင်း ... ညဉ့်နက်လာတော့ ကိုယ့်အခန်းကို ဝင်လာခဲ့ကြသည်။

ကိုကောင်းဆက် အခန်းထဲရောက်တော့ မနေ့ညက ကြားခဲ့သည့် ကြည်မေဦးအသံ ကြားရမှာကို စိုးရိမ်လာသည်။

အိပ်ရာပေါ်လှဲလျောင်းရင်း အိပ်မပျော်သေးသဖြင့် ဟိုတွေးဒီတွေး လျှောက်တွေးနေသော်လည်း သူ့နားထဲတွင် ကြည်မေဦးအသံကို ကြေားက်လာသည်။

✻ ရဲ ရင့် အောင် ဇာ ထ ✻

www.burmeseclassic.com

www.burmeseclassic.com



'ခစ် ‥ ခစ် ‥ ခစ်'

'ခစ် ‥ ခစ် ‥ ခစ်'

မိန်းမတစ်ယောက်၏ ရယ်မောသံက အဝေးကလာသည်ကို သဲ့သဲ့ ကြားလိုက်သည်။

သူ သေသေချာချာ အာရုံစိုက် နားထောင်လိုက်သည်။

'ခစ် ‥ ခစ် ‥ ခစ်'

ရယ်မောသံက သူ့အခန်းနှင့် ... နီးသထက်နီးလာလေရာ ထိတ်လန့်စွာဖြင့် ခုတင်ပေါ်ကဆင်းပြီး အခန်းတံခါးအနီးသို့ လျှောက်သွားသည်။ အခန်းအပြင်က ဖြစ်နေမလားဟုတွေးကာ တံခါးကို နားဖြင့် ကပ်နားထောင်လိုက်၏။

'ရှပ် ‥ ရှပ် ‥ ရှပ်'

"ဟင်"

အခန်းအပြင် စင်္ကြံလမ်းမှာ လျှောက်လာသည့် ခြေသံကို ပီပီပြင်ပြင် ကြားရသည်။

'ရှပ် ‥ ရှပ် ‥ ရှပ်'

ခြေသံက ... သူ့အခန်းဆီသို့ နီးသထက် နီးလာပြီး အခန်းဝသို့ ရောက်သောအခါ ရုတ်တရက် ခြေသံရပ်သွားသည်။

"ဒီအခန်းမှာ လူရှိလို့လား ရှင်"

"..."

ကြည်မေဦး၏အသံကို သူကြားလိုက်ရသဖြင့် ... ကြက်သီးများ ထကာ ခေါင်းကြီးသွားသည်။

အခန်းတံခါးကို ကျောနှင့်ပိတ်ပြီး မနေ့ညက အိပ်မက်မက်ခဲ့သလို ... သူ့ကို ကြည်မေဦး လာသတ်တာလား။

အခုတော့ အိပ်မက်မဟုတ်။ အခြေအနေသိရအောင် အခန်းတံခါး





ဖွင့်ပြီး အပြင်သို့လည်း ထွက်မကြည့်ရဲ။

'ခစ် ‥ ခစ် ‥ ခစ်'

အခန်းအပြင်က ရယ်မောသံကို ကြားရပြီး ... ပြန်ထွက်သွားသည့် ခြေသံက သူ့အခန်းနှင့် ဝေးသထက် ဝေးသွားသဖြင့် သက်ပြင်းကိုချကာ အိပ်ရာပေါ် လှဲချလိုက်လေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

### သရဲကျေးမယ် အ

သူ အိပ်ရာနိုးတော့ ပထမဆုံး စဉ်းစားမိသည်မှာ မင်းဇော်ပြောသည့် ရွှေရုပ်အကြောင်းပင်ဖြစ်သည်။ ကြည်မေဦးရုပ်ရည်နှင့် ပုံစံတူပြုလုပ်ထားသော အရုပ်တွင် လိပ်ပြာသွင်းထား၍ သူ့ကိုခြောက်လှန့်နေတာလားဟု တွေး သည်။

ကြည်မေဦး၏မိဘများအိမ်မှ ခြံစောင့်အဘိုးအိုက . . . အောက် လမ်းအတတ်ပညာဖြင့် သူ့ကို နှောင့်ယှက်လေတာလားဟုလည်း တွေး သည်။

ခေါင်းတွေလည်း အုံ့ခဲနေသဖြင့် စိတ်ကလည်း မကြည်လင်တော့ လူတစ်ကိုယ်လုံးလည်း နွမ်းနေသည်။

သူ ဒီမြို့မှာလည်း ဆက်မနေလိုတော့။ အိမ်သို့ပြန်ကာ ရွှေရုပ်ကို ကြည်မေဦးသင်္ဂြိုဟ်ခဲ့သည့် သချိုင်းမြေပုံတွင် သွားမြှုပ်နှံလိုက်ပါက သူ့ ခြောက်လှန့်ခံရမှာ မဟုတ်တော့ဟု တွေးမိသည်။

'ဒုံး . . ဒုံး'

အခန်းတံခါးထုသံကို ကြားရ၍ ခုတင်အောက်ကိုဆင်းကာ အခန်း





တံခါးကိုဖွင့်လိုက်ရာ အခန်းဝတွင် မတ်တတ်ရပ်နေသော ဖိုးအေးကို တွေ့ လိုက်သည်။

"အစ်ကို . . . နိုးပြီလား"

"အေး"

"အစ်ကို ဒီနေ့ ဘယ်သွားဦးမလဲ"

"ကျိုက်ဝန်းကိုပြန်မယ်ကွာ"

"ဗျာ"

သူ့စကားကြောင့် . . . ဖိုးအေး အံ့သြသွားလေသည်။

"ငါ ဒီမှာနေရတာလည်း စိတ်မပျော်ဘူးကွာ၊ ငါ့ကို ကြည်မေဦး လိုက်ခြောက်နေသလိုပဲ"

"ဟို . . . အိမ်မှာလည်း ခြောက်တာပဲလေ"

"မင်းဇော်ပြောသလို ရွှေရုပ်ကို သင်္ဂြိုဟ်လိုက်ရင် ငါ့ကို ခြောက်မှာ မဟုတ်ဘူးမဟုတ်လား"

"အစ်ကို့သဘောပဲလေ"

ဖိုးအေး သူ့အခန်းမှ ပြန်ထွက်သွားပြီး ကျိုက်ဝန်းမြို့သို့ပြန်ရန် လိုအပ်သည်များကို သွားလုပ်နေသည်။ သူလည်း ရေချိုးအဝတ်အစားလဲကာ ယူလာသည့် အဝတ်အစားအိတ်ကို ဆွဲပြီး . . . အခန်းအပြင်သို့ ထွက်လာ သည်။

ဟိုတယ်ဝန်ထမ်းလေးက သူ့အိတ်ကို လာယူပေးပြီး ကားပေါ်သို့ လိုက်ပို့ပေး၏။ ဖိုးအေးက ကားပေါ်မှ အဆင်သင့်စောင့်နေသည်။

"ကဲ . . . ဖိုးအေး . . . သွားမယ်"

"ကျိုက်ဝန်းကို တန်းမောင်းရမှာလား"

"နေဦး . . . ကြည်မေဦးတို့အိမ်ကို ဝင်ပြောခဲ့မှ ကောင်းမယ်ထင် တယ်၊ အဲဒီအိမ်ကြီးဆီ အရင်မောင်းကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့"

ကားကို ကမ်းနားလမ်းအတိုင်း မောင်းလာပြီး ... မြို့လယ်လမ်းမ ဘက်သို့ တက်ကာ စစ်ကဲကုန်းအရပ်သို့ မောင်းလာ၏။

ကား ခြံဝသို့ရောက်သောအခါ ... တံခါးမှ ခေါင်းလောင်းလေးကို လှုပ်ပြီး အထဲမှလူကို ခေါ်လိုက်သည်။

သိပ်မကြာခင် ... ခြံတံခါးပွင့်လာပြီး ခြံစောင့်အဘိုးအို ထွက်လာ ကာ ...

"သခင်ကြီးတို့ ပြန်မလာသေးဘူး"

"ဟုတ်ကဲ့ အဘ ... ကျွန်တော် ကျိုက်ဝန်းကို ပြန်တော့မယ့် အကြောင်း လာပြောတာ"

"မင်း ပြန်တော့မလို့လား"

"ဟုတ်ကဲ့"

"ဒါဆို ကြည်မေ့ကို ပေးလိုက်စရာရှိလို့"

"ဗျာ"

သူ့ကို အဘိုးအိုက သေချာတစ်ချက်စိုက်ကြည့်ပြီး ခြံထဲသို့ ပြန်ဝင် သွားသည်။ သူ့စိတ်ထဲ၌လည်း ကြည်မေဦးသေတာ မသိသေးဘူးနဲ့ တူ တယ်ဟုလည်း တွေးမိသည်။

ခဏအကြာမှာတော့ ... အထုပ်တစ်ထုပ်ကို လက်ကကိုင်ကာ အဘိုးအို ခြံထဲမှ ပြန်ထွက်လာသည်။

"ရော့ ... ဒီအထဲမှာ ကြည်မေဦးကြိုက်တဲ့ အမဲခြောက်တွေ ... သူ့ကို ပေးလိုက်ပါ"

"အဘ ... သူ ... သူ ..."

"ကြည်မေက သိပ်ကြိုက်ပါတယ် ... ယူသာယူသွား၊ သူ ငယ်ငယ် ကဆို အမဲခြောက်မစားရလို့ တငိုငိုနဲ့ ... သိပ်ကြိုက်ရှာတာ"





"ကျွန်တော် ဘယ် ... လို ... ကျွေး ..."

"အမဲခြောက်ကျွေးတာပဲကွာ ... သူ့ကို ပေးလိုက်၊ ငါပေးလိုက် တာလို့ပြော ... စားမှာပါ"

"ဟုတ်ကဲ့"

အဘိုးအိုပေးသော အမဲခြောက်အထုပ်ကို ယူကာ ကားပေါ်ပြန် တက်ခဲ့ပြီး ကားမောင်းထွက်လာခဲ့သည်။

ဖိုးအေးက ...

"အစ်မကြည်မေ သေသွားပြီပဲ ... ဘယ်လိုလုပ် အမဲခြောက်ကို သွားကျွေးမလဲ"

"အေးကွာ ... ဘာတွေမှန်း မသိဘူး"

"အဲဒီအဘိုးကြီးက ပညာသည်ဆိုတော့ သူပြောတဲ့အတိုင်း မလုပ် ခင် ဘာတွေဖြစ်ဦးမလဲ မသိဘူး"

"ဖြစ်ချင်ရာဖြစ်တော့ ဖိုးအေးရေ ... ကြည်မေသေပြီးကတည်းက ခြောက်ခံလိုက်ရတာ မထူးတော့ဘူး၊ သူက ကြည်မေ့ကို ကျွေးလိုက်ဆိုတော့ ... သင်္ချိုင်းကို သွားကျွေးရမှာပဲ"

ကားလေးက တရိပ်ရိပ်နှင့် မောင်းလာရာ ... တစ်မြို့ပြီးတစ်မြို့ ဖြတ်လာခဲ့သည်။ တောရိပ်တောင်ရိပ်တို့ဖြင့် ပတ်ဝန်းကျင်ရှုခင်းတို့ သာယာ လှသော်လည်း အမြဲခြောက်လှန့်ခံနေသည့်စိတ်ကြောင့် တင်းကျပ်စွာ ခံစား နေရသည်။

"အစ်ကို ... အလာတုန်းက ဝင်စားခဲ့တဲ့ဆိုင်နဲ့ နီးလာပြီ"

"ဘာလဲ ... မင်း ကြေးအိုးဝင်သောက်ဦးမလို့လား"

"ဟာ ... မဟုတ်ပါဘူးဗျာ ... ကြောက်လို့ပြောတာ၊ ပြောရင်း ကြက်သီးတောင် ထလာပြီ"

ဖိုးအေးက သူ့လက်ကိုကြည့်ပြီး ကြောက်ကြောက်လန့်လန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

. . . ပြောသဖြင့် ကိုကောင်းဆက် ပြုံးမိသည်။

"နေ့လယ်ခင်းကြီး သရဲမခြောက်ပါဘူးကွာ . . . ကြောက်စရာမရှိ ကြောက်နေတယ်"

"အစ်ကိုကလည်း . . . အဲဒီညတုန်းက ကျွန်တော်စားတဲ့ ကြေးအိုး ပန်းကန်ထဲက မျက်လုံးပွင့်ပြီး ကျွန်တော့်ကိုကြည့်နေလိုက်တာ၊ ပြောရင်းနဲ့ လန့်လာတယ်"

"ဖိုးအေးရယ် . . . ဝက်မျက်လုံးတို့ နွားမျက်လုံးတို့လည်း ပန်းကန်ထဲရောက်လို့ ရုတ်တရက်ကြည့်လိုက်ရင် လူမျက်လုံးလိုပဲမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ် . . . ဒါပေမဲ့"

"ဒါပေမဲ့ လုပ်မနေနဲ့ . . . မင်းညာဘက်ကို ကြည့်လိုက်"

"ဟင်"

ဖိုးအေး . . . သူ့ညာဘက်ခြမ်းကိုကြည့်လိုက်ရာ အုတ်ဂူများဖြင့် လမ်းဘေးသချိုင်းကို တွေ့ရသည်။ သချိုင်းဘေးတွင် သူတို့လာစဉ်က ဝင်စားခဲ့သော ထမင်းဆိုင်အဆောက်အအုံကို တွေ့ရသည်။

"အစ်ကို . . . ဟိုမှာ ဓားကိုင်ထားတဲ့ အဘိုးကြီး"

"ဟင်"

"ကျွန်တော်တို့ကားကို သေချာကြည့်နေတယ် . . . ဘာလုပ်မလို့လဲ မသိဘူး"

အဘိုးကြီးက ဆိုင်ရှေ့မတ်တတ်ရပ်ပြီး . . . သူတို့ကားကို လက်ဖြင့် တားနေသည်။

"အစ်ကို . . . ရပ်ပေးလိုက်ရမလား"

"ရပ်ပေးလိုက်ကွာ . . . နေ့လယ်ခင်းပဲ ဘာမှမဖြစ်လောက်ဘူး"

"ဟုတ် . . . ဟုတ်ကဲ့"

ဖိုးအေး ကားဘရိတ်ကိုနင်းကာ ရပ်ပေးလိုက်သည်။





"ဆိုင်ထဲ ဝင်နားသွားပါလား . . . ဒီနေ့ အသားတွေ ရထားတယ်"

"နေပါစေတော့ . . . ကျွန်တော်တို့သွားမယ့်ခရီးက ဝေးသေးတယ်၊ နိုင်မရလို့ပါ"

ကိုကောင်းဆက် အဘိုးအိုကိုရှင်းပြလိုက်ရာ . . . အဘိုးအိုရဲ့ မျက်လုံးက ကားအနောက်ဘက်က ကြည့်မေဦးကို ကျွေးဖို့ပေးလိုက်သည့် အထုပ် အကြည့်ရောက်သွားသည်။

"ဟိုအထုပ်က အသားထုပ်လား"

"ဟင်"

ကားအနောက်ထဲတွင် ထားသောအထုပ်ကို လက်ညှိုးထိုးပြော ဖြင့် . . . ကိုကောင်းဆက် ကားပေါ်ကဆင်းပြီး နောက်ခန်းသို့ လာကာ ကြည့်လိုက်သည်။

အဝတ်ဖြင့်ထုပ်ထားသော အထုပ်မှာ . . . ထူးဆန်းစွာပင် သွေးစတို့ ပေနေသည်။

"ဟို . . . မိတ်ဆွေတစ်ယောက် လက်ဆောင်ပေးလိုက်တာ"

"ဘာလဲ . . . သရဲကျွေးမလို့လား"

"ဟင်"

"မင်းအထုပ်က အမဲသားထုပ်ပဲ၊ ငါ့အကောင်တွေကလည်း သိပ် ကြိုက်တယ်၊ တစ်ဝက်လောက် ရောင်းခဲ့ပါလား"

"ဟို . . . ဟို . . . မဖြစ်ဘူး . . . သူပေးခိုင်းလိုက်တဲ့သူကို ပေးမှ ရမှာ"

"ဩော် . . . ပညာသည်ပဲ နေမှာပါ၊ ကဲ . . . ကဲ . . . မရောင်းချင် နေတော့"

"ဟုတ်ကဲ့ . . . ကျွန်တော်တို့ သွားတော့မယ်"

ကိုကောင်းဆက် ကားပေါ် အမြန်တက်လိုက်သည်နှင့် ဖိုးအေးက



www.burmeseclassic.com

www.burmeseclassic.com



ကားကို ... မောင်းထွက်လာတော့သည်။ ထမင်းဆိုင်နှင့် အတော်လှမ်းသည့်နေရာသို့ ရောက်လာသောအခါ ဖိုးအေးက ...

"အစ်ကို ရပ်နိုင်းလို့သာ ရပ်ပေးလိုက်ရတာ ... ကျွန်တော်ကြောက်နေတာ အစ်ကိုရဲ့"

"ဘာမှ ကြောက်စရာမရှိပါဘူး၊ အလာတုန်းက ညသန်းခေါင်လောက် သူတို့ဆိုင်ရောက်တော့ ... သရဲလား၊ လူလား သေချာအောင်ရပ်နိုင်းလိုက်တာ"

"လူပါနော်"

"လူပါကွာ ... ထူးဆန်းတာက ကားအနောက်ထဲက ပါလာတဲ့အမဲခြောက်အထုပ်ကို ဘယ်လိုလုပ်သိလဲ မသိဘူး"

"အင်းနော်"

"အဲဒီအထုပ်ကလည်း သွေးတွေ စွန်းနေတယ်ကွ"

"ဆေးနေမှာပါ ... ဒီအရပ်ဘက်က လူတွေ အသားအခြောက်လှန်းရင် ဆေးတစ်မျိုးစိမ်လှန်းတာ"

"အေးလေ ... ဟုတ်မှာပါ"

ထို့နောက် ... တစ်ယောက်နှင့်တစ်ယောက် အတွေးကိုယ်စီဖြင့်စကားဆက်မပြောဖြစ်တော့ဘဲ ဖိုးအေးက ကားကို ဂရုစိုက်ဆက်မောင်းလိုက်လာခဲ့တော့သည်။

❁ ❁ ❁



အခန်း (၁၀)

လိပ်ပြာလူးသည့် သူ

ကိုကောင်းဆက်တို့ ကျိုက်ဝန်းမြို့သို့ပြန်ရောက်တော့ ညနေစောင်းအချိန်ပင် ရောက်နေပြီ၊ အိမ်ကို မပြန်သေးဘဲ စားသောက်ဆိုင်သို့ ကားကိုမောင်းလာခဲ့သည်။

"ဟာ ... ဆရာပြန်လာပြီလား။ ကျွန်တော်က အေးအေးဆေးဆေးနေမယ်ထင်တာ"

"အေးကွာ ... ပြန်လာချင်တဲ့စိတ်ရှိတာနဲ့ ပြန်လာတာ၊ ဆိုင်မှာဒီရက်ပိုင်း ဘာထူးထူးခြားခြားရှိလဲ နိုင်ဇော်"

"အမျိုးသမီးတစ်ယောက် ဆရာ့ကို လာမေးတယ်"

နိုင်ဇော်က သူ့အနားသို့ တိုးတိုးကပ်ပြောလိုက်ရာ ...

"ဟေ ... ဘယ်သူတဲ့လဲ"

"အေးအေးဆေးဆေးပြောပြမယ် ဆရာ ... အရမ်း ထူးဆန်းနေတယ်"

"ဘာထူးဆန်းလို့လဲ"

"အထဲကို လာပါ ဆရာရယ် ... အပြင်မှာ မတော်တဆိုးကြီး"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆိုင်ထဲသို့ဝင်ကာ သူ့အလုပ်အခန်းထဲသို့ ဝင်လာခဲ့ရာ ... နိုင်ဇော်က နောက်မှလိုက်လာရင်း အခန်းထဲရောက်တော့ သူနှင့် မျက်နှာချင်းဆိုင် စားပွဲမှာ ဝင်ထိုင်လိုက်၏။

"ကဲ ... ပြော ... ဘာအထူးအဆန်းတွေလဲ"

"အစ်မကြည်မေ ဆိုင်ကို လာသွားတယ်"

"ဟင်"

သူ အံ့ဩစွာဖြင့် ထိုင်ရာမှ ရုတ်တရက် မတ်တတ်ထရပ်လိုက်ပြီး ... နိုင်ဇော့်ကို သေချာကြည့်ကာ လေသံတင်းတင်းနှင့် ...

"မင်း ... ငါ့မိန်းမ ကြည်မေသေတာ မသိဘူးလား"

"သိ ... သိပါတယ်၊ ဆရာ မရှိတုန်းလာတာလည်း အစ်မကြည်မေပဲ"

"မဖြစ်နိုင်တာကွာ ... ဘယ်တုန်းက လာတာလဲ"

"ဒီနေ့ ... နေ့လယ်အချိန်လောက်က"

"ဟင်"

သူ ခေါင်းတစ်ခုလုံး ကြီးသွားကာ နိုင်ဇော့်ကို ဘယ်လိုဆက်မေးရမှန်းပင် မသိတော့။ စိတ်ကို တဖြည်းဖြည်းလျှော့ပြီး ...

"ကဲ ... နိုင်ဇော် ... ငါ့ကို သေသေချာချာ အစအဆုံး ရှင်းပြ၊ ငါ့မိန်းမ သေတာလည်း ရပ်သိ၊ ရွာသိပဲမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

နိုင်ဇော်က နေ့လယ်၌ သူတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တို့ကို ကိုကောင်းဆက်အား ပြောပြလိုက်သည်။

❁





နေ့လယ်ခင်း လူပါးချိန်မို့ ... ဆိုင်ထဲရှိ စားပွဲလွတ်တစ်လုံးတွင် နိုင်ဇော်တစ်ယောက်တည်း ထိုင်ကာ ... အရောင်းစာရင်းလယ်ဂျာကို စစ်နေ၏။

ထိုစဉ် ...

ဆိုင်ထဲသို့ အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ဦး နိုင်ဇော်ရှိရာသို့ တန်းလာပြီး စားပွဲရှေ့သို့ ရောက်သောအခါ ...

"ဟဲ့ နိုင်ဇော် ... နင့်ဆရာ ဘယ်သွားလဲ"

"ဗျာ ... ဟို ... ခရီးသွားတယ်"

"ငါ့ကိုလည်း ဘာမှ မပြောသွားဘူး ... ကြာပြီလား"

"ဟုတ်ကဲ့ ... အစ်မက ဘယ်သူလဲ"

သူ တစ်ခါမှမမြင်ဖူးသည့် အမျိုးသမီးက သူ့ကိုရော၊ သူ့ဆရာကိုပါ အလွန်ရင်းနှီးသည့်ဟန်ဖြင့် မေးသဖြင့် ... နိုင်ဇော် သူမေးတာကို ဖြေပြီး ပြန်မေးလိုက်ခြင်းဖြစ်၏။

"ဟဲ့ နိုင်ဇော် ... နင် ဘာကြောင်နေတာလဲ၊ ငါ ကြည်မေလေ နင့်ဆရာမိန်းမ ကြည်မေ"

"ဗျာ"

အမျိုးသမီးအသံက သူ့ဆရာမိန်းမ ကြည်မေဦးနှင့်တူသော်လည်း ရုပ်ရည်ကတော့ မတူပါ။ အသားဖြူဖြူ၊ အရပ်မြင့်ပုံက လွဲလျှင် ယခု သူ့ကိုပြောနေသည့် အမျိုးသမီးက ကြည်မေဦးထက် ပိုချောသည်။

"နင့်ဆရာ ဘာမှာသွားသေးလဲ"

"ဟင့်အင်း"

"မောင်က အဲဒီအတိုင်းပဲ ... ကိုယ့်စီးပွားရေးတစ်ခုလုံးကို ပစ်ပြီး ထွက်ထွက်သွားတတ်တယ်၊ ငါ အရမ်းစိတ်ညစ်တယ် နိုင်ဇော်၊ ဒါ အရောင်း



www.burmeseclassic.com

www.burmeseclassic.com



စာရင်းလယ်ဂျာမဟုတ်လား . . . ပေးစမ်း''

နိုင်ဇော်ရှေ့က လယ်ဂျာကိုဆွဲယူပြီး ထိုင်ခုံအလွတ်တွင်ထိုင်ကာ လယ်ဂျာစာအုပ်ကြည့်နေသော အမျိုးသမီးကိုကြည့်ရင်း နိုင်ဇော်အံ့အားသင့်လာသည်။

သူ တစ်ခါမှမမြင်ဖူးသည့် ရဲတင်းသည့်အမျိုးသမီးဟန်ပန်မှာ ဒီဆိုင်၊ ဒီဝန်းကျင်မှာ လွန်စွာရင်းနှီးနေပုံပေါက်သည်။

''ဒီလ အရောင်းကျတယ်နော် . . . နင် သေသေချာချာ အလုပ်လုပ်၊ အရင်လက အရောင်းရဲ့ တစ်ဝက်တောင် မမီဘူး''

''ဟုတ် . . . ဟုတ်ကဲ့''

''လက်ကျန်ငွေကလည်း ဘာမှမရှိဘူး၊ နင့်ဆရာယူသုံးတာမဟုတ်လား''

''ဆရာ ခရီးသွားခါနီး ငွေယူသွားတာပါ''

''အဲ့ဒါခက်တာပေါ့ နိုင်ဇော်ရဲ့၊ မောင်က စည်းကမ်းကိုမရှိဘူး ငွေတအားသုံးတာပဲ၊ ကဲ . . . ရော့ စာအုပ်ပြန်ယူ၊ အလုပ်ကို သေချာလုပ်ကြားလား''

သူ့ကို စာအုပ်ပြန်ပေးပြီး ထိုင်ခုံမှထကာ ပြန်ရန်ပြင်လိုက်သော အမျိုးသမီးကို . . .

''အစ်မ ဘယ်ကိုပြန်မှာလဲ''

''အိမ်ကိုပြန်မှာပေါ့၊ နေပါဦး . . . ဘာဖြစ်လို့ ငါ့ကိုမေးတာလဲ''

''အိမ်မှာ ဘယ်သူမှမရှိဘူးလေ၊ ဆရာခရီးသွားတော့ သော့ခတ်သွားတယ်မဟုတ်လား''

''သွားစရာမရှိရင် သင်္ချိုင်းကုန်းပဲ ပြန်သွားမယ်''

''ဗျာ''

ဆိုင်ထဲမှထွက်သွားသော အမျိုးသမီးကိုကြည့်ရင်း နိုင်ဇော့်စိတ်ထဲ





အံ့ဩခြင်းများစွာနဲ့ ငေးကြည့်နေမိသည်။

''အဲ့ဒါပဲ ဆရာ . . . ကျွန်တော် ဘာလုပ်ရမှန်းမသိတာနဲ့ ဆရာ့ဆီ ဖုန်းလှမ်းဆက်တာ ဖုန်းက ခေါ်လို့လည်းမရဘူး''

''တစ်ယောက်ယောက်က လာနောက်တာလား မသိဘူး''

''နောက်တာတော့ မဟုတ်ဘူး ဆရာ၊ အဲဒီအမျိုးသမီး ပြောပုံဆိုပုံက . . . အစ်မကြည်မေ ပြောဟန်ဆိုဟန်ပဲ''

''ဟင်း''

ကိုကောင်းဆက် သက်ပြင်းကို လေးတွဲစွာ ချလိုက်ရင်း ဆိုင်ရှေ့သို့ ငေးကာ ကြည့်နေသည်။

''ဆ . . . ဆရာ့ကို တစ်ခုမေးမလို့''

''ဘာမေးမှာလဲ''

''အစ်မကြည်မေရဲ့လိပ်ပြာကို သင်္ချိုင်းကို ပြန်မပို့ဘူးလား''

''ဘာဖြစ်လို့လဲ''

''ကျွန်တော်ကြားဖူးတာ ရှိတယ် . . . သေတဲ့လူရဲ့လိပ်ပြာကို သူ့နေရာနဲ့သူ ပြန်မထားရင် အဲဒီလိပ်ပြာက လွင့်ချင်တဲ့နေရာ လွင့်ပြီး ကပ်လို့ရတဲ့ခန္ဓာကို ဝင်သွားတတ်တယ်တဲ့''

''ပုံပြင်တွေ နေမှာပါကွာ''

''နေ့လယ်က ကျွန်တော်ကြုံတာ ပုံပြင်မဟုတ်ဘူး ဆရာ၊ တစ်ခါမှ မမြင်ဖူးတဲ့ မိန်းမတစ်ယောက်က သူ့ကိုယ်သူ အစ်မကြည်မေဆိုပြီး စာရင်းတွေ စစ်, ဆရာ့အကြောင်း မေး, အလုပ်ကိစ္စတွေပြောနဲ့ဆိုတော့ . . .''

''ကဲ . . . ထားပါကွာ . . . အဲဒီကိစ္စ ငါစုံစမ်းဦးမယ်၊ ကြည်မေသေပြီးကတည်းက ဘာတွေဖြစ်နေမှန်းမသိဘူး၊ ငါလည်း အရမ်း စိတ်ညစ်တယ်''

ညည်းညည်းညူညူနှင့်ပြောရင်း အခန်းထဲမှထွက်ကာ ဆိုင်အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ထပ်သို့ တက်လာသည်။

အပေါ်ထပ်တွင် သီချင်းဆိုသည့်ကောင်မလေးများ နားနေခန်းနှင့် ဆိုင်ပတ္တည်းအချို့ထားသည့်-စတိုခန်းအပြင် ကိုကောင်းဆက် တစ်ခါတစ်ရံ အိပ်သည့် အိပ်ခန်းတို့ ရှိသည်။

သူ အပေါ်ထပ်သို့ တက်လာတာကို ကေသရီက မြင်တော့ ...

"ဦး ... ခရီးသွားပြီး ပြန်လာတာ၊ ကေသရီတို့အတွက် ဘာပါလာ လဲ"

"စိတ်ညစ်စရာတွေပဲ ပါလာတယ်ဟေ့"

"ဟာ ... ဦးကလည်း ... ဘာစိတ်ညစ်စရာလဲ၊ ကောင်မလေး ချောချောနဲ့ မတွေ့ခဲ့ရတဲ့ စိတ်ညစ်စရာလား"

"မဟုတ်ပါဘူးကွာ"

ကေသရီကို ပြောပြီး ... အိပ်ခန်းထဲဝင်လာကာ ခုတင်ပေါ် တက်လှဲလိုက်သည်။ ခရီးကပန်း၊ စိတ်ကလည်း နွမ်းနေတာမို့ ... တစ်ကိုယ် လုံး နှံ့နေကာ ခေါင်းတွေလည်း မူးနောက်နေ၏။

'တူ ... တူ ... တူ'

သူ့အိပ်ရာဘေးတွင် ချထားသော ဖုန်းသံက မြည်လာသဖြင့် ကောက်ကိုင်ကာ ...

"ဟဲလို ... ကောင်းဆက်ပါ"

'ခစ် .. ခစ် .. ခစ်'

မိန်းမတစ်ယောက်၏ ရယ်မောသံထွက်လာသည်။ စကားလည်း မပြောပေ။

"ဘယ်သူလဲ ... ဖုန်းဆက်ပြီး ဘာလို့ ရယ်နေတာလဲ"

"ခစ် .. ခစ် ... မောင်ရယ် ... ဘာလို့ ဒေါသကြီးနေတာလဲ မောင့်မိန်းမ ကြည်မေလေ ... ကိုယ့်မိန်းမအသံတောင် မမှတ်မိဘူးလား

✻ ရဲရင့်အောင်စာပေ ✻



"ဘာတွေ လာပြောနေတာလဲ ... ကြည်မေက သေပြီ"

သူ့အားရပါးရ အော်လိုက်သည်။ တစ်ဖက်က သူ့အသံကို ရယ် မောက်သည့် ဟန်ဖြင့် ...

"ကြည်မေ မသေပါဘူး ... မောင်ရဲ့ မောင့်မိန်းမ မောင့်အနားမှာ ရှိနေပါတယ်"

"ဟင်"

သူ ဖုန်းကိုကိုင်ပြီး ... အခန်းထဲကို လှည့်ပတ်ကြည့်သည်။ ဘာမှ မတွေ့ရ။

"မင်း ... ငါ့ကို ခြောက်နေတာလား"

"ခက်တာပဲ မောင်ရယ် ... မောင့်ကို သိပ်ချစ်တဲ့မိန်းမက ခြောက်မ လား"

"တော် ... ဘာမှ ဆက်မပြောနဲ့၊ မင်းနဲ့ငါက ဘဝခြားသွားပြီ၊ ငါ့ဆီမလာနဲ့"

'ခစ် .. ခစ် .. ခစ်'

ရယ်မောသံက ဖုန်းထဲတွင် အဆက်မပြတ် ထွက်လာသဖြင့် ... ဖုန်းကိုပိတ်ကာ ခုတင်ဘေးမှ စားပွဲပေါ်သို့ ပစ်တင်ထားလိုက်၏။

"ဟင်း"

သက်ပြင်းကို ချပြီး ... ခုတင်ပေါ်တွင် ခေါင်းအုံးကို မျက်နှာနှင့် အပ်ကာ ထားလိုက်သည်။

ကြည်မေဦး မကျွတ်မလွတ်ဖြစ်နေပါလား။ ဘယ်လို လုပ်ရမလဲ။ နိုင်အော်ပြောသည့် အမျိုးသမီးကရော ဘာလဲ။

အတွေးများ ကယောက်ကယက်ဖြစ်ကာ ခေါင်းတစ်ခုလုံး ထူပူလို့ သာ နေလေတော့သည်။

❁ ❁ ❁

✻ ရဲရင့်အောင်စာပေ ✻
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### အမျှဝေသည်

ဘယ်လိုက ဘယ်လို အိပ်ပျော်သွားသည်မသိ၊ အိပ်ရာကနိုးတော့ . . . မနက်မိုးလင်း၍ပင် နေသည်။

အခန်းထဲက ထွက်၊ ဆိုင်အောက်ထပ်သို့ ဆင်းကာ ရေချိုး အဝတ်အစားလဲပြီး . . . ဆိုင်နှင့်မနီးမဝေးမှ လက်ဖက်ရည်ဆိုင်သို့ ထွက်လာ၏။

လက်ဖက်ရည်ဆိုင်ထဲကို ဝင်လိုက်သည်နှင့် . . . အတွင်းစားပွဲဝိုင်းတစ်ခုက သူ့ကို လှမ်းခေါ်သည့်အသံကို ကြားလိုက်သည်။

"ကိုကောင်းဆက် . . . ပျောက်လှချည်လား၊ လာ . . . လက်ဖက်ရည်သောက်"

"ခရီးသွားနေလို့ ကိုစောလွင် . . . ခင်ဗျားရော အလုပ်အဆင်ပြေရဲ့လား"

ကိုစောလွင်တစ်ယောက်တည်း ထိုင်နေသည့် စားပွဲဝိုင်းသို့ ဝင်ထိုင်ကာ မေးလိုက်၏။

"အရောင်းအဝယ်သမားဆိုတော့ ဒီလိုပါပဲ . . . ပြေလိုက်၊ မပြေလိုက်နဲ့ လုံးလည်ချာလိုက်လိုက်နေတာပေါ့ဗျာ"





"အလုပ်တွေကတော့ ဒီလိုပါပဲ"

"ကိုကောင်းဆက် . . . ခင်ဗျား နေကောင်းရဲ့လား"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားကြည့်ရတာ သိပ်မလန်းသလိုပဲ"

ကိုစောလွင်ရဲ့ စကားကြောင့် သူ့စိတ်ထဲ ခံစားနေရတာတွေကို ပြောလိုက်ရင် ကောင်းမလားလို့ တွေးမိသည်။

"ကိုစောလွင် . . . ခင်ဗျား သရဲတစ္ဆေကို ယုံလား"

"ဘာဖြစ်လို့လဲ"

"ခင်ဗျား . . . ကျွန်တော့်မိန်းမကြည်မေကို သိတယ်နော်"

"သိတာပေါ့ . . . သူ့နာရေးတုန်းက ကျွန်တော်လိုက်ပို့သေးတယ်လေ"

"ကြည်မေ မကျွတ်မလွတ်ဖြစ်နေတယ်ထင်တယ် ကိုစောလွင် . . . ကျွန်တော့်ကို တအားခြောက်တာပဲ"

"ဗျာ"

ကိုစောလွင်က သူ့ကို ရူးစမ်းတဲ့အကြည့်ဖြင့် ကြည့်ကာ ဆက်ပြောသည့်စကားကို နားစွင့်နေသည်။

"ကျွန်တော် ညဘက်ဆို သူ့အသံကြားကြားနေတယ်၊ အိမ်မှာလည်း ဟိုနေရာ ရိပ်ခနဲ, ဒီနေရာ ရိပ်ခနဲ တွေ့နေရတယ်ဗျာ"

"ကိုကောင်းဆက်စိတ်က ထင်တာများလား"

"မဟုတ်ဘူး ကိုစောလွင် . . . ကျွန်တော် သရဲတစ္ဆေကို မကြောက်ပါဘူး . . . ဒါပေမဲ့ အခုဖြစ်နေတာတွေက လက်တွေ့ဆန်လွန်းတယ်"

"ကိုကောင်းဆက် စိတ်အစွဲကြောင့်ဖြစ်တာများလား"

"ကျွန်တော်က လက်တွေ့သမားကိုစောလွင်၊ အခု . . . ကြုံနေရတာတွေက ကျွန်တော်စိတ်ကူးယဉ်ပြီး လျှောက်ပြောနေတာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မနေ့က နေ့လယ်လောက်မှာ ဆိုင်ကို ကြည်မေဆိုတဲ့ . . . မိန်း လာပြီး စာရင်းတွေစစ်, ကျွန်တော့်ကို မေး ညရောက်တော့ ကျွန်တော့် ဖုန်းဆက်တယ်''

''ဟာ . . . ဒါဆို ကိုကောင်းဆက်ပြောတာတွေက သိပ်ထူးဆ နေပြီ''

သူ . . . ကိုစောလွင်ကို မော်လမြိုင်မှာ ကြုံခဲ့သည့်ကိစ္စနှင့် ကြည် ဦး ရက်လည်နေ့က . . . အဘွားအိုတစ်ဦး လာပေးသည့် လက်ဆော အကြောင်းတို့ကို ပြောပြလိုက်သည်။

''ကိုကောင်းဆက်ကို ကျွန်တော်ကြားဖူးတာ ပြောပြမယ် . . သရဲဝိညာဉ်ဆိုတဲ့ လိပ်ပြာဟာ သိပ်ထူးဆန်းတယ်၊ တစ်ယောက်ခန္ဓာ ထွက်ရင် တခြားအမှီတွယ်ရာကို ရှာတော့တာပဲ . . .၊

အဲဒီလူရဲ့ ကုသိုလ်, အကုသိုလ်ပေါ်မှာလည်း မူတည်ပြီး ကော တဲ့ဘဝကို ရောက်သလို, မကောင်းတဲ့ဘဝကိုလည်း ရောက်ကြတ တစ်ခုရှိတာက . . . အဲဒီလိပ်ပြာဟာ တခြားဘယ်နေရာမှ မကပ်ဘဲ နဂို ခန္ဓာကို ပြန်လည်လာတဲ့အခါ သူ့မူရင်းခန္ဓာက မရှိတော့ဘူးဆိုရင် . .

ဝေ့လည်လည်နဲ့ သူနေလို့ရတဲ့ခန္ဓာကို သွားကပ်နိုင်တယ်၊ အချိန်မှာ အကပ်ခံရတဲ့ခန္ဓာနဲ့ သူ့ကိုလာကပ်တဲ့ လိပ်ပြာနဲ့က တခြ ဖြစ်နေတော့တာပဲ . . .၊

ဒါဟာ ရှားရှားပါးပါးဖြစ်တတ်တဲ့အဖြစ်ပါ . . . အင်မတန် ဖြ ပါတယ်''

''ကိုစောလွင်ဆိုလိုတာက ကြည်မေ့လိပ်ပြာ တခြားမိန်းမ ယောက်ကို သွားကပ်နိုင်တယ်လို့ ပြောတာလား''

''ဖြစ်နိုင်ခြေကို ပြောတာပါ''

''အဲဒီလိုဆို ဒုက္ခပါပဲ''





သူ့ပါးစပ်က လွှတ်ခနဲထွက်သွားသည့် စကားကို မနည်း ဘရိတ် အုပ်လိုက်ပြီး ကိုစောလွင်ကို ကမန်းကတန်း ကြည့်လိုက်သည်။ ကိုစောလွင် ကတော့ သူပြောသည့်စကားကို ကြားဟန်မတူဘဲ ရေနွေးကြမ်းကို အိုးထဲမှ ခွက်ထဲသို့ ထည့်ကာနေသည်။

''ကိုစောလွင်ကို မေးဦးမယ် . . . ကြည်မေ့လိပ်ပြာက တခြားမိန်းမ ကို သွားကပ်တယ်ဆိုရင် အဲဒီမိန်းမလိပ်ပြာ ဘယ်ရောက်သွားလဲ''

''အကပ်ခံရမိန်းမရဲ့ လိပ်ပြာက တခြားဘဝရောက်နေပြီး ခန္ဓာက အသက်မဲ့နေလိမ့်မယ်၊ ဒါဟာလည်း အချိန်ပိုင်းလေးမှာ ကပ်ဖြစ်မှရမှာ၊ အဲဒီအချိန်လေးမှာ တိုက်တိုက်ဆိုင်ဆိုင် လိပ်ပြာဝင်ကူးတာလို့ ကျွန်တော် ထင်တယ် . . .၊

ကျွန်တော့်အထင်ကို ပြောတာနော် . . . အတိအကျကြီး မဟုတ်ဘူး ခု ကိုကောင်းဆက်ဖြစ်နေတာတွေနဲ့ အကျိုးအကြောင်းဆီလျော်အောင် ငြိုးစား''

''ကျွန်တော်ကတော့ ဘာမှကို မတွေးတတ်တာ''

ကိုစောလွင်က စိတ်ကူးယဉ်သမား၊ အလွန်ဆန်းပြားသည့် စိတ်ကူး ယဉ်ဇာတ်လမ်းတချို့ကို ဟိုးအရင်တည်းက သူ့ကို ပြောပြတတ်သည်။

လူပျိုကြီးလည်း ဖြစ်သလို . . . စိတ်သဘောထားလည်း အလွန် ကောင်းသောကြောင့် သူနှင့် တစ်ခါတစ်ရံ အဖွဲ့ကျတတ်သည်။ ကိုစောလွင် လည်း တခြား . . . တော်ရုံလူနှင့် အပေါင်းအသင်းမလုပ်။ တစ်ယောက် တည်း တွေးချင်ရာတွေးနေရတာကို ကျေနပ်နေသည့်လူမျိုးဖြစ်သည်။

''အကောင်းဆုံးက . . . ခင်ဗျားမိန်းမ ကြည်မေ့အတွက် ရည်စူးပြီး သံဃာကြီးတွေကို ဆွမ်းကပ်, ခင်ဗျားအိမ်မှာ ပရိတ်နာ, ကောင်းမှုကုသိုလ် ဝေပေးလိုက်ပေါ့၊ သရဲတစ္ဆေဖြစ်နေတယ်ဆိုရင်လည်း ကျွတ်သွားတာပေါ့ ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''တစ်လပြည့် ဆွမ်းသွတ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်''

''ရည်ရွယ်မနေနဲ့ . . . လုပ်ဖြစ်အောင်လုပ်၊ တမလွန်ဘုံ ဘဝက သရဲတစ္ဆေ ပြိတ္တာတွေဟာ သိပ်သနားစရာကောင်းတယ်၊ လူတွေ ကောင်းမှု ကုသိုလ်လုပ်မှသာ သာဓုခေါ်ခွင့်ရပြီး ကျွတ်လွတ်သွားကြတယ်မဟုတ်လား . . . ဆရာတော်ကြီးတွေလည်း ဟောထားတယ်လေ''

''ကျွန်တော် အမျှဝေပေးမှာပါ''

''ကောင်းတယ်ဗျာ ကောင်းတယ် . . . ဒါ အလုပ်သင့်ဆုံး အလုပ် တစ်ခုပဲ''

ကိုစောလွင်နှင့် စကားအနည်းငယ် ဆက်ပြောပြီးနောက် ဆိုင်သို့ ပြန်လာခဲ့သည်။ ဆိုင်ရောက်တော့ ဖိုးအေး ကားရေဆေးနေသည်ကို တွေ့ သဖြင့် . . .

''ကားရေဆေးပြီးရင် အိမ်သွားမယ်''

''ကျွန်တော်တို့နှစ်ယောက်တည်းလား၊ နိုင်ဇော်ပါ ခေါ်သွားရင် ကောင်းမယ်ထင်တယ် အစ်ကို''

''ဘာဖြစ်လို့လဲ''

''ဟို . . . ရွှံ့ရုပ်ကို သချိုင်းမှာ သွားမြှုပ်ရဦးမယ်မဟုတ်လား . . . လူများတော့ ကောင်းတာပေါ့''

ဖိုးအေးပုံစံက ခပ်လန့်လန့်ပုံ ပေါက်နေသဖြင့် သူ ဘာမှ ဆက် မပြောတော့ဘဲ ဆိုင်ထဲဝင်လာခဲ့သည်။

''အစ်ကို . . . လက်ဖက်ရည်သောက်ပြန်လာတာလား''

''အေး . . . မင်းကို မှာစရာရှိသေးတယ် . . . ဒီနားလာဦး''

နိုင်ဇော်ကို သူ့အနီးနားကို ခေါ်ကာ . . .

''မင်းဆီကို မနေ့ကမိန်းမ ရောက်လာရင် ငါ့ဆီ ချက်ချင်းဖုန်းဆက် လိုက်''





''သူက . . . အစ်မကြည်မေ အစစ်မဟုတ်ဘူးနော်''

''အေးပါ . . . သူပြောတိုင်း မင်း အကုန်လိုက်မလုပ်နဲ့၊ လူလိမ် တစ်ယောက်ဆို ငါတို့ ဒုက္ခရောက်လိမ့်မယ်''

''လူလိမ်တော့မဟုတ်နိုင်ဘူး . . . အဲဒီမိန်းမပုံစံက လိမ်ချင်လို့ လာတဲ့ပုံစံမဟုတ်ဘူး၊ သူ့ဟန်ပန်အမူအရာက အစ်မကြည်မေနဲ့ တစ်ထပ် တည်း''

''ဘယ်လိုပဲဖြစ်ဖြစ် . . . မင်း ငါ့ဆီ ဖုန်းဆက်''

''ဟုတ်ကဲ့ ဆရာ''

သူ ဆိုင်ထဲသို့ လှည့်ပတ်ကြည့်ကာ လိုအပ်သည့်အလုပ်များကို စေ့စေ့တကျလုပ်ရန် နိုင်ဇော်ကို မှာလိုက်သည်။

ထို့နောက် . . .

ဆိုင်ပြင်သို့ ပြန်ထွက်လာရာ ဖိုးအေးက ကားရေဆေးပြီး၍ ကား အောက်၌ရပ်ကာ သူ့ကိုစောင့်နေသည်။

''ပြီးပြီလား ဖိုးအေး . . . သွားမယ်''

''ဟိုအထုပ်ယူရဦးမလား''

''ဘယ်အထုပ်လဲ''

''ဟိုအဘိုးကြီး . . . အစ်မကြည်မေစားဖို့ ပေးလိုက်တဲ့ အမဲခြောက် အထုပ်လေ''

''ယူခဲ့ကွာ''

ဖိုးအေးဆိုင်ထဲသို့ ဝင်သွားပြီး . . . ပြန်ထွက်လာသောအခါ အဝတ် ဖြင့်ပတ်ထားသော အမဲခြောက်အထုပ် ပါလာသည်။ ထိုအထုပ်ကို ကား နောက်ခန်းထဲသို့ တင်ပြီး ဆိုင်ထဲမှ ကားမောင်းကာ ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

### ပျောက်သွားတဲ့ ထိပ်ပြာ

အိမ်တံခါးကိုဖွင့်ပြီး အိမ်ထဲရောက်တော့ . . . တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကိုကောင်းဆက်နှင့် ဖိုးအေးတို့ လန့်သွားသည်။

အိမ်ထဲရှိပစ္စည်းတို့မှာ . . . သူနေရာနှင့်သူ သပ်သပ်ရပ်ရပ်၊ ဖုန်သည်း တစ်စက်မှမရှိဘဲ သန့်ရှင်းသပ်ရပ်လို့နေသည်။

"အစ်ကို . . . အိမ်ကို တစ်ယောက်ယောက် သန့်ရှင်းရေး လုပ်ထားတာလား မသိဘူး"

"အေးကွ . . . ငါတို့ ခရီးသွားတုန်းက ဒီခုံပေါ်မှာ စာအုပ်တွေ၊ ဂျာနယ်တွေ ရှုပ်နေတာပဲ"

ကိုကောင်းဆက် သူ့ရှေ့စားပွဲခုံပေါ်ကြည့်ပြီး ပြောသည်။ အခုတော့ . . . စာရွက်များ၊ ဂျာနယ်များက သူနေရာနှင့်သူ သေသေသပ်သပ်ရှိနေ၏။

"အစ်ကို . . . ဟိုတိုင်ကပ်နာရီကြီးကို ကြည့်ပါဦး"

"ဟင်"

"အချိန်အတိအကျပါလား"

ကိုကောင်းဆက် . . . သူ့လက်မှနာရီ၏ အချိန်နှင့် တိုင်ကပ်နာရီ၏





အချိန်တို့ကို ကြည့်ရင်း ရေရွတ်လိုက်၏။ အရင်ဆို . . . နေ့စဉ် သံပတ်တိုက်ပေးရသည့် နာရီက . . . ဘယ်သူလာတိုက်ထားတာလဲ မသိ။ အခုတော့ . . . အချိန်က ကွက်တိရှိနေသည်။

အိမ်ရှေ့အခန်းကို လှည့်ပတ်ကြည့်ပြီး . . . သူ့အိပ်ခန်းဘက်ဆီသို့ လျှောက်လာသည်။

အိပ်ခန်းတံခါးကို အသာအယာ တွန်းဖွင့်လိုက်သောအခါ . . .

"ဟင်"

မွေ့ရာခင်း စောင်၊ ခြင်ထောင်၊ ခေါင်းအုံးစွပ်တို့မှာ . . . လျှော်ဖွပ်ထားသည့်ပုံစံနှင့် သန့်ရှင်းဖြူဖွေးနေ၏။ ထူးခြားသည်က . . . ကြည်မေဦး ရှိစဉ်ကအတိုင်း ခေါင်းအုံးနှစ်လုံးကို ယှဉ်ချထားပြီး . . . ကြည်မေဦးအိပ်သည့် ခေါင်းအုံးပေါ်တွင် ရွှံ့ရုပ်က ပက်လက်အနေအထားအတိုင်း ရှိနေသည်။

"ဖိုးအေးရေ . . . ဖိုးအေး"

အခန်းထဲကနေ ဖိုးအေးကိုအော်ခေါ်လိုက်ရာ ဖိုးအေး အပြေးအလွှား ရောက်လာ၏။

"အစ်ကိုဘာဖြစ်လို့လဲ"

"မင်း . . . ဟိုအရုပ်ကိုယူ . . . ပြီးရင် ဧည့်ခန်းထဲမှာ ထားလိုက်"

"ဟုတ်ကဲ့"

ဖိုးအေးက အိပ်ရာပေါ်မှအရုပ်ကို ယူကာ အိမ်ရှေ့သို့ ထွက်သည်။ သူလည်း အခန်းထဲရှိ ဗီရိုကိုဖွင့်ကာ . . . အကျီအဝတ်အစားတို့ကို ကြည့်နေလိုက်သည်။

"ဟင်"

သူ့အဝတ်အစားတို့မှာ . . . အပြည့်အစုံ၊ နဂိုအတိုင်း ရှိသော်လည်း ကြည်မေဦးအဝတ်အစားတို့ကို တစ်ထည်မှ မတွေ့ရ။

အောက်ထပ် ထဘီထားရာသို့ ကမန်းကတန်း ကြည့်လိုက်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဓာတ်ထည့်မှ မတွေ့ရဘဲ ဗီရိုက ရှင်းလင်းနေ၏။

"ဘယ်လိုဖြစ်တာလဲ"

သူ ဗီရိုကို ပြန်ပိတ်ပြီး ခုတင်ပေါ်ထိုင်ကာ စဉ်းစားသည်။ သူ့ခိုးများ တတ်နိုးသွားတာလား။ သူခိုးဆိုလျှင်လည်း အကုန်ယူသွားမှာပေါ့။ အခု တော့ ...

"အစ်ကို ... ခေါင်းရင်းခြံက ဒေါ်ထွေးရောက်နေတယ် ... အစ်ကို့ ကို တွေ့ချင်လို့တဲ့"

"အေး အေး ... ငါလာခဲ့မယ်"

အခန်းဝမှ ဖိုးအေးလာခေါ်သဖြင့် အခန်းထဲမှ အိမ်ရှေ့ဧည့်ခန်းဆီသို့ ထွက်လာခဲ့သည်။

ဧည့်ခန်းရောက်တော့ ဒေါ်ထွေးက ...

"မောင်ကောင်းဆက်တို့ ဟိုရက်က ဘယ်သွားနေကြလဲ"

"မော်လမြိုင်ကို သွားကြတာ ... ဘာဖြစ်လို့လဲ ဒေါ်ထွေး"

"မောင်ကောင်းဆက်တို့ မရှိတဲ့ညတွေမှာ ဒီအိမ်ထဲက အသံတွေ ကြားနေရတယ်"

"ဟုတ်လို့လား ... ကျွန်တော်တို့ သော့ပိတ်ထားကြတာ အထဲကို ဘယ်သူမှ ဝင်လို့မရပါဘူး"

ကိုကောင်းဆက်ရဲ့ မယုံသလိုစကားကြောင့် ... ဒေါ်ထွေး မျက်နှာ အနည်းငယ် တင်းသွားပြီး ...

"အဒေါ် အပိုပြောတာ မဟုတ်ဘူး။ ဒီအိမ်ကိုကြည့်ပြီး ခွေးတွေ အူတာလည်း တအားပဲ၊ အိမ်ထဲမှာ လူရိပ်လိုလိုပုံသဏ္ဌာန်ကို အဒေါ့်အိမ်က လှမ်းကြည့်တာ တွေ့ရတယ် ...၊

အဆိုးဆုံးက ဒီတိုင်ကပ်နာရီကြီးပဲ ... ည ဆယ့်နှစ်နာရီထိုးသံ ထွက်လာတာ အကျယ်ကြီး၊ အသံထွက်လာပြီးတာနဲ့ ဟို ... ဟို ကြည့်မေ





... ကြည့်မေ့ရယ်သံကြီး ထွက်လာတာပဲ"

"ဒေါ်ထွေး စိတ်ထင်တာများလား"

"မောင်ကောင်းဆက် မယုံရင် ခြေရင်းအိမ်က ... အပုတို့ညီအစ်မ ကို မေးကြည့်ပါလား။ သူတို့လည်း ကြားရလို့ အဒေါ့်ကို လာပြောကြတယ်"

ကိုကောင်းဆက် ခေါင်းကို ကုတ်ကာနေလေသည်။ သူကိုယ်တိုင် လည်း ဒီလိုအဖြစ်အပျက် ကြုံခဲ့ဖူးသည်လေ။

"ကြည့်မေ မကျွတ်ဘဲ ခြောက်တယ်လို့ အဒေါ်တို့အားလုံး ထင် နေကြတယ်၊ လမ်းထဲမှာလည်း တစ်ညလုံး အူလိုက်တဲ့ခွေးတွေ ... မောင်း လို့လည်း မရ၊ ဟန့်လို့လည်း မရ ... စူးစူးဝါးဝါးကို အူကြတာ"

"ကျွန်တော် ဘယ်လိုလုပ်ပေးရမလဲ ဒေါ်ထွေး ...ကြည့်မေ ကြောင့် ဖြစ်တယ်ဆိုရင် ကျွန်တော့်မှာ တာဝန်ရှိပါတယ်"

"ဘုန်းကြီးပင့်ပြီး ပရိတ်ရွတ်၊ အမျှဝေပေးလိုက်ပေါ့၊ ကြည့်မေ လည်း သာဓုခေါ်ခွင့်ရရင် ကောင်းတဲ့ဘုံဘဝရောက်သွားမှာပေါ့ မောင်ကောင်း ဆက်"

"ဟုတ်ကဲ့ပါ"

"အဒေါ်ပြန်ဦးမယ်၊ မင်းကို သတိပေးချင်တာက ... အဒေါ်တို့ ခြံနဲ့ကပ်ရက် မင်းအိပ်ခန်းခေါင်းရင်းက ကုက္ကိုပင်မှာ ကြည့်မေရှိတယ်နဲ့ တူတယ်"

"ဗျာ"

"အဲဒီအပင်က အရိပ်လိုလိုပုံသဏ္ဌာန်က မင်းအခန်း ပြတင်းပေါက် ကို ဖွင့်ပြီးဝင်သွားတာကို တစ်ည အဒေါ်တွေ့လိုက်လို့"

"ဟင်"

"အဒေါ် သွားပြီ"

ဒေါ်ထွေးပြန်သွားတော့ ... သူ့ရင်မှာ ပဟေဠိများစွာ ကျန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းခေါင်းရင်းမှ ကုက္ကိုပင်ကြီးမှာ ... နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်ပြီး အရိပ်အာဝါသအလွန်ကောင်းသောကြောင့် ပူပြင်းသည့် ရာသီဥတုရောက်လာလျှင်တောင် သူ့တို့အိမ်လေးက အေးမြလှသည်။

သူ့ဆီကို အဘွားအိုလာပေးသည့် လိပ်ပြာခဲလုံးကို အိပ်ခန်းပြတင်းပေါက်မှပစ်လိုက်ရာ ကုက္ကိုပင်နားကျသဖြင့် ... ကြည်မေဦးလိပ်ပြာက အဲဒီအပင်မှာ ကပ်နေတာလားဟုလည်း ထင်မိ၏။

"အစ်ကို ... ရွှံ့ရုပ်ကို ဘယ်လိုဆက်လုပ်မလဲ"

"ဩော် ... အေး"

အတွေးလွန်နေရာမှ ဖိုးအေးစကားကြောင့် သတိပြန်ဝင်လာကာ ...

"သချိုင်းမှာ သွားမြှုပ်မယ်ကွာ၊ ဟိုနေ့က ငါလွှင့်ပစ်လိုက်တဲ့ လိပ်ပြာခဲလုံးကို ခြံထဲသွားရှာ ... တစ်ခါတည်း သချိုင်းယူသွားမယ်"

"ဘယ်နားလောက်မှာ ရှာရမလဲ အစ်ကို"

"ငါ့အခန်းခေါင်းရင်းက ကုက္ကိုပင်နားမှာ ရှာ"

"ဟုတ်ကဲ့"

ဖိုးအေး လိပ်ပြာခဲလုံးရှာရန် ခြံထဲဆင်းသွားသောအခါ ညှော်ခန်းထဲ စာအုပ်စင်တွင် ဖိုးအေးတင်သွားသောရွှံ့ရုပ်ကို သေချာကိုင်ကြည့်လိုက်ရာ ... သူ့တစ်ကိုယ်လုံး ကြက်သီးထလာသဖြင့် ဆက်ကိုင်မထားတော့ဘဲ စာအုပ်စင်ပေါ် ချထားလိုက်သည်။

ထိုအချိန်တွင် ...

ညှော်ခန်းနံရံတိုင်ကပ်နာရီမှ ... ဆယ့်နှစ်ချက်ထိုးသံကို ကြားလိုက်ရ၍ လန့်သွားသည်။

'ဒေါင် .. ဒေါင် .. ဒေါင် .. ဒေါင် ..'

"ဟာ ... ဒီနာရီက တစ်မျိုး"





အိမ်ခန်းတစ်ခုလုံးမှာရှိသည့် ပစ္စည်းတို့မှာ သူ့နေရာနှင့်သူ စနစ်တကျ ရှိနေတာလည်း သူ့အတွက် ထူးဆန်းနေသလို ဖြစ်ကာ ... ညဘက်သူတို့မရှိခင် လှုပ်ကြားနေရသည်ကလည်း ဒီရွှံ့ရုပ်ကြောင့် ဖြစ်နေမလားဟုလည်း ထင်မိသည်။

"အစ်ကို ... ရှာခဲ့မတွေ့ဘူး"

ဖိုးအေး အိမ်ပေါ်တက်လာပြီး သူ့ကို လှမ်းပြောသဖြင့် ...

"မတွေ့လည်း ဒီအရုပ်ကိုသာ ယူခဲ့ ပြီးတော့ ... ဟိုအမဲခြောက်ထုပ်ပါ တစ်ခါတည်းယူ၊ သချိုင်းသွားပြီး မြေမြှုပ်မယ်"

"ပေါက်တူးယူခဲ့ရဦးမလား အစ်ကို"

"ယူမနေနဲ့ ... သချိုင်းက သုဘရာဇာမကြီးဆီကနေ ခဏငှားလိုက်မယ်"

ပြောကာ အိမ်အောက်ဆင်းသွားပြီး ကားမောင်းသည့်နေရာတွင် တက်ထိုင်လိုက်၏။

ဖိုးအေးက အမဲခြောက်ထုပ်နှင့် ရွှံ့ရုပ်ကိုယူလာကာ နောက်ခန်းတွင် တင်လိုက်ပြီး ... ခေါင်းခန်း သူ့ဘေးတွင် ဝင်ထိုင်လိုက်၏။

ကားမောင်းလာပြီး သချိုင်းသွားသည့်လမ်း ရောက်လာကြ၏။ အသွားအလာရှင်းသည့်လမ်းမို့ နေ့လယ်ပိုင်း ဖြစ်နေသော်လည်း ... ခြောက်ကပ်ကပ်နိုင်လှသည်။

ရပ်ကွက်အစွန်မှ သချိုင်းသို့သွားသည့်လမ်းမှာ မြေနီလမ်းကျယ်ဖြစ်ပြီး ... လမ်းဘေးဝဲယာတွင် ကုက္ကိုပင်၊ လက်ပံပင်၊ ညောင်ပင်သောအပင်ကြီးတို့ ပေါက်နေသဖြင့် ... အုံ့ဆိုင်းဆိုင်းနှင့် ဖြစ်နေ၏။

ကားကို အမြန်မောင်းလို့မရ၊ ချိုင့်များရှိနေသဖြင့် ရှောင်တိမ်းမောင်း၍ သချိုင်းဆီသို့ရောက်ရန် အချိန်အတော်ယူရသည်။

တိတ်ဆိတ်နေသော လမ်းတစ်လျှောက် သူတို့ကား၏ အက်သံကို



www.burmeseclassic.com

www.burmeseclassic.com



သာ ကြားနေရသည်။

သချိုင်းဝသို့ မရောက်မီ တဲအိမ်ကြီးတစ်ခုရှိပြီး . . . ထိုတဲအိမ်မှာ ခေါင်းရောင်းသည့်အိမ် ဖြစ်သည်။

သူတို့ကား တဲအိမ်ရှေ့သို့ ရောက်လာကြသောအခါ ကိုကောင်းဆက်က . . .

"ဖိုးအေး . . . သချိုင်းထဲမှာ ဟိုသုဘရာဇာမကြီး ရှိမလားလို့ ဝင်မေးကွာ"

"သုဘရာဇာပဲ အစ်ကိုရာ . . . သချိုင်းမှာ ရှိမှာပေါ့"

"ဘယ်ပြောရမလဲ . . . အပြင်တွေ့ဘာတွေ သွားနေရင် တို့နှစ်ယောက်တည်း . . . မေးသာမေးကွာ"

တဲအိမ်ရှေ့တွင် ကားရပ်လိုက်သည်နှင့် . . . ဖိုးအေး ကားပေါ်က ဆင်းကာ ခေါင်းစပ်ရန်ပျဉ်ပြားများကို လွှဖြင့်တိုက်နေသည့် အသားမည်းမည်းနှင့်လူကြီးကို မေးလိုက်သည်။

"ဦးလေး . . . သချိုင်းထဲမှာ သုဘရာဇာမကြီး ရှိလား"

"ဟေ"

ထိုလူကြီးက လွှဖြတ်နေရင်း သူ့ကို တစ်ချက်မော့ကြည့်ပြီး . . .

"မရှိဘူး"

"ဟင် . . . ဘယ်သွားလဲ ဦးလေး"

"မင်း ဘာလုပ်မလို့လဲ . . . သင်္ဂြိုဟ်ဖို့ ကိစ္စလား၊ ငါ့ကိုမှာခဲ့ . . . ဘယ်နေ့ ဘယ်အချိန်လဲ"

"မ . . . မဟုတ်ပါဘူး . . . တခြားကိစ္စ"

"ဟော့ကောင် . . . ငါ ဒီမှာ ခေါင်းရောင်းစားလာတာ ကြာပြီ သုဘရာဇာမကြီးနဲ့ ငါ့ကို မြို့ထဲကလူတွေ တစ်ခါမှ အလှူဖိတ်တာတို့ မင်္ဂလာဆောင်ဖိတ်တာတို့ မရှိဘူး။ သူတို့ တို့ဆီလာရင် မသာကိစ္စပဲ လာကြ





တယ် . . .၊

တခြားဘာကိစ္စနဲ့မှ မလာဘူး . . . ခုတော့ ထူးထူးဆန်းဆန်း မဟုတ်မှလွဲရော . . . သုဘရာဇာမကြီးက မင်းအမျိုးတော်မှန်း ခုမှသိလို့ လာတာလား . . . ဟား ဟား ဟား"

"ဟာဗျာ . . . ပေါက်ကရ"

ခေါင်းရောင်းသည့်လူကြီးက သူ့စကား သူ့ဘာသာ သဘောကျပြီး တဟားဟားနှင့် ရယ်မောလေသည်။

ဖိုးအေးလည်း ကိုကောင်းဆက်ဆီ ပြန်လျှောက်လာပြီး . . .

"သုဘရာဇာမကြီး မရှိဘူးတဲ့ . . . ဘယ်လိုလုပ်မလဲ အစ်ကို"

"မရှိရင် စောင့်မယ်ကွာ . . . တစ်ခါတည်း ပြီးသွားမှ ကောင်းမယ်၊ နောက်တစ်ခေါက် ထပ်မလာချင်ဘူး"

"ဘယ်မှာစောင့်မလဲ . . . ဒီမှာပဲ စောင့်မလား"

"အေး"

ကိုကောင်းဆက် . . . ကားပေါ်ကဆင်းကာ ဖိုးအေးနှင့်အတူ ခေါင်းရောင်းသည့် တဲကြီးထဲသို့ ဝင်လာခဲ့တော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### မယေသင် လုပ်ထားအတွက် အခေါင်း

တဲကြီးထဲရောက်တော့ ခေါင်းရောင်းသည့်လူကြီးက ...

''သုဘရာဇာမကြီးကို စောင့်မလို့လား။ ထိုင်စရာ သီးသန့်တော့ မရှိဘူး ... ခေါင်းတွေပေါ်သာ တက်ထိုင်''

''ရပါတယ်''

ကိုကောင်းဆက် ဝင်ထိုင်ရန် စိတ်ထဲမသန်း၊ အထဲတွင် ခေါင်းမျိုးစုံကို မှောက်လျက်တစ်မျိုး၊ ထပ်၍တစ်မျိုးထားကာ တဲကြီးထဲတွင် အခေါင်းများဖြင့် ပြည့်နေသည်။

ဖိုးအေးက ခေါင်းများကို မျက်စိဖြင့် ဝေ့ကြည့်ရင်း ...

''ခေါင်းတွေက အများကြီးပဲနော် ... မှာလို့ လုပ်ထားတာလား''

''မဟုတ်ဘူး ... ကြိုလုပ်ထားတာ''

''ခေါင်းတွေကို ကြိုလုပ်ကောင်းလို့လား''

''ဟာ ... မင်း တကယ်ခက်တဲ့ကောင်ပဲ၊ ကြိုမလုပ်လို့ ခေါင်းလာဝယ်ရင် ဘယ်လိုရောင်းမလဲ''

''ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ... လူတွေက နိမိတ်မရှိဘူးလို့





ပြောတာကို ကြားဖူးလို့ပါ''

ဖိုးအေးစကားကြောင့် ခေါင်းရောင်းသည့်လူကြီး မျက်နှာတင်းသွားပြီး ခေါင်းတစ်လုံးပေါ်လက်တင်ကာ ...

''လူတွေဟာ သိပ်ခက်တယ်၊ ဟိုဟာ နိမိတ်မရှိဘူး၊ ဒီဟာ နိမိတ်မရှိဘူးနဲ့၊ ဒါဆို ဆေးရုံတွေ ဘာလို့ဆောက်ထားလဲ၊ မြို့ကြီးတွေမှာ ရေခဲတိုက်တို့ သင်္ချိုင်းစက်တို့ ဘာလို့ထားလဲ၊ လူတွေရှိရင် နေမကောင်းဖြစ်မယ်၊ ဆေးရုံတက်ရမယ် ...၊

အခြေအနေမကောင်းရင် သေမယ်၊ သေရင် ရေခဲတိုက်ရောက်မယ်၊ ပြီးရင် သင်္ချိုင်းဖို့ ခေါင်းလိုမယ်မဟုတ်လား။ ဆေးရုံတို့၊ အအေးတိုက်တို့ကျတော့ အပြစ်မပြောဘူး ... ခေါင်းကြိုလုပ်တာကိုကျတော့ အပြစ်ပြောချင်ကြတယ်''

ခေါင်းရောင်းသည့်လူကြီးက သူ့အတွေးအခေါ်ကို အသံကျယ်ကြီးဖြင့် ရှင်းပြရာ ဖိုးအေးက အထွန့်တက်ပြီး ...

''ဒါကတော့ ဦးလေးရယ် ... ဆေးရုံက ပြန်လမ်းရှိသေးတယ်လေ''

''ဟေ့ကောင် ... အလှူတို့၊ မင်္ဂလာဆောင်တို့သွားရင် အဝတ်အစားအသစ်နဲ့မှ တင့်တယ်တယ်မဟုတ်လား။ သင်္ချိုင်းကို မသာလာရင်လည်း ခေါင်းနဲ့မှသင့်တော်တယ်၊ ဟိုမှာကြည့်စမ်း ... ငါသေရင် ချဖို့လုပ်ထားတဲ့ ခေါင်း ... ဘယ်လောက်လှလဲ''

တဲအိမ်ကြီး၏ အနောက်ဘက်ထောင့်တွင် ကျွန်းသားဖြင့် သေသပ်စွာလုပ်ထားသောခေါင်းကို လက်ညှိုးထိုးပြ၏။ ခေါင်းတွင်လည်း ဦးမဲကြီး အသက် (     ) နှင့် ရေးထိုးထားသည်။

''ဦးလေးနာမည်က ဦးမဲကြီးလား ... အသက်က ဘာလို့မရေးထားတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ဘယ်နေ့သေမယ်မှန်းမှမသိတာ၊ မင်းလည်း အသက်ရှင်တုန်း စိတ်တိုင်းကျ ကြိုလုပ်ထားပါလား၊ သေရင် သူများအကြိုက် လုပ်ထားတာနဲ့ သွားနေရဦးမယ်"

"နေပါဗျာ မလုပ်တော့ပါဘူး ... သေမှ ချချင်ရာနဲ့ ချပါစေ"

"ဟား ဟား ... မင်းလိုငတုံးတွေ မြို့ထဲမှာ တော်တော်များနေပြီ ဘယ်သူမှ ကြိုအပ်တဲ့လူ မလာဘူး၊ အဝတ်အစားဆို ဘယ်မှာဝတ်ဖို့ဆိုပြီး ကြိုအပ်ကြတယ်၊ ငါလည်း ဆိုင်းဘုတ်ကြီးကြီးရေးပြီး မြို့လယ်မှာ လာကြော်ငြာမှ ဖြစ်မယ်ထင်တယ်"

ဦးမဲကြီးက သူ့ဘာသာ တစ်ယောက်တည်းပြောပြီး သစ်သားကို လွှဖြင့် ဖြတ်သည့်အလုပ်ကို ဆက်လုပ်နေသည်။

စောင့်ရသည့်အချိန် တဖြည်းဖြည်း ကြာလာသော်လည်း သုဘရာဇာမကြီး တဲရှေ့က ဖြတ်သွားသည်ကို မမြင်ရသေး။ ကိုကောင်းဆက် စိတ်အိုက်လာသဖြင့် တဲရှေ့လမ်းသို့ထွက်ကာ ဟိုလျှောက်ဒီလျှောက် လျှောက်နေသည်။

မလှမ်းမကမ်းတွင် လှမ်းတွေ့ရသည့် သင်္ချိုင်းအဝကာ သခွပ်သုံးပင်၏ ပုံသဏ္ဌာန်မှာ ကြောက်မက်ဖွယ်ရာကောင်းလှသည်။

သင်္ချိုင်းစည်းရိုးအစပ်မှ ဝါးပင်တို့ တရှဲရှဲမြည်သံမှာ တစ္ဆေသရဲတို့ အော်ဟစ်နေပုံ ပေါက်သည်။

စိတ်ထဲ၌လည်း သိပ်မလုံသဖြင့် တဲကြီးထဲသို့ ပြန်ဝင်လာရာ ခေါင်းရောင်းသည့် ဦးမဲကြီးနှင့် အဖွဲ့ကျနေသော ဖိုးအေးဘေး၌ ဝင်ထိုင်လိုက်သည်။

"ဦးလေး ... ဦးလေး ဒီမှာနေတာ သရဲမခြောက်ဘူးလား"

ဖိုးအေးရဲ့အမေးကို ဦးမဲကြီးက ... -

"သရဲက ငါ့ကို ကြောက်တယ်နဲ့တူတယ်ကွ၊ တစ်ခါမှ လာမိတ်





မဆက်ဘူး၊ မလာရဲတာလည်း ပါတာပေါ့"

"ဘာလို့ မလာရဲတာလဲ"

"လာရင် ငါ အလုပ်ခိုင်းမှာ ကြောက်တယ်နဲ့တူပါတယ်"

ဦးမဲကြီးနှင့် သေချာစကားပြောကြည့်တော့ လူပျော်ကြီးတစ်ဦး ဖြစ်သည်။ သူတို့နှင့် စကားပြောရတာကိုလည်း ကျေနပ်နေပုံရ၏။

ဖိုးအေးက ...

"ကျွန်တော်တို့ မြို့ထဲကလူတွေက ဒီသခွတ်သုံးပင်သင်္ချိုင်းက သရဲတအားခြောက်တယ်လို့ ပြောနေကြတယ်"

"မင်း ယုံလား"

"မသိဘူးဗျ ... လူတွေပြောကြတာပဲ"

"ငါ့အယူအဆ မင်းကိုပြောပြမယ်၊ သရဲတစ္ဆေဆိုတာ ဘုရားဟောတွေထဲမှာ ပါခဲ့တာပဲ၊ သူတို့ဟာ ဘုံတစ်ခုအနေနဲ့ ရှိကြပါတယ်၊ သရဲတစ္ဆေတွေဟာ ...

သင်္ချိုင်းမှာမှ ရှိတာမဟုတ်ဘူး၊ လူတွေဟာ သင်္ချိုင်းဆိုရင် သရဲခြောက်တယ်လို့ပဲ ထင်ကြတယ်၊ ကြောက်လည်း ကြောက်ကြတယ်၊ လူသေတွေကို မြှုပ်တဲ့နေရာ ဖြစ်နေတာလည်းပါတယ် ...၊

အဲဒီလူသေတွေက ထလာပြီး သရဲဖြစ်သွားတာ မဟုတ်ဘူး။ သေသူရဲ့ဝိညာဉ်က ခန္ဓာချုပ်ပြီးတာနဲ့ အကုသိုလ်သိပ်များလို့ ပြိတ္တာဆိုတဲ့ သရဲတစ္ဆေဘုံကို ရောက်သွားကြတာ၊ သူတို့ဟာ လူတွေကိုခြောက်လှန့်တာ မဟုတ်ဘူး ... အကြောင်းတိုက်ဆိုင်လို့ ကြုံကြိုက်သွားတာ ...၊

ငါ ညဘက် ကမ္မဋ္ဌာန်းတရားအားထုတ်ရင် တွေ့ပါတယ်၊ အနှောင့်အယှက်မပေးကြပါဘူး၊ ငါ အမျှဝေပေးရင် ဝမ်းသာအားရ သာဓုခေါ်ကြတယ်"

ဦးမဲကြီးပြောသည့်စကားများမှာ လိမ်ညာခြင်းမဟုတ်ဘဲ အစွန်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပြောနေမှုန်းကို သူ့မျက်နှာကို ကြည့်ရုံဖြင့်သိနိုင်သည်။

ကိုကောင်းဆက်က . . .

''အမှုထဲလို့ သာဓုခေါ်နိုင်တာနဲ့ ကျွတ်သွားကြတာပဲလား''

''ဘယ်ဟုတ်မလဲ . . . ကျွတ်သင့်တဲ့အချိန်ရောက်မှ ကျွတ်တာပါ။ အထောက်အပံ့တော့ ဖြစ်သွားတာပေါ့''

''ဦးလေးကို မေးရဦးမယ် . . . သူ့ရဲ့တွေက လူလို ဖန်တီးနေထိုင်လို့ ရလား''

''မင်း . . . ဘာကြားဖူးလို့လဲ''

ဖိုးအေးက သူတို့ မော်လမြိုင်ကိုသွားစဉ် လမ်းမှာ ဝင်စားခဲ့သည့် စားသောက်ဆိုင်မှ အဖြစ်အပျက်ကို ပြောပြလိုက်၏။

''ဟား ဟား . . . အဲဒါလူတွေပါကွာ၊ သေချာအောင် ငါပြောလိုက်မယ်၊ သျှောင်ထုံးနဲ့လူနာမည်က ညိုကြီး၊ ကောင်မလေးနာမည်က မိချို့ . . . သူ့တူမလေးပါ . . .၊

သူတို့က ပျော်တတ်တယ်ကွ၊ မင်းတို့ပုံတွေက ကြောက်ကြောက်လန့်လန့်တွေမို့ နောက်လိုက်တာ၊ ငါနဲ့ တစ်ရွာတည်းသားတွေပဲ''

''မသိပါဘူး . . . ကျွန်တော်တို့က သရဲပဲထင်တာ''

''မင်းကြေးအိုးပန်းကန်ထဲက မျက်လုံးက ဝက်မျက်လုံးပါ၊ ရုတ်တရက်မို့ လူမျက်လုံးထင်တာကွ၊ သူတို့ဆိုင်က အစားအသောက် အကြော်အလှော်သိပ်ကောင်းတယ်၊ ကားသမားတွေရဲ့လက်စွဲပဲ''

''မုတ္တမမှာတွေ့တဲ့ ကားသမားပြောတာက တစ်မျိုးပဲဦးလေးရဲ့''

''မင်းတို့က လူနောက်တွေနဲ့ပဲ တွေ့ခဲ့တာကိုး''

ထိုအချိန်တွင် တဲရှေ့လမ်းမပေါ်၌ အဘွားအိုတစ်ဦး ဖြတ်လျှောက်လာတာကို ဦးမဲကြီးက လှမ်းတွေ့ပြီး . . .

''မကြာဥ . . . ဒီမှာ နင့်ကိုတွေ့ချင်လို့ လာစောင့်နေတဲ့ ညီသည်





တွေ''

အဘွားအိုက သူတို့ကို သေသေချာချာလှမ်း၍ကြည့်ပြီး . . .

''သချိုင်းလိုက်ခဲ့''

ဟု ပြောကာ ထွက်သွားသည်။ ဦးမဲကြီးက သူတို့နှစ်ယောက်ကို လေသံတိုးတိုးဖြင့် . . .

''ဒေါ်ကြာဥနဲ့ ဆက်ဆံရင် ကောင်းကောင်းမွန်မွန်ပြော၊ အဲ့ဒီအဘွားကြီးက စိတ်မထင်ရင် မထင်သလို ပြောတတ်တယ်''

''ဟုတ်ကဲ့ . . . ကျွန်တော်တို့သွားပြီ''

''ငါ့ဆီ ကြုံရင်လာလို့ မဖိတ်တော့ဘူး၊ မင်းပြောသလို နိမိတ်ဆိုးမှာစိုးလို့''

''ဦးလေးကတော့ဗျာ''

'ဟား . . ဟား . . ဟား'

ဦးမဲကြီးက တဲထဲတွင် ရယ်မောကာကျန်ခဲ့ပြီး သူတို့နှစ်ယောက်တာ ကားပေါ်တက်ကာ သချိုင်းဆီသို့ ခပ်ဖြည်းဖြည်းမောင်းလာခဲ့သည်။

သချိုင်းအဝထိပ်တွင် ကားကိုရပ်ထားခဲ့ပြီး ဖိုးအေးက ရုံးရုပ်နှင့် အမဲခြောက်ထုပ်ကို နောက်ခန်းက သွားယူကာ ကိုကောင်းဆက်နှင့်အတူ သချိုင်းထဲ ဝင်လာခဲ့သည်။

သချိုင်းထဲရှိ တဲရှေ့၌ သုဘရာဇာမကြီးက သူတို့ကို ရပ်စောင့်ကာ . . .

''ငါ့ကိုတွေ့ချင်တာ . . . ဘာကိစ္စလဲပြော''

''ဟိုတစ်လောက . . . ကျွန်တော့်မိန်းမ မြေမြှုပ်ခဲ့တဲ့နေရာမှာ ဒီအရုပ်ကလေး မြှုပ်ချင်လို့ပါ''

ကိုကောင်းဆက်က ဖိုးအေးလက်ထဲမှ အရုပ်ကိုယူကာ သုဘရာဇာမကြီးကို ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''အဓိပ္ပာယ်မရှိတာ ... ဘာလုပ်ဖို့မြှုပ်မှာလဲ၊ ဒါ ... လူသေတွေမြှုပ်တဲ့သချိုင်း အရုပ်မြှုပ်တဲ့သချိုင်းမဟုတ်ဘူး''

''ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ကျွန်တော့်မိန်းမက ဒီအရုပ်ကလေးကို သူမသေခင်က သိပ်ချစ်ရှာတာ၊ သင်္ဂြိုဟ်တဲ့နေ့ကလည်း အပူနဲ့မို့ မထည့်ပေးလိုက်ရဘူး၊ ဒါကြောင့် ... အခု သူ့ကိုလာပေးတာ''

သုဘရာဇာမကြီး လက်ခံစေရန် ကိုကောင်းဆက် အဆင်ပြေသလို ပြောလိုက်၏။ သူ့စကားကိုနားထောင်ပြီး သုဘရာဇာမကြီးက တစ်ချက်ငြိမ်းကာ ...

''လူတွေက ဒီလိုပါပဲ ... သေရင် တ,ကြပြီ၊ ကဲ ... ပေး ... ငါမြှုပ်ပေးမယ်''

''ရပါတယ် ... ကျွန်တော့်ဘာသာ မြှုပ်ပါ့မယ်''

ကိုကောင်းဆက် မြေပုံများရှိရာသို့သွားကာ သူ့မိန်းမ ကြည်မေဦးကို မြှုပ်ခဲ့သည့်နေရာ ရှာသော်လည်း မတွေ့သဖြင့် သုဘရာဇာမကြီးကို လှမ်းမေးလိုက်သည်။

''အဘွား ... ဘယ်မြေပုံလဲ''

''မှတ်တိုင်မရှိတဲ့ မြေပုံပဲဟော့''

သုဘရာဇာမကြီးက လှမ်းအော်ပြောလိုက်ရာ သူ မြေပုံမို့မို့တို့ကို လိုက်ကြည့်ပြီး မှတ်တိုင်မစိုက်ထားသည့် မြေပုံကို တွေ့ရသဖြင့် ဘေး၌ တုတ်တစ်ချောင်းကိုယူကာ မြေပုံပေါ် အသာယက်လိုက်ပြီး ရွှံ့ရုပ်ကို ပက်လက်အနေအထားအတိုင်းထားကာ အပေါ်မှ မြေကြီးတို့ဖြင့် ပြန်အုပ်ထားလိုက်သည်။

ပါးစပ်မှလည်း ...

''ကြည်မေ ... မင်းဒီမှာ နေခဲ့တော့၊ ငါ့နောက် ဘယ်တော့မှ လိုက်မလာနဲ့''





ပြောကာ ... အမဲခြောက်ထုပ်ကိုပါ မြေပုံပေါ်တင်ပြီး ပြန်ထွက်လာကြရာ သုဘရာဇာမကြီးအနားကို ရောက်လာကြ၏။

''မြေပုံပေါ်တင်ခဲ့တာ ဘာလဲ''

''သူ့အမျိုးတွေ ပေးလိုက်တဲ့ စားစရာအထုပ်ပါ''

''သချိုင်းကို စားစရာရောက်ရင် သုဘရာဇာပိုင်တယ်''

''သူ့ ... သူ့အတွက်''

''အေးပါ ... ငါသူ့ကိုလည်း ကျွေးလိုက်ပါ့မယ်၊ မင်း စိတ်မပူနဲ့၊ တစ်ခုတော့ မင်းကို ပြောလိုက်မယ်၊ ... ဒီသချိုင်းဟာ လူတွေမြှုပ်တဲ့ သချိုင်း၊ မဟုတ်တာတွေ လာလာမမြှုပ်နဲ့''

''ဗျာ''

''ဗျာ ... မနေနဲ့ ... သွားတော့''

သူတို့နှစ်ယောက်လည်း သုဘရာဇာမကြီးရှေ့မှ ထွက်လာကြပြီး သချိုင်းအဝတွင် ရပ်ထားသော ကားနားသို့ရောက်သောအခါ သချိုင်းထဲမှ ကြားလိုက်ရသည့်အသံကြောင့် လွန်စွာထိတ်လန့်သွားသည်။

''မောင်ရေ ... မောင် ... ကြည်မေ့ကို မထားခဲ့ပါနဲ့''

''မောင် ... ရေ ... မ .. ထား .. ခဲ့ .. ပါ .. နဲ့''

သူတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကားပေါ်သို့ အလျင်အမြန်တက်ပြီး မောင်းထွက်ခဲ့သည်။ လမ်းတွေက ကြမ်းသဖြင့် ကားကို အမြန်မောင်းလို့လည်းမရ။ တဖြည်းဖြည်း ကြောက်ကြောက်နှင့် မောင်းလာရာ သချိုင်းထဲမှ ကြည်မေဦး၏အသံကို ကြားနေရဆဲဖြစ်သည်။

''မောင်ရေ ... မောင် ... ကြည်မေ့ကို မထားခဲ့ပါနဲ့''

''မောင် ... ရေ ... မောင် .. မ .. ထား .. ခဲ .. ပါ .. နဲ့''

'ဟား ဟား .. ဟား ဟား'



www.burmeseclassic.com

www.burmeseclassic.com



ရယ်မောသံပါ ထွက်လာသဖြင့် ပို၍ ကြောက်ရွံ့ထိတ်လန့်လာသည်။ ခေါင်းရှောင်းသည့် တဲရှေ့သို့ရောက်၍ ဦးမဲကြီးကို လှမ်းကြည့်လိုက်သောအခါ ဦးမဲကြီးက . . .

"ကောင်လေးတွေ နောက်လာဦးမလား"

လှမ်းအော်လိုက်ရာ ဖိုးအေးနှင့် သူ့မတိုင်ပင်ထားဘဲ သံပြိုင်အော်လိုက်သည်။

"မလာတော့ဘူး . . . မလာတော့ဘူး"

ဟု အော်ကာ ကားကို မောင်းထွက်လာတော့သည်။

❁ ❁ ❁



အခန်း (၁၄)

ဟယ်ရို ယားကား

အိမ်ရောက်တော့ အပေါ်အင်္ကျီချွတ်ပြီး ဆက်တီထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ဖိုးအေးက ရေခဲသေတ္တာမှ ရေဘူးတစ်ဘူးကို ထုတ်ကာ သူ့ကိုပေးသည်။

ရေဘူးကို မော့ယူသောက်လိုက်ပြီး . . .

"အခုမှပဲ ရင်ထဲအေးသွားတယ်၊ တော်တော်ဒုက္ခပေးတဲ့မိန်းမ၊ သေတာတောင် ငါ့ကို စိတ်ဆင်းရဲအောင် အမျိုးမျိုးလုပ်တယ်"

တစ်ယောက်တည်း ရေရွတ်ရင်း ရေချိုးရန် အိမ်နောက်ဘက်သို့ ထွက်လာခဲ့သည်။

ရေကို စိတ်ရှိလက်ရှိ စိမ်ချိုးပြီးနောက် ရေဘားကိုပိတ်ကာ အခန်းအပြင်သို့ ပြန်ထွက်လာသည်။ တစ်ကိုယ်လုံး လန်းဆန်းသွားသလို ခံစားရပြီး အိပ်ခန်းထဲဝင်ကာ ဗီရိုထဲမှ အဝတ်အစားတို့ကို လဲလိုက်၏။

'ဝေါ်'

"ဟင် . . . ရေချိုးခန်းက ရေကျသံပါလား၊ ဖိုးအေး . . . ရေချိုးနေတာများလား"



www.burmeseclassic.com

www.burmeseclassic.com



ရေသံကို အဆက်မပြတ် ကြားနေရသဖြင့် ...

"ဖိုးအေး ရေမြန်မြန်ချိုး ... ပြီးရင် ဆိုင်သွားမယ်"

လှမ်းအော်လိုက်ပြီး အိမ်ရှေ့ဧည့်ခန်းသို့ထွက်ကာ ဆက်တီထိုင်ခုံတွင် ထိုင်ရင်း ဂျာနယ်တစ်စောင်ကို ကောက်ယူကာ ဖတ်လိုက်၏။ ဂျာနယ်ဖတ်ရင်း တဖြည်းဖြည်း အချိန်ကြာလာသည်။ ဖိုးအေးက ထွက်မလာသေး။

စိတ်တိုစွာဖြင့် အိမ်နောက်ဘက်သို့ လှမ်းအော်လိုက်သည်။

"ဖိုးအေး ... ခုထိ ရေချိုးလို့ မပြီးသေးဘူးလား"

ရေချိုးခန်းမှ ရေသံများ ဆက်ကြားနေရ၍ ထပြီးသွားကြည့်ရန် ပြင်လိုက်စဉ် ...

"အစ်ကို ... ကျွန်တော့်ကို ခေါ်နေတာလား"

"ဟင် ... မင်း ... ရေချိုးနေတာ မဟုတ်ဘူးလား"

အိမ်ရှေ့တံခါးဝမှ တက်လာသော ဖိုးအေးမြင်၍ မေးလိုက်၏။

"ကျွန်တော်အိမ်ဘေးမှာ ကားရေဆေးနေတာ ... ရေမချိုးပါဘူး ဘာဖြစ်လို့လဲ"

"မင်း နားထောင်စမ်း ... ရေချိုးခန်းထဲမှာ ..."

"ဟာ ... ရေသံပါ အစ်ကိုရယ်၊ အစ်ကိုရေချိုးပြီး ရေဘား မပိတ်ဘူးနဲ့ တူတယ်"

"ဘယ်ကလာကွာ ... ငါ သေသေချာချာပိတ်ခဲ့တယ်"

ဖိုးအေး ခေါင်းကိုကုတ်ကာ ရေချိုးခန်းသို့ထွက်သွားပြီး သိပ်မကြာမီ အိမ်ရှေ့သို့ပြန်လာကာ ...

"အစ်ကို့စိတ်တွေ ကယောင်ချောက်ချားဖြစ်နေတယ်နဲ့တူတယ် အေးအေးဆေးဆေး အနားယူပါ"

"မင်းက ငါ့ကို ရူးနေတယ်ထင်လို့လား ဖိုးအေး"

"အစ်ကို့ကိုကြည့်ရတာ မိန်းမသေပြီးတည်းက တစ်ခုခုကို ကြောက်လန့်နေသလိုပဲ"





"မင်းလည်း ဘာထူးလဲ ... လန့်တာပဲမလား"

"ကျွန်တော်လန့်တာက အစ်ကို့ကိုကြည့်ပြီး လန့်နေတာ၊ အစ်ကိုက ထိတ်ထိတ်လန့်လန့်ဖြစ်နေတဲ့ပုံက ကြောက်ဖို့ကောင်းနေတာ"

"ကဲ ... ထားတော့ ဆိုင်သွားမယ် အိမ်တံခါးတွေ သေချာပိတ်"

"ဟုတ်ကဲ့ ... အစ်ကို"

ဖိုးအေး ... အိမ်တံခါးတို့ကို အသေအချာပိတ်ပြီး ကားဆီသို့လာကာ ဆိုင်သွားရန် ကားစက်ကို နှိုးလိုက်၏။

ထိုအချိန်တွင် ...

"မင်းတို့ ညဘက် ပြန်လာမှာလား"

ခေါင်းရင်းအိမ်မှ ဒေါ်သိန်းက လှမ်းမေးသည်။ ကိုကောင်းဆက်က

"မပြောတတ်သေးဘူး အဒေါ် ... အလုပ်ပါးရင်တော့ ပြန်လာမှာပါ"

"အေး ... ပြန်လာဖြစ်အောင် ပြန်လာခဲ့၊ ဒါမှ ... မင်းတို့ အိမ်အခြေအနေ မင်းတို့သိမှာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကိုကောင်းဆက် စောင့်အောင့်ကာ ဖြေလိုက်သည်။ ခြံတံခါးကို အသေအချာပိတ်ကာ ကားပေါ်တက်ထိုင်လိုက်ချိန်တွင် ဖိုးအေးက ကားကို မောင်းထွက်လာခဲ့တော့သည်။

ဆိုင်သို့ တန်းမမောင်းနိုင်းဘဲ ကိုမျိုးဦးရှိတတ်သည့် မြို့လယ်က လက်ဖက်ရည်ဆိုင်သို့ မောင်းနိုင်းလိုက်၏။

လက်ဖက်ရည်ဆိုင်ထဲမှာ ကိုမျိုးဦးတစ်ယောက် သူတစ်ခါမှ မမြင်ဘူးသော လူနှစ်ယောက်နှင့် ထိုင်စကားပြောနေရင်းမှ သူလာတာကို တွေ့သောအခါ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကောင်းဆက် လာဗျာ ... လက်ဖက်ရည်သောက်၊ ခရီးသွားအော ဘယ်တုန်းက ပြန်ရောက်လဲ"

"မနေ့ကပဲဗျာ ... ကိုမျိုးဦးနဲ့ တိုင်ပင်စရာရှိလို့"

သူတို့ဝိုင်းမှာ ဝင်ထိုင်ရင်း ပြောလိုက်၏၊ ဖိုးအေးလည်း သူနှင့်အတူ တစ်ဝိုင်းတည်း ဝင်ထိုင်သည်။

"ကိုကောင်းဆက်ကိုတွေ့ရတာ အလျဉ်းသင့်လိုက်တာဗျာ ... ဒီက ကျွန်တော့်မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးရဦးမယ်"

"ဟုတ်ကဲ့ ... ကျွန်တော် ကောင်းဆက်ပါ"

ကိုမျိုးဦးက သူ့မိတ်ဆွေနှစ်ယောက်ဖြစ်သော မည်းမည်း၀၀ အသက်ငါးဆယ်ခန့်ရှိသော လူကြီးနှင့် သူတို့နှင့် မတိမ်းမယိမ်းရှိသော အသားညိုညို ရုပ်ဖြောင့်ဖြောင့်လူတို့ကို မိတ်ဆက်ပေးသည်။

"ဒါက ဦးမင်းဆွေ ... သစ်တောအရာရှိကြီးတစ်ယောက်ပေါ့၊ ဒီက ကိုသော်တာပါ ... နိုင်ငံခြားသင်္ဘောအရာရှိ ဆိုပါတော့"

"ဟုတ်ကဲ့"

"သူတို့ ဒီကိုလာတာ သူတို့ညီမလေးနန်းနွယ်ကြောင့်ပါ ... ကိုကောင်းဆက်"

"နန်းနွယ်က ဒီမြို့ကလား"

"မဟုတ်ဘူးဗျ သူတို့နဲ့အတူနေတာ ... ရန်ကုန်ကပဲ"

"ဩော်"

"ပြဿနာက ဒီလိုပါ ... နန်းနွယ်က နောက်ဆုံးနှစ်စိတ်ပညာနဲ့ ကျောင်းတက်နေတုန်း တစ်ရက် ကျောင်းကအပြန်မှာ ကားအက်ဆီးဒန့်ဖြစ်ပြီး ဆေးရုံရောက်သွားတယ်၊ သတိလစ်သွားတာလည်း ... ခုနစ်ရက်လောက်ရှိသွားတယ် ...၊

ဆရာဝန်တွေ၊ သမားတော်ကြီးတွေနဲ့ အထူးကြိုးစားကုတော့





သတိပြန်ရပေမယ့် သူကိုယ်သူ နန်းနွယ်မှန်း မသိရှာတော့ဘူး၊ အမြဲတမ်း ရီဝေဝေနဲ့ စကားလည်း လိုအပ်မှပြောတော့တယ်"

"မိသားစုကိုရော မမှတ်မိဘူးလား"

ကိုကောင်းဆက်က ကြားဖြတ်၍ ဝင်မေးလိုက်သည်။ ထိုအခါ ကိုသော်တာဆိုသည့်လူက ...

"မမှတ်မိတော့ဘူး ကိုကောင်းဆက်၊ ဦးနှောက်ပျက်သွားတာလည်း မဟုတ်ဘူး၊ အတိတ်မေ့သွားရာကနေ အရင်လို တက်တက်ကြွကြွမရှိဘဲနဲ့ကို အခုလိုဖြစ်သွားတာ ...

သူစကားပြောတာ တစ်ယောက်ပဲရှိတယ်၊ အဲဒီလူက သူ့သူငယ်ချင်း ကောင်မလေးပဲ"

"နဂိုတည်းက ခင်ခဲ့တဲ့ သူငယ်ချင်းလား"

"ဟုတ်ပါတယ် ... ကျောင်းတက်တော့မတူပါဘူး။ သူ့ သူငယ်ချင်းက နိုင်ငံခြားမှာ ကျောင်းသွားတက်နေတာ၊ ပြန်လာတော့ သူ့အခြေအနေကို လာကြည့်ရင်း ပြန်ဆုံကြတာ၊ တခြားသူငယ်ချင်းတွေကိုကျတော့ ဒီလောက် ပြောဟယ် ဆိုဟယ် မရှိဘူး၊ အဲဒီကောင်မလေးနဲ့မှ တစ်နေကုန် စကားပြောလို့ကိုမကုန် ဖြစ်နေကြတယ်"

"ဒါနဲ့ ... ကိုသော်တာတို့ ဘယ်လိုအကြောင်းကြောင့် ကိုသော်တာ့ ညီမအကြောင်း ပြောပြတာလဲ"

မဆီမဆိုင် သူတို့ညီမအကြောင်း ပြောနေသဖြင့် ဘာအကြောင်းလဲ သိရအောင် ကိုကောင်းဆက်မှ မေးလိုက်၏။

"ကိုကောင်းဆက်နဲ့ တိုက်ရိုက်ပတ်သက်နေလို့ပါ"

"ဘာ ... ဘယ်လို"

အံ့သြစွာဖြင့် ... ကိုသော်တာကို မေးလိုက်၏၊ ဘယ်လိုနေသည် မှန်းလည်း မသိတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက် ကျွန်တော့်ညီမက မူးတယ်၊ မူးတယ်ဆိုပြီး လဲသွားတယ်၊ မှတ်မှတ်ရရ အဲဒီနေ့က တပေါင်းလပြည့်နေ့ပါ ဆေးခန်းပြပြီး သတိရတော့ သူ့ကိုယ်သူ ကြည်မေဦးတဲ့၊ ကျိုက်ဝန်းမှာနေတာ၊ ဒီကို ဘယ်လိုရောက်နေတာလဲတဲ့"

"ဗျာ"

"ဟုတ်ပါတယ် . . . ကျွန်တော်တို့လည်း အမျိုးစုံရှင်းပြပေမယ့် လက်မခံဘူး၊ ကျိုက်ဝန်းကိုပြန်မယ်၊ သူ့မှာ ယောက်ျားရှိတယ်၊ ကိုကောင်းဆက်ဆိုတဲ့လူဆိုပြီး ငိုငိုနေလို့ ဒီကိုခေါ်လာရတာပါ . . .၊

ဒီက ကိုမျိုးဦးနဲ့ အစ်ကိုကြီးနဲ့က မိတ်ဆွေဟောင်းတွေ ဖြစ်နေတာနဲ့ ကိုကောင်းဆက်ကို အကျိုးအကြောင်းရှင်းပြမယ်လို့ တိုင်ပင်နေတုန်း ကိုကောင်းဆက် ရောက်လာတာပါ"

"ကျွန်တော့်မိန်းမ ကြည်မေဦးက သေသွားတာ ဆယ့်ငါးရက်လောက် ရှိပြီ"

"ကိုမျိုးဦး ပြောပြလို့ ကျွန်တော်တို့ သိပြီးပါပြီ၊ ကျွန်တော့်ညီမလေး အခုလိုဖြစ်နေတာလည်း ရှစ်ရက်လောက် ရှိပါပြီ"

"ဟင်"

ကိုကောင်းဆက် စဉ်းစားရကျပ်သွားသည်။ ပြဿနာက တော်တော်ကိုမလွယ်။ သူတို့ ညီမလေးရောဂါဖြစ်နေတာက ရှစ်ရက်ရှိပြီ။ ပြီးတော့ . . . ကြည်မေဦး ရက်လည်တဲ့နေ့လောက်က စပြီး ဖြစ်တာထင်သည်။

"ဖိုးအေး . . . မင်းအစ်မကြည်မေ ရက်လည်တဲ့နေ့က ဘာနေ့လဲ"

ဖိုးအေးက သေချာစဉ်းစားပြီး . . .

"အင်္ဂါနေ့ . . . တပေါင်းလပြည့်နေ့ အစ်ကို"

"ကိုသော်တာတို့ကို ကျွန်တော် ဘာကူညီရမလဲပြောပါ"





"ကျွန်တော်တို့ နားလည်တဲ့ ပါရဂူတွေနဲ့တော့ အခုလက်ရှိ သူသိနေတဲ့ အသိစိတ်အတိုင်း စိတ်ချမ်းသာအောင်ထားပြီး တဖြည်းဖြည်း နဂိုပုံမှန်ဘဝကို ပြန်ရောက်အောင် ကုသရမယ်လို့ ပြောပါတယ် . . .၊

ဒါကြောင့် . . . ကိုကောင်းဆက်အနေနဲ့ ကိုယ့်နှမလေးလို သဘောထားပြီး ဝေဒနာရှင် ကျွန်တော့်ညီမလေးကို ကူညီပေးပါလို့"

"ဟုတ်ကဲ့ ကူညီပါ့မယ် . . . အခု ကိုသော်တာတို့ညီမလေးရော ပါမလာဘူးလား"

"ကိုကောင်းဆက်ဆိုင် ရောက်နေပြီ"

"ဗျာ"

ကိုကောင်းဆက်ရင်ထဲ အပူလုံးဆို့သွားသည်။ ဘယ်လို ဖြေရှင်းရမလဲ။ ကြည်မေဦးလိပ်ပြာက ကိုသော်တာတို့၏ညီမ နန်းနွယ်ဆီကပ်ပြီး နန်းနွယ်ဟာ တကယ်ပင် ကြည်မေဦးဖြစ်ခဲ့ပြီလား . . . မေးခွန်းများမှာ ဆယ်နေလေတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

## ဘဝလျှောက်ဘာ ပိုင်ရှင်

ဆိုင်ရှေ့ ကားရပ်ရုံရှိသေးသည် . . . ဆိုင်ထဲမှနိုင်ဇော် ပြေးထွက်လာပြီး . . .

"ဆရာ . . . ဆိုင်ထဲမှာ ဆရာ့ကို ကျွန်တော်ပြောပြထားတဲ့ မိန်းမ ရောက်နေတယ်"

"အေး . . . ငါကလည်း သူ့ကိုတွေ့ချင်နေတာ"

"ဗျာ"

"မဗျာနဲ့ . . . ငါ့နောက်လိုက်ခဲ့"

"ဟုတ် . . . ဟုတ်ကဲ့"

ကိုကောင်းဆက် ဆိုင်ထဲသို့ ခြေလှမ်းကျဲကြီးများဖြင့် ဝင်လာ ပြီးနောက် နိုင်ဇော်ပြောသော အမျိုးသမီးကိုရှာရာ မတွေ့သဖြင့် . . .

"မင်းပြောတဲ့အမျိုးသမီး ဘယ်မှာလဲ"

"အပေါ်ထပ်မှာ အဆိုတော်ကောင်မလေးတွေကို ပြောစရာရှိတယ် ဆိုပြီး တက်သွားတယ်"

"အေး . . . အပေါ်ထပ်လိုက်ရတော့တာပေါ့ကွာ"





အပေါ်ထပ်သို့ ကိုကောင်းဆက်တက်ခဲ့ရာ အဆိုတော်ကောင်မလေး များ၏အခန်းဝ၌ အမျိုးသမီးတစ်ဦးက အထဲသို့ လှမ်းစကားပြောနေသည် ကိုတွေ့ရသဖြင့် အသာရပ်ကာ ကြည့်နေလိုက်သည်။

"ဟဲ့ . . . နင်တို့ လုပ်စရာရှိတာ မြန်မြန်လုပ်ကြ၊ အောက်မှာ အစီအစဉ်က စနေပြီ၊ နင်တို့ကြည့်လိုက်ရင် လေးကွေးနေတာပဲ"

"အစ်မက . . . ဘယ်သူလဲ"

ကေသရီက ထပြီး ထိုအမျိုးသမီးကို မေးလိုက်၏။

"ဟဲ့ . . . ငါက ဒီဆိုင်ပိုင်ရှင်ရဲ့မိန်းမလေ၊ နင်တို့ကို အမြဲပြော နေတာ မသိဘူးလား၊ နင်က ဒီမှာ ခေါင်းဆောင်လုပ်ပြီး တက်တက်ကြွ ကြွမရှိဘူး"

"အစ်မ . . . ဘာတွေလာပြောနေတာလဲ၊ ကေသရီ အစ်မကို မသိဘူး"

"ဘာ . . . ငါ့ကို နင်မသိဘူး ဟုတ်လား ကေသရီ"

"ဟုတ်တယ်"

"ဆိုင်ရှင်တစ်ယောက်လုံးကိုတောင် မသိရအောင် နင်ရူးနေလား"

"ကေသရီ မရူးဘူး . . . ရူးနေတာ အစ်မ၊ ဘလိုင်းကြီး လာကော နေတယ်၊ အစ်မ . . . ဘယ်ကလဲ၊ ဦးကောင်းဆက်နဲ့ ဘယ်လိုပတ်သက်လဲ"

"အေး . . . ဦးကောင်းဆက်လို့ နင်ပြောတဲ့ မောင်က ငါ့ယောကျ်ား ဟဲ့"

"ဟင်"

ကြာရင် အခြေအနေက ဒီထက်ပို၍ ရှုပ်ထွေးတော့မည်စိုး၍ ကိုကောင်းဆက် ထိုအမျိုးသမီးအနားသို့သွားကာ . . .

"ဒီမှာ . . . ကျွန်တော် စကားအေးအေးဆေးဆေး ပြောချင်လို့"

"မောင် လုပ်ပါဦး . . . မောင့်မိန်းမ ကြည်မေကို မသိဘူးတဲ့"

www.burmeseclassic.com



"ဟင်"

ထိုအမျိုးသမီးစကားကြောင့် ကေသရီ လန့်သွား၏။ စကားပြောပုံဆိုပုံ ဟန်ပန်အမူအရာတွေက အစ်မကြည်မေနှင့် တစ်ထပ်တည်း တူပေမယ့် ရုပ်ရည်ကတော့ မတူပေ။

"လာပါ . . . ကျွန်တော်တို့ အောက်ထပ်က စားပွဲဝိုင်းမှာ စကားပြောရအောင်"

"မောင် ဘာဖြစ်နေတာလဲ ကိုယ့်မိန်းမကို ကျွန်တော်နဲ့ . . . ဘာနဲ့"

"ကဲ . . . လာပါဗျာ . . . စကားပြောမှဖြစ်မှာမို့ပါ"

ကိုကောင်းဆက်ပြောပြီး အောက်ထပ်သို့ ပြန်ဆင်းလာရာ ထိုအမျိုးသမီးလည်း နောက်မှလိုက်ဆင်းလာသည်။ အောက်ထပ် အရှေ့သီးသန့်စားပွဲဝိုင်းသို့ ခေါ်သွားပြီး အထဲ၌ ဝင်ထိုင်လိုက်ကြသည်။

"နိုင်ဇော် . . . မင်းလုပ်စရာရှိတာ သွားလုပ်"

"ဟုတ်ကဲ့"

နိုင်ဇော် အခန်းအပြင်ဘက် ထွက်သွားသောအခါ သူနှင့် အမျိုးသမီးနှစ်ယောက်တည်း ကျန်ခဲ့သည်။

"မောင် ဘာဖြစ်နေတာလဲ . . . ကြည်မေ့ကိုတောင် စကားပြောတာ လင်မယားမဟုတ်တဲ့အတိုင်း"

"နေ . . . နေ . . . ဦး . . . မင်းက ကြည်မေဆိုတော့ မင်း ရန်ကုန်ကို ဘယ်လိုရောက်သွားတာလဲ"

"အဲဒီကိစ္စ . . . မောင့်ကို ကြည်မေပြောမလို့၊ ကြည်မေ အိပ်မက်ထဲမှာ ရန်ကုန်ရောက်နေတယ်၊ သတိရတော့ တကယ် ရန်ကုန်ကို ရောက်နေတာ၊ ပြီးတော့ . . . သူများအိမ်မှာ၊ ကြည်မေ ဘာတွေဖြစ်နေတာလဲ . . . မောင်"

"သွားပါပြီ . . . ငါရူးချင်လာပြီ"





ကိုကောင်းဆက် . . . တကယ်ရူးချင်စိတ်ပေါက်တာ [illegible] ရမှန်းမသိ ဖြစ်နေသည်။ သူ့ကိုစကားပြောနေသည့် အမျိုးသမီး[illegible] တွေကလည်း သူ့မိန်းမ ကြည်မေဦးအတိုင်း ဖြစ်နေသည်။

ကိုကောင်းဆက် သွေးတိုးစမ်းသလိုဖြင့် . . .

"မင်း . . . ငါ့မိန်းမ ကြည်မေမဟုတ်ဘူး၊ ညာနေတာ"

"ဘယ်လိုပြောလိုက်တယ် . . . ကြည်မေက မောင့်မိန်းမလေး သားသမီးမမွေးပေးနိုင်တာကလွဲရင် မောင့်အပေါ် ဘာတာဝန်မကျေခဲ့လို့လဲ . . . မောင်ရယ် . . . အဟင့် . . . ဟင့်"

ပြောရင်း . . . ငိုလာရာ ကိုကောင်းဆက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။

"အခု . . . မောင်ပြောတဲ့ စကားတွေ၊ ကြည့်တဲ့ အကြည့်တွေက သူစိမ်းမိန်းမတစ်ယောက်ကို ကြည့်တဲ့ပုံ၊ ပြောတဲ့ပုံတွေဖြစ်နေတယ် . . .၊ မောင် . . . ကြည်မေ့ကို ညည်းငွေ့လာတာလား မောင်၊ ကြည်မေ ရန်ကုန်ကနေ ဒီကို ရောက်လာတော့လည်း ကိုယ့်အိမ်ကို မပြန်ရဘူး၊ ရန်ကုန်က လိုက်လာတဲ့လူနှစ်ယောက်က မိုတယ်မှာပဲ နေခိုင်းတယ် . . .၊ အဆိုးဆုံးက ကြည်မေ့မျက်နှာပဲ မောင်၊ ဒီမျက်နှာဟာ ကြည်မေ့မျက်နှာ မဟုတ်ဘူး"

သူ့စကားကြောင့် ကိုကောင်းဆက် လန့်သွားသည်။ လိပ်ပြာကူးသည်ဆိုတာ အမှန်ပဲလားဟု တွေးမိသည်။

"ဒါပေမဲ့ . . . မောင့်မိန်းမ ကြည်မေဟာ ကြည်မေပါပဲ၊ မောင့်ကို ချစ်တဲ့အချစ်တွေ၊ မောင့်ဆီက လိုချင်တဲ့အချစ်တွေဟာ ပြောင်းသွားတာမှ မဟုတ်တာ၊ မောင်မယုံရင် ကြည်မေနဲ့ ပတ်သက်တာတွေ အကုန်မေး ကြည်မေ ပြောပြမယ်"

"ကဲ ထားပါ . . . ကြည်မေ၊ အခု မောင်တို့ ဘယ်လိုလုပ်ကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . ဘာကိုဆိုလိုတာလဲ"

"ကြည်မေဆိုတာကို မောင်လက်ခံပေမယ့် . . . ပတ်ဝန်းကျင်က လက်ခံမှာ မဟုတ်ဘူး"

"ကြည်မေ မစဉ်းစားတတ်ဘူး . . . ဟင့် . . . ဟင့်"

ပြောကာ ငိုလေတော့သည်။ ကိုကောင်းဆက် စိတ်ထဲ ခံစားမှုကတော့ သူ့မိန်းမ ကြည်မေဦးအပေါ် ခံစားရသည့်ပုံမျိုးမဟုတ်ဘဲ ကိုသော်တာညီမ နန်းနွယ်ဆိုတဲ့အသိကြောင့် သနားစိတ်ကလွဲရင် ဘာမှမဖြစ်မိပါ။

"မောင် . . . အခုရက်ပိုင်း ဆိုင်မှာပဲအိပ်မယ်၊ ကြည်မေလည်း ရန်ကုန်က ညွှန်သည်တွေတည်းတဲ့ မိုတယ်မှာပဲ တည်းနေလိုက်၊ မောင်တို့ အဖြေတစ်ခုခု ရှာကြတာပေါ့"

"မောင် . . . ကြည်မေ မနေ့တည်းက အိမ်ရောက်တယ်၊ သော့ခတ်ထားလို့ ဟိုလူတွေနဲ့ ပြန်လိုက်လာတာ၊ နိုင်ဖော်နဲ့တောင် ဝင်တွေ့သေးတယ်၊ မောင့်ကို ကြည်မေ အကြာကြီးမခွဲနိုင်ဘူး"

"ဟုတ်ပါတယ် . . . အခုတော့ မိုတယ်ပဲ ပြန်အိပ်နော်၊ 'ဆိုင်က အရောင်းကျနေတယ် . . . ကြည်မေရဲ့၊ မောင် ဖိဖိစီးစီး အလုပ်လုပ်မှ ကောင်းမယ်လေ"

"အလုပ်လုပ်တာတော့ လုပ်ပေါ့၊ ဟိုဟာတော့ မလုပ်နဲ့နော်"

နန်းနွယ်ပြောတာကို သူသဘောပေါက်သည်။ အလောင်းအစားဝါသနာကြီးသော ကိုကောင်းဆက်ကို ဂျင်မကစားဖို့ ပြောလိုက်ခြင်းလည်း ဖြစ်သည်။

အိတ်ထဲက ဟန်းဖုန်းကိုထုတ်ကာ ကိုသော်တာ့ဆီ ဖုန်းခေါ်လိုက်သည်။

"ခဏလေး ကြည်မေ . . . မောင် ဖုန်းပြောလိုက်ဦးမယ်"

"ပြောလေ . . . ကြည်မေလည်း ခိုင်ဖော့်ဆီက စာရင်းတွေ

* ရဲ ရင့် အောင် ဓာ ထ *



သွားကြည့်ဦးမယ်"

ကိုကောင်းဆက် ဆိုင်ရှေ့သို့ထွက်လာရာ တစ်ဖက်မှ သူခေါ်နေသော ဖုန်းဝင်သွားသဖြင့် . . .

"ဟဲလို ကိုသော်တာလား"

"ဟုတ်ပါတယ် . . . ပြော ကိုကောင်းဆက်"

"ခင်ဗျားညီမလေးကတော့ သူ့ကိုယ်သူ ကျွန်တော့်ဇနီး ကြည်မေတဲ့ ဘယ်လိုမှ ရှင်းပြလို့လည်း မရဘူး"

"ကြည်မေနဲ့ပတ်သက်တာတွေ မေးလိုက်သေးလား"

"မေးစရာတောင် မလိုဘူး . . . ကိုသော်တာ၊ သူ အကုန်ပြောနိုင်တယ်၊ သိပ်ထူးဆန်းတယ်ဗျာ၊ သူ့အိမ်ပြန်မယ် ပြောနေလို့ လှည့်ပြီး မိုတယ်ပဲပြန်ဖို့ ပြောထားတယ်၊ ကိုသော်တာ လာခေါ်မလား ပြန်ပို့ခိုင်းလိုက်ရမလား"

"အဆင်ပြေမယ်ဆိုရင် . . . ကိုကောင်းဆက်ပဲ လာပို့ပေးလိုက်ပါ"

"ဟုတ်ကဲ့ . . . ဒါပဲနော်"

"ကျေးဇူးပါပဲ"

ဖုန်းကိုပိတ်ပစ်လိုက်ပြီးနောက် နန်းနွယ်ကို ဝိတ်တာတစ်ယောက်နှင့် ခေါ်ခိုင်းလိုက်ရာ သိပ်မကြာခင်ဘဲ အနားသို့ရောက်လာသည်။

"ကြည်မေ . . . မိုတယ်ကို မောင် လိုက်ပို့မယ်"

"ပြန်ရတော့မှာလား . . . ကြည်မေ မပြန်ချင်သေးဘူး"

"မိုးသိပ်ချုပ်ရင် မကောင်းဘူး။ မောင်လည်း အလုပ်တွေ ရှိသေးတယ်လေ"

"မောင်ဟာလေ ကိုယ့်မိန်းမကို အမြဲနှင်တတ်တယ်၊ ဟိုတုန်းကလည်း အိမ်မှာ တစ်ယောက်တည်းနေရတယ်၊ အခုလည်း . . . ကိုယ်မသိဟဲ့ သူစိမ်းတွေနဲ့ သွားနေရတယ်၊ မောင့်မိန်းမ မောင့်တို့

* ရဲ ရင့် အောင် ဓာ ထ *

www.burmeseclassic.com

www.burmeseclassic.com



လွမ်းနေတာ မသိဘူးလားဟင်''

သူ့ရဲ့လက်မောင်းကိုတွဲကာ ပြောတဲ့စကားသံကြောင့် သူ ရင်တစ်ချက်ခုန်သွားသည်။ သူ့မိန်းမ ကြည်မေရဲ့ အငွေ့အသက်ကို ခံစားရသလို စိတ်ထဲထင်လာသည်။

ကားတံခါးကို ဖွင့်ပေး၍ တက်ခိုင်းလိုက်ပြီး တံခါးကို ပြန်ပိတ်ကာ ကားမောင်းသည့်နေရာကို သူဝင်ထိုင်ပြီး မိုတယ်သို့ ကားကို မောင်းထွက်လာခဲ့သည်။

မိုတယ်ရှေ့တွင် ကိုသော်တာက အဆင်သင့် စောင့်နေသည်။ နန်းနွယ် ကားပေါ်ကဆင်းပြီး ...

''မောင် ... ဆိုင်မှာပဲ အိပ်နော် ... ဘယ်မှမသွားနဲ့''

သူ ခေါင်းညိတ်ပြလိုက်သည်။ ကိုသော်တာက ...

''ကျေးဇူးပါပဲ ကိုကောင်းဆက် ... နောက်လည်း ကူညီပါဦး''

''ဟုတ်ကဲ့ ... သွားပြီ ကိုသော်တာ''

ကားကို ဆိုင်သို့ ပြန်မောင်းလာခဲ့တော့သည်။ သူ့ရင်ထဲက ပူဆွေးတွေကတော့ ... အဖြေနှင့် ဝေး၍ ဝေး၍သာ နေတော့သည်။

❁ ❁ ❁



အခန်း (၁၆)

ဘယ်ပြုလောလဲ

သူ မနက်စောစော လက်ဖက်ရည်ဆိုင်သို့ ထွက်လာပြီး ကိုစောလွင်ကို ရှာသည်။ သူတွေချင်လို့လားမသိ။ ကိုစောလွင် လက်ဖက်ရည်ဆိုင်သို့ ရောက်မလာသေး။ လက်ဖက်ရည်တစ်ခွက်ကို မှာသောက်ကာ ကိုစောလွင်အလာကို စောင့်နေလိုက်သည်။ နေအတော်မြင့်မှ ကိုစောလွင် တစ်ယောက် တိုက်ပုံတကားကားနှင့် ရောက်လာသည်။

''ကိုစောလွင် ... ခင်ဗျားကို ကျွန်တော်စောင့်နေတာ''

''ဟုတ်လား ... ကျွန်တော် ဆွမ်းသွတ်တစ်ခုသွားနေလို့ လက်ဖက်ရည်လာသောက်ချိန်တောင် နောက်ကျနေတာ''

ကိုစောလွင်က ထိုင်ခုံတစ်လုံးဆွဲယူထိုင်ကာ သူ့ကိုပြောလိုက်သည်။

''ခင်ဗျားနဲ့ ဆွေးနွေးစရာရှိလို့ ... ကိုစောလွင်''

''ဘာလဲ အိမ်ထောင်ပြုဖို့ကိစ္စလား ... မလုပ်ပါနဲ့ဦး ကိုကောင်းဆက်ရယ်၊ မိန်းမသေတာ တစ်လတောင် မပြည့်သေးဘူး''

ကိုစောလွင်က သူ့ကို နောက်ပြောလိုက်မှန်း သိသော်လည်း သူ့ဘာခံတည်တည်နှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမယူတာထက် ဆိုးတဲ့ကိစ္စ ဖြစ်နေလို့ဗျ"

"ဘာကိစ္စလဲ"

"ဟိုတစ်နေ့က ... ကိုစောလွင်နဲ့ ဆွေးနွေးတဲ့ လိပ်ပြာကူးတဲ့ ကိစ္စလေ"

"ဘယ်လို"

ကိုကောင်းဆက် သူနှင့် ကြည်မေဦးဆိုသည့် အမျိုးသမီးအကြောင်း ကိုစောလွင်ကို ပြောပြလိုက်သည်။

"မယုံနိုင်စရာပဲဗျာ ... တစ်ဆင့်စကား တစ်ဆင့်ကြားခဲ့တာပဲ ရှိတယ်၊ အခုလို လက်တွေ့ကြုံရတာ အခုမှပဲ ... သူကိုယ်တိုင် ကြည်မေဦး စိတ်နဲ့ တခြားသူရဲ့ခန္ဓာဆိုတာ သိလား"

"သိတယ် ကိုစောလွင် ... ခက်တာက ကြည်မေဦးဟာ ကျွန်တော့် မိန်းမဆိုတော့"

"ကိုကောင်းဆက်ပြောတာကို ကျွန်တော် လက်ခံပါတယ်၊ ခန္ဓာကို စိတ်က ဦးဆောင်တာမဟုတ်လား။ တခြားသူရဲ့ ခန္ဓာဖြစ်နေပေမယ့် သူ့စိတ်က ကြည်မေဦးဆိုတော့ ခင်ဗျားကို ကြင်နာမယ်၊ ယုယမယ်၊ ခင်ဗျားဆီကို လည်း ပြန်လိုချင်မယ်၊ ဒါပေမဲ့ ... အကြောင်းတရားတွေက ရှိနေသေး တော့ အဲဒီလို လုပ်လို့မရဘူး၊ တကယ့် ကြည်မေဦးခန္ဓာအစစ်က မြေကြီးထဲ ရောက်သွားပြီလေ၊ တူးယူပြီး အခု ဟိုအမျိုးသမီးမှာ ရှိနေတဲ့စိတ်နဲ့ ပေါင်းလို့ မရဘူး"

"ဟုတ်ပါတယ်"

"ကျွန်တော် အလေးအနက်ထား သတိပေးချင်တာက လူမှုရေး ပယ်မှာ မလိုလားအပ်တဲ့ ပြဿနာမဖြစ်ဖို့ကိုတော့ ကိုကောင်းဆက် သတိ ထားရမယ်"

စေတနာအစစ်အမှန်ဖြင့် ကိုစောလွင် သတိပေးမှုန်း ကိုကောင်း





ဆက် နားလည်လိုက်သည်။

"ကိုစောလွင်ရယ် ... ကြည်မေဦး ဆုံးပြီးတည်းက ပြဿနာ တစ်ခုပြီးတစ်ခု၊ ကောင်းကောင်းအိပ်မရတဲ့ညတွေ များနေပြီ"

"ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ပါ၊ လောကကြီးဟာ သိပ်ဆန်း တယ်၊ တစ်ခါတလေ လိုက်မမှီနိုင်တဲ့အကြောင်းတွေက စိတ်ကူးထက် ပိုပြီး ဆန်းတယ်ဆိုတာ အခုလက်တွေ့ပဲလေ"

"ကျွန်တော် ဘယ်လိုဆက်လုပ်ရမလဲ"

"ဟို ... အမျိုးသမီးက စိတ်ဝေဒနာရှင်ပဲဖြစ်ဖြစ်၊ ကြည်မေဦး လိပ်ပြာ သူ့ကိုကပ်နေတာပဲဖြစ်ဖြစ်၊ လူသားတစ်ဦးအနေနဲ့ ကူညီလိုက်ပါ၊ သူ့အစ်ကိုကွေ့ကလည်း အကူအညီတောင်းထားတယ်မဟုတ်လား"

"ဟုတ်တယ် ကိုစောလွင် ... အဲဒီလူတွေ ကြည့်ရတာ စိတ် ကောင်းရှိပြီး ရိုးသားပုံရပါတယ်"

ကိုစောလွင် သူ့ရှေ့က လက်ဖက်ရည်ကို တစ်ကျိုက်မော့သောက် လိုက်ပြီး ...

"ကြည်မေဦး တစ်လပြည့်ဆွမ်းသွတ်ကိုတော့ လုပ်နော် ကိုကောင်း ဆက်"

"ဘာဖြစ်လို့လဲ"

"အမှန်တိုင်းပြောရရင် အခုလိုဖြစ်နေတာ ကာယကံရှင် မိန်းကလေး အတွက်လည်း မကောင်းသလို သေသွားပြီဖြစ်တဲ့ ခင်ဗျားမိန်းမ ကြည်မေဦး အတွက်လည်း မကောင်းဘူး ...၊

အားလုံးဟာ ပုံမှန်လမ်းကြောင်းသွားတာပဲ ကောင်းတယ်၊ အခုကိစ္စ ဟာ သိပ်ဆန်းလွန်းတယ်မလား၊ လူဟာ သေပြီးရင် သူ့ဝိညာဉ်က ဘဝ ကောင်းကို မေ့ရမယ်၊ မမေ့ဘဲတွယ်ကပ်နေရင် မကောင်းဆိုးဝါးပဲ"

"ဗျာ"

www.burmeseclassic.com



"သဘောပြောတာပါ။ ခင်ဗျားကိုယ်တိုင်လည်း ကောင်းမှုကုသိုလ်လုပ်၊ အားလုံးရဲ့ဦးတည်ရာဟာ ခင်ဗျားပဲ မဟုတ်လား"

ကိုကောင်းဆက် တွေတွေကြီး ငိုင်ကာနေပြီး . . . သူ့ရင်ထဲက ဆုံးဖြတ်ချက်တစ်ခုကို တိတ်ဆိတ်စွာ ချလိုက်သည်။ ထို့နောက် . . . ကိုစောလွင်ကိုနှုတ်ဆက်ကာ ဆိုင်သို့ ပြန်လာခဲ့တော့သည်။

❁

ဆိုင်ရောက်ပြီး သိပ်မကြာခင် နန်းနွယ်ဆိုင်ထဲသို့ ဝင်လာသည်။ သူ့ကိုလိုက်ရှာပြီး တွေ့သောအခါ . . .

"မောင် . . . ကြည်မေ . . . ရွှေရောင်တော်ဘုရား သွားချင်လို့ လိုက်ပို့ပေးပါလား"

"ဘယ်တော့သွားမှာလဲ"

"မောင် . . . ဘယ်သွားစရာရှိသေးလို့လဲ မရှိရင် အခုလိုက်ပို့မလား"

"သွားစရာတော့ မရှိဘူး . . . လိုက်ပို့မယ်လေ"

"ဒါကြောင့် . . . မောင့်ကိုချစ်နေရတာ၊ မောင်က ကိုယ့်မိန်းမကိုလည်း သိပ်ချစ်တယ်မဟုတ်လား"

သူ ပြုံးရုံလေး ပြုံးပြလိုက်သည်။ ရွှေရောင်တော်ဘုရားမှာ မြို့ပြင်ဖိုးဝင်းတောင်မှာရှိပြီး သူတို့မြို့လေး၏ အထင်ကရနေရာတစ်ခုလည်း ဖြစ်၏။

ဘုရားရောက်ဖို့ကို မြေပြန့်နေ တောင်တက်လမ်းအတိုင်း နာရီဝက်ခန့် ဆိုင်ကယ်မောင်းတက်ရသည်။ အကွေ့အကောက်လည်း များလှသဖြင့် ကားဖြင့် သွားလို့မရပေ။ ကိုကောင်းဆက် သူ တစ်ခါတစ်ရံစီးသည့် ရှုပါကာ ဆိုင်ကယ်ဖြင့် ကြည်မေဦးကိုတင်ကာ မြို့ပြင်သို့ မောင်းထွက်လာခဲ့သည်။

မြို့ထဲတွင် ဆိုင်ကယ်ကို ပုံမှန်သာ မောင်းလာခဲ့ပြီးနောက် မြို့ပြင်





ရောက်သောအခါ ပုံမှန်ထက်ကျော်လွန်ကာ ခပ်ပြင်းပြင်းမောင်းလာခဲ့သည်။

ဖိုးဝင်းတောင်ခြေသို့ရောက်သောအခါ . . .

"ကြည်မေ . . . ခါးကို သေချာဖက်ထား၊ ရှေ့လမ်းတွေက အတက်တွေချည်းပဲ"

"ရတယ် မောင် . . . ကြည်မေ မောင့်နောက်က စီးနေကျပဲ"

"ဟင်"

ကိုကောင်းဆက် ဆိုင်ကယ်နောက်ရှိ နန်းနွယ်ကို တစ်ချက်လှည့်ကြည့်လိုက်သည်။ နန်းနွယ်က သူ့ကို တစ်ချက်ပြုံးပြလိုက်ပြီး ခါးကို တင်းတင်းဖက်လိုက်သည်။

ဆိုင်ကယ်ကို တောင်တက်လမ်းအတိုင်း တရိပ်ရိပ်နှင့် တက်လာသည်။ ကိုကောင်းဆက်၏ဆိုင်ကယ်စီး ကျွမ်းကျင်မှုကြောင့် ဆိုင်ကယ်မှာ အန္တရာယ်ဖြစ်လောက်သည့် အနေအထားတွင်မရှိဘဲ ဘုရားကုန်းအနီးသို့ ရောက်လာသည်။

ထိုနေရာလေးတွင် ကိုကောင်းဆက်က ဆိုင်ကယ်ကို ရပ်လိုက်ပြီး

"ခဏဆင်းရအောင် ကြည်မေ . . . ဒီနေရာလေးက ကြည့်ရင် ကိုတို့ ကျိုက်ဝန်းမြို့လေးရဲ့အလှကို အပေါ်စီးကနေ မြင်ရတယ်"

"ဟုတ်တယ် . . . မောင်"

ဆိုင်ကယ်ပေါ်က ဆင်းပြီး ကျောက်ကမ်းပါးထိပ်ဆီသို့ လျှောက်လာပြီးတော့ အောက်လွင်ပြင်ဆီမှ ကျိုက်ဝန်းမြို့လေး၏အလှကို ကြည့်လိုက်သည်။

"မောင် . . . ကြည်မေတို့မြို့လေးလှတာ သံလွင်မြစ်ကြီးကြောင့်လည်း ပါတယ်"

"ဘာဖြစ်လို့လဲ"

"မောင်ကြည့်လေ . . . ကွေ့ဝိုက်ပြီးစီးနေတာ၊ ကြည်မေတို့



www.burmeseclassic.com

www.burmeseclassic.com



မြို့လေးရဲ့ အစွန်းဘက်တွေကို အကွပ်ကွက်ထားသလိုမျိုးပဲ''

''ဟုတ်တယ်ဗျာ . . . ခဏလေး မောင် ဆိုင်ကယ် အင်ဂျင်ပိုင် သွားကြည့်ဦးမယ်''

ကိုကောင်းဆက် ဆိုင်ကယ်ဆီသို့သွားကာ ဆိုင်ကယ်ကို ဟိုကြည့် ဒီကြည့် လုပ်နေသည်။ နန်းနွယ်ကတော့ . . . ကမ်းပါးမှာရပ်ပြီး တောင် အောက်မြေပြန့်က ရှုခင်းတွေ စိတ်လွတ် ကိုယ်လွတ် ကြည့်နေသည်။

ကိုကောင်းဆက် နန်းနွယ်ကျောပြင်ကိုကြည့်ပြီး . . .

''အခုနေ . . . ငါ သူ့ကို တောင်အောက်တွန်းချလိုက်ရင် ကိစ္စပြီးပြီ ကြည်မေ့လိပ်ပြာ သူ့ကိုဆက်ကပ်နေရင် ကြာလာတာနဲ့ ငါ ပြဿနာတက် မယ်၊ ဆိုင်ကယ်ပါ တောင်အောက်ချလိုက်ရင် သူ့ဘာသာ ပြုတ်ကျတယ် ဆိုပြီး ငါ ဖြေရှင်းလို့ရတယ်''

စသည်ဖြင့် . . . တွေးကာ ဆိုင်ကယ်ထားရာနေရာမှ တစ်လှမ်းချင်း နန်းနွယ်နားသို့ အသံမကြားအောင် တိုးကပ်သွားသည်။ တဖြည်းဖြည်း အနီးသို့ရောက်လာပြီး တွန်းချရန် လက်ကိုရွယ်လိုက်ရာ . . .

''ကိုကောင်းဆက်''

''ဟင် . . . ကိုသော်တာ''

ဘုရားကုန်းမှ ဆင်းလာသော ကိုသော်တာ၏လှမ်းခေါ်သံကြောင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

''ဘုရားလာဖူးကြတာလား''

''ဟုတ်တယ် . . . ကိုသော်တာ၊ ကိုသော်တာလည်း ဘုရား လာဖူး တာလား''

တော်သေးသည်။ သူ နန်းနွယ်ကို လုပ်ကြံမှာကို ကိုသော်တာ ရိပ်မိပုံမရ။

''ဟုတ်တယ် ကိုကောင်းဆက်ရေ . . . ဒီမြို့ကို ရောက်တုန်းရောက်





ခိုက် ရွှေရောင်တော်ဘုရား ဖူးဖူးတယ်ရှိအောင်ပါ''

''လမ်းလျှောက်တက်လာတာလား''

''ဘုရားဝင်းထဲမှာ ဆိုင်ကယ်ပါတယ်၊ ပြန်တော့မှာပါ၊ ဒီနေရာ လေးရဲ့ရှုခင်းက သိပ်လှလို့ ဆင်းကြည့်တာ၊ ညီမလေး ဒီရှုခင်းလေးကို သဘောကျရဲ့လား''

''ညဘက်မှ သဘောကျတာ၊ နေ့ပိုင်းက လှတော့လှပါတယ်၊ ဒါပေမဲ့ . . . ညလောက် လှမယ်မထင်ဘူး''

''အင်းလေ . . . ညီမလေး ညဘက်လှတယ်ဆိုတော့လည်း လှ တာပေါ့''

သူတို့မောင်နှမနှစ်ယောက် တောင်အောက်ကရှုခင်းကို ကြည့်ပြီး ပြောနေကြတာကို ကိုကောင်းဆက် ဒေါသမငြိမ်း၍ နားထောင်နေလိုက်သည်။ ကိုသော်တာက . . .

''ကိုကောင်းဆက် . . . ကျွန်တော် ပြန်ဦးမယ်၊ ညကျရင် ကိုကောင်း ဆက်တို့ဆိုင်မှာ မိတ်ဆုံစားပွဲလေးလုပ်ချင်လို့ အခန်းတစ်ခန်း ကြိုတင် မှာပါရစေ''

''ဘယ်က ဧည့်သည်တွေလဲ''

''မော်လမြိုင်က ကျွန်တော့်မိတ်ဆွေတွေပါ''

''စိတ်ချ . . . စပယ်ရှယ်သီးသန့်ခန်း ရရစေမယ်''

''ကျေးဇူးပါပဲ ကိုကောင်းဆက်''

ပြောကာ ဘုရားကုန်းပေါ် ပြန်တက်သွားပြီး ဆိုင်ကယ်ကို ပူကာ ဆောင်အောက်သို့ မောင်းသွားလေသည်။

သူတို့နှစ်ယောက်လည်း ဘုရားဖူးပြီးနောက် တောင်အောက်သို့ ပြန်ဆင်းလာခဲ့တော့သည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

### ထိုက်လို့လာတဲ့ ဆု

ကိုကောင်းဆက် ညနေပိုင်းတည်းက မန်နေဂျာနိုင်ဇော်ကို သီးသန့် စားသောက်ခန်းအတွက် အထူးပြင်ဆင်ထားရန် မှာထား၏။ သူကိုယ်တိုင် လည်း ဆိုင်ရှေ့ထွက်ကာ နန်းနွယ်တို့အလာကို စောင့်နေလိုက်သည်။

ထိုအချိန်တွင် . . .

"တူ . . . တူ . . . တူ"

သူ့ခါးကြားမှ ဖုန်းသံမြည်လာသဖြင့် . . .

"ဟဲလို . . . ကောင်းဆက်ပါ"

"ကိုကောင်းဆက် . . . ကျွန်တော်မျိုးဦးပါ"

"ပြော . . . ကိုမျိုးဦး"

"ကိုကောင်းဆက် ရောင်းခိုင်းထားတဲ့ ပတ္တမြားလက်စွပ် အရောင်း အဝယ်ဖြစ်သွားပြီ၊ ငွေချေချင်လို့ လာခဲ့ပါဦး"

"ကိုမျိုးဦးပဲ ကြည့်လုပ်လိုက်ဗျာ၊ ကျွန်တော် ဧည့်သည်တွေကို စောင့်စရာရှိလို့"

"ငွေက ရတယ် . . . အရောင်းအဝယ် လက်မှတ်ထိုးစေချင်တာ





. . . ခဏပါ"

"ဟုတ်ကဲ့ . . . ဘယ်ကိုလာရမှာလဲ"

"ကျွန်တော့်အိမ်ကို"

"အခု လာလိုက်မယ် . . . ဒါပဲနော်"

ဖုန်းပိတ်လိုက်ပြီး ကားဖြင့် ကိုမျိုးဦးအိမ်သို့ ထွက်လာခဲ့သည်။ ကိုမျိုးဦးအိမ်ရောက်တော့ တခြားဧည့်သည်များကို မတွေ့ရဘဲ ကိုမျိုးဦး တစ်ယောက်တည်း စာချုပ်ကိုင်ကာ သူ့ကိုစောင့်နေသည်။

"လူတွေအားလုံး အရေးကြီးနေကြတယ်၊ ဝယ်လက်ကလည်း ခင်ဗျားကို မစောင့်နိုင်လို့ စာချုပ်လက်မှတ်ထိုးပြီး ပြန်သွားပြီ"

"လက်စွပ်ကိုရော"

"လက်စွပ်ကိုလည်း ယူသွားတယ်၊ ငွေအတွက်တော့ . . . ဒီမှာ"

ငွေလွှဲလက်မှတ်တစ်စောင်ကို ကိုမျိုးဦးက ထုတ်ပေးလိုက်သည်။ သူလှမ်းယူလိုက်ပြီး လက်မှတ်ပေါ်တွင် ရေးထားသည့် ငွေပမာဏကို စစ် လိုက်သည်။

"အားလုံး . . . အိုကေပါပဲ ကိုမျိုးဦး၊ ဝယ်လက်က ကျွန်တော့်ကို မစောင့်နိုင်အောင် ပြန်သွားတာ ဘာတွေအရေးကြီးနေလို့လဲ"

"ခင်ဗျားလက်စွပ်ကိုဝယ်တာ တခြားလူမဟုတ်ဘူး . . . ကိုသော်တာပဲ"

"ဗျာ"

"သူလည်း ဧည့်သည်နဲ့ ချိန်းထားလို့ဆိုပြီး ထွက်သွားတာ"

"ဟာ . . . ဒီလိုဆို ကျွန်တော် သွားတော့မယ်"

ကိုကောင်းဆက် ကမန်းကတန်း ကားပေါ်တက်ကာ ဆိုင်သို့ ပြန် မောင်းလာသည်။ အချိန်က မိုးချုပ်စပင်ဖြစ်နေပြီ၊ ကိုသော်တာတို့ ရောက် နေပြီး သူ မရှိရင် အားနာစရာကောင်းနေမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲရောက်တော့ . . .

''ခိုင်ဇော် . . . အထူးခန်းက ဧည့်သည်တွေ ရောက်နေကြပြီလား''

''ရောက်နေပြီ ဆရာ . . . ဆရာ့ကိုတောင် မေးနေတယ်''

''အေး . . . အေး . . . ငါသွားတွေ့လိုက်ပါ့မယ်''

ကိုကောင်းဆက် . . . အထူးခန်းသို့သွားကာ တံခါးဖွင့်ပြီး အထဲသို့ ကြည့်လိုက်ရာ အထူးခန်းစားသောက်စားပွဲတွင် ထိုင်နေသောလူများကို တွေ့ပြီး အံ့သြသွားသည်။

''ကိုသော်တာ၊ ကြည်မေ၊ သုဘရာဇာမကြီး၊ ခေါင်းရောင်းတဲ့ ဦးမဲကြီး၊ မော်လမြိုင်ခြံက အဘိုးကြီး''

တစ်ယောက်ချင်းကိုလိုက်ကြည့်ရင်း ရေရွတ်လိုက်၏။ ကိုသော်တာ က ပြုံးရိပ်စွာဖြင့် . . .

''ကိုကောင်းဆက် ထိုင်ဗျာ၊ ကျွန်တော့်မိတ်ဆွေတွေနဲ့ မိတ်ဆက် ပေးမယ်''

''နေ . . . နေ . . . သူတို့ကို ကျွန်တော်သိတယ်''

''ထိုင်ပါဗျာ . . . အေးအေးဆေးဆေး ထိုင်စကားပြောကြတာပေါ့''

ကိုကောင်းဆက် မတတ်သာ၍ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက် သည်။ ထူးခြားသည်က သူ့မိန်းမကြည်မေဟု ပြောနေသော နန်းနွယ်မှာ ဘာစကားမှမပြောဘဲ ကိုသော်တာဘေးတွင် တိတ်ဆိတ်စွာ ထိုင်နေသည်။

''ကိုကောင်းဆက် . . . ခေါင်းရောင်းတဲ့ ဒီက ဦးမဲကြီးကို သိမှာပေါ့''

''မ . . . မသိဘူး''

''မညာပါနဲ့ ကိုကောင်းဆက်၊ ကြည်မေ့ကိုသင်္ဂြိုဟ်ဖို့ မနက်လေး နာရီလောက် ခေါင်းသွားဝယ်ခဲ့တာလေ''

''ခင်ဗျား ဘာတွေပြောနေတာလဲ . . . မဟုတ်ဘူး''

မျက်လုံးကြီး ပြူးကြောင်စွာနဲ့ ကိုသော်တာကို လှမ်းအော်လိုက်





သော်လည်း ကိုသော်တာက အပြုံးမပျက်ပေ။

''ခင်ဗျား သင်္ဂြိုဟ်တာ ကြည်မေဦးမဟုတ်ဘူးဆိုတာ ဒီသုဘ ရာဇာမကြီးက ပြောတယ်''

''ဟင်''

''ခင်ဗျား ကြည်မေဦးကို ချောက်ထဲတွန်းချပြီး နှလုံးသွေးရပ်ထိုး သေတဲ့ပုံနဲ့ ခေါင်းသွားဝယ်တယ်၊ ခင်ဗျားအိမ်က ခွေးနှစ်ကောင် သတ်ထည့် ထားခဲ့တယ်မလား''

''ဗျာ''

''ကိုကောင်းဆက် . . . ဂျင်ပိုင်းမှာ အကြီးအကျယ်ရှုံးပြီး ငွေလေဆို လိုနေတာနဲ့ ကြည်မေဦးရဲ့ မျိုးရိုးစဉ်ဆက် ဝတ်လာတဲ့ပတ္တမြားလက်စွပ်ကို တောင်းခဲ့တယ်၊ ဟိုက မပေးဘူး၊ တစ်ယောက်နဲ့တစ်ယောက် စကားများရာ ကနေ ခင်ဗျားက အချိုသပ်ပြီး ဘုရားကုန်းနားက ချောက်ကမ်းပါးကို ခေါ်သွားတယ်၊ ပြီးတော့ . . . ခေါ်ထောက်ပြီး လက်စွပ်ကို အတင်းချွတ်ယူ လိုက်လည်း ချောက်ထဲ တွန်းချလိုက်တယ်မဟုတ်လား''

''မဟုတ်ဘူး၊ ခင်ဗျားမှာ . . . ဘာသက်သေရှိလဲ၊ စိတ်ကူးနဲ့ လျှောက်မပြောနဲ့၊ ကြည်မေ့ကို ကျွန်တော်ကိုယ်တိုင် သင်္ဂြိုဟ်ခဲ့တာ''

သွေးရူးသွေးတန်းနဲ့ ကိုကောင်းဆက် အော်လိုက်သည်။

''အကောင်းဆုံးသက်သေက . . . ခင်ဗျားနောက်မှာ''

''ဟင် . . . ဘာကြီးလဲ''

ဆံပင်ဖားလျားချပြီး မျက်နှာမှာ လွန်စွာကြောက်မက်ဖွယ်ကောင်း လှသော မိန်းမတစ်ယောက် အခန်းထဲ ဝင်လာသည်။

''ကြည်မေလေ . . . မောင်ရဲ့''

''မဟုတ်ဘူး . . . ကြည်မေသေပြီ၊ နင်ထွက်သွား''

ကြောက်လန့်တကြား ကိုကောင်းဆက် အော်ဟစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုသော်တာက ... ကိုကောင်းဆက်နားလျှောက်လာပြီး ပခုံးကိုကိုင်ကာ..

"အဲဒါ ... ကြည်မေအစစ်ပါ၊ ဟိုက နန်းနွယ်လို့ ကိုကောင်းဆက်သိတဲ့ ကြည်မေဦး၊ လိပ်ပြာပူးနေတယ်လို့ သရုပ်ဆောင်ခဲ့သူက ... ကြည်မေဦးညီမ ကြည်မေထူးပါ"

"ဟင်"

"ခင်ဗျား ချောက်ထဲတွန်းချတာ ကံကောင်းလို့မသေဘဲ ကျောက်စွန်းနဲ့ မျက်နှာရိုက်မိခဲ့ရာ ... ကြည်မေဦးဟာ အခုလိုပုံ ဖြစ်သွားတာ ...၊

ခင်ဗျား ထပ်သတ်မှာကိုကြောက်တာနဲ့ သခွပ်သုံးပင်သချိုင်းက သုဘရာဇာမကြီးကို အကူအညီတောင်းပြီး မော်လမြိုင်က သူ့မိဘတွေကို အကြောင်းကြားခဲ့တယ်၊ ခင်ဗျားမရှိခင် အိမ်ထဲကိုဝင်ပြီး သူတို့မျိုးရိုးလက်စွပ်ကို ညဘက်မှာ ဝင်ရှာခဲ့တယ် ...၊

ခင်ဗျားက ... ကိုမျိုးဦးကို ရောင်းခိုင်းခဲ့တယ်၊ ဟိုမှာကြည့်စမ်း ... ကြည်မေဦးလက်မှာ သူ့လက်စွပ်ပြန်ရသွားပြီ"

"နင် ... နင် ... သရဲမ ... တစ္ဆေမ"

'ဟား .. ဟား .. ဟား'

'ဟား .. ဟား .. ဟား'

ကြည်မေဦး၏ ချောက်ချားဖွယ် ရုပ်ရည်နှင့်အတူ အသံနက်ကြီးဖြင့် အားရပါးရ ရယ်မောလိုက်ရာ ကိုကောင်းဆက်တစ်ကိုယ်လုံး ... တုန်ယင်ပြီး ချွေးသီးများ တပေါက်ပေါက်ကျလာသည်။ သူကိုယ့်ကိုလည်း နံရံသို့ကပ်ကာ အခန်းဝနှင့် နီးသထက်နီးအောင် သွားရင်း ...

"နင် ... ငါ့နားမကပ်နဲ့ ... ငါ့နားမကပ်နဲ့နော်"

"ကြည်မေလေ ... မောင့်မိန်းမလေ"

"မဟုတ်ဘူး ... မဟုတ်ဘူး"

အခန်းအပြင်သို့ ရုတ်တရက် ပြေးထွက်သွားသည်။ သူ့နောက်မှ





ဆံပင်ဖားလျားနှင့် ကြောက်မက်ဖွယ်ရာ မျက်နှာပိုင်ရှင် ... ကြည်မေဦးက ပြေးလိုက်လေသည်။

ဆိုင်ထဲ စားသောက်နေသူစာချို့ပင် လန့်ဖျပ်ကာ ကြောင်ကြည့်နေသည်။

"ဆရာ ... ဘာဖြစ်တာလဲ"

ခိုင်ဇော်က အပြေးရောက်လာပြီး လှမ်းမေးသော်လည်း ကိုကောင်းဆက်က ...

"မင်းလည်း ... ငါ့နောက် လိုက်မလာနဲ့"

"အစ်ကို"

ဖိုးအေးက ပြေးဝင်ကာ ကိုကောင်းဆက်ကို ဖက်ထားမည်ပြုသော်လည်း သွေးပျက်ထိတ်လန့်စွာဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"ငါ့ဆီ ဘယ်သူမှမလာပါနဲ့ ... သရဲလိုက်လာလို့ပါ"

"မောင်"

"သရဲမ ... ငါ့နားမကပ်နဲ့ ... အား"

ဆိုင်ပြင်ကားလမ်းမတစ်လျှောက် ဟစ်အော်ကာ ပြေးထွက်သွားသည်၊ ဆံပင်များ ဖရိုဖရဲ သွေးရူးသွေးတန်းဖြစ်နေသော ကိုကောင်းဆက်ကို နောက်ကလိုက်နေသူများ တစ်ယောက်မှ မမီတော့ဘဲ မှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေသည်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ရွှေရောင်တော်ဘုရားကုန်းမှ ကိုသော်တာနှင့် ကြည်မေထူး လက်ချင်းချိတ်ကာ ဆင်းလာကြသည်။ ကျိုက်ဝန်းမြို့လေးကို လှမ်းမြင်နေရသော ကျောက်ကမ်းပါးနား၌ ရပ်လိုက်ကြပြီး ...

''အစ်ကို ... ဒီမြို့လေးက အရမ်းလှပသာယာသလောက် ကြောက်စရာအဖြစ်တွေက မယုံနိုင်စရာပဲနော်''

''ဒါတွေအားလုံး ပြီးသွားပြီပဲ ထူးရယ် ... ထူးအစ်မ ကြည်မေ့ကို မနက်ဖြန် ရန်ကုန်ခေါ်သွားပြီး ... သူ့မျက်နှာကို လိုအပ်သလို ပြုပြင်ရမယ် မဟုတ်လား''

''မမ ရန်ကုန်ကို မလိုက်ချင်ဘူး''

''ဘာဖြစ်လို့လဲ''

''ရူးနေတဲ့ ကိုကောင်းဆက်ကို စိတ်မချဘူးလေ''

''သူ့ကိုသတ်ခဲ့တဲ့သူကိုတောင် စိတ်မနာဘူးနော်၊ ထူးအစ်မရဲ့ အချစ်က အံ့သြဖို့ကောင်းတယ်''

''သူညီမရဲ့အချစ်က ပိုတောင် အံ့သြဖို့ကောင်းတာ၊ ရဲအရာရှိကြီး





မသိလို့ပါ''

''ဟုတ်ပါ့ဗျား''

ကိုသော်တာ ... ကြည်မေထူးပန်းလေးကို ဆွဲဖက်လိုက်ရာ ထော်ဝန်းကျင်တစ်ခုလုံး သာယာလှပသွားသည်။ သို့ပေမယ့် ထိုမြင်ကွင်းကို လွှန်စွာထိတ်လန့်ပြီး ကြည့်နေသူတစ်ဦးတော့ ရှိသည်။

တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေသော အဝတ်အစားများအပြင် ပါးစပ်မှလည်း သွားရည်တို့ကျကာ ဝါးရုံပင်တွေကြားကနေ ပုန်း၍ သူတို့ကို ကြည့်နေသည်။

သူတို့နှစ်ယောက် တောင်အောက်ဆင်းသွားတာကို မြင်မှ ကြောင်တောင်တောင်မျက်လုံးနဲ့ ပုဆိုးလေးခြုံကာ ... ကျောက်ကမ်းပါးထိပ်မှာ ကုပ်ကုပ်လေးထိုင်ပြီး ကျိုက်ဝန်းမြို့လေးကို ကြည့်နေသည်။

သူကြည့်တာက ... ကျိုက်ဝန်းမြို့ လှလို့ကြည့်တာ မဟုတ်ဘဲ ... အဲဒီမြို့ထဲက သရဲထွက်လာမှာကို ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ကြည့်နေခြင်းဖြစ်လေတော့သည်။

ပြီးပါပြီ။

ကန်လေးရိုးကဖွားလောက်ကြီး

၁၇၊ ၇၊ ၂၀၀၉

www.burmeseclassic.com